

ဖန်ပုလင်းထဲက
လင်းခါး
၆၀၆၀ စတိုး

mgyoe.com SAMPLE BOOK



ဖန်ပုလင်းထဲက

# အသဲကွဲ ပုစဉ်းပျံ

လင်းခါး

ဖန်ပုလင်းထဲက အသဲကွဲပုစဉ်းပျံ
9 782025 001323

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၃၂)

ပုံနှိပ်မှတ်တမ်း



# ဖန်ပုလင်းထဲက အသဲကွဲ ပုစဉ်းပျံ

လင်းခါး

ထုတ်ဝေသည့်အကြိမ် ♦ တတိယအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ

မျက်နှာဖုံးဒီဇိုင်း ♦ **Jackie Lynn**

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀

စာအုပ်တန်ဖိုး ♦ ၁၁၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(ဝ၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း၊
သံဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ဝုဇ္ဇန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

လင်းခါး
ဖန်ပုလင်းထဲက အသဲကွဲ ပုစဉ်းပျံ / လင်းခါး။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၂၄၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၃၂) ဖန်ပုလင်းထဲက အသဲကွဲ ပုစဉ်းပျံ

mgyoe.com

mgyoe.com SAMPLE BOOK

## သူ့ရဲ့ကောင်းခေတ်မှ ဖန်ပုလင်းထဲက အသည်းကွဲပုစဉ်းပျံသို့
## စာရေးသူအမှာစာ

ဒီဝတ္ထုဟာ ၁၉၉၆ ကနေ ၂၀၀၀ ပြည့်နှစ်အတွင်း ဆယ့်ခြောက်နှစ်အောက် မပြည့်သေးတဲ့ ဆယ်ကျော်သက် ချာတိတ်ကလေးတစ်ယောက်ရဲ့အကြောင်းပါ။ ဒါပေမယ့် အသက်ဆယ့်ရှစ်နှစ်အောက်တွေဖတ်ဖို့ အဆင်မပြေပါဘူး။ ညစ်ညစ်ပတ်ပတ် ဆဲတာတွေ၊ လိင်ပိုင်းဆိုင်ရာ အရေးအသားတွေ ပါနေလို့ပါ။ ကျွန်တော်ကလည်း ကျွန်တော်တို့ဆီမှာ လူတွေ တကယ်မပြောကြတဲ့စာသားတွေနဲ့ ဇာတ်လမ်းတစ်ခုကို မတည်ဆောက်ချင်ပါ။ ဒီလို ဖြစ်တာနဲ့အမျှ ဆယ်ကျော်သက် ကောင်လေးတစ်ယောက်အကြောင်းကို ဆယ်ကျော်သက်အရွယ်တွေ ဖတ်လို့ရအောင် ရေးချင်ပေမယ့် ကျွန်တော့်အတွက် ခဲယဉ်းလှပါတယ်။ အဲဒီလိုဖြစ်ရတာက ဒီထဲက ဇာတ်ကောင် ဆယ်ကျော်သက်ကောင်လေးရဲ့ အတွေ့အကြုံ သက်သက်ပဲလား။ ဒါမှမဟုတ် အခြားအကြောင်းအရင်း တစ်ခုခုကြောင့်လား စဉ်းစားစရာဆိုပေမယ့် ဒါက ကျွန်တော့်ကိစ္စတော့လည်း မဟုတ်ပါဘူး။

"ဖန်ပုလင်းထဲက အသည်းကွဲပုစဉ်းပျံ" လို့ နာမည်ပေးထားတဲ့ ဒီဝတ္ထုကို စရေးတုန်းက ပေးခဲ့တဲ့နာမည်က "သူ့ရဲ့ကောင်းခေတ်" ပါ။ ဒါပေမယ့် နိုင်ငံရေးအမြင်တွေနဲ့ ရောထွေးသွားစရာ ခေတ်ကြီးတစ်ခုလုံးရှိခဲ့လို့ ပြောင်းလဲပစ်လိုက်ပါတယ်။ မိန်းကလေးတွေ အကြောင်းကတော့ ကျွန်တော်ကိုယ်တိုင်လည်း မိန်းကလေး မဖြစ်ဖူးလို့ မပြောတတ်ပေမယ့် ယောက်ျားလေး အတော်များများကတော့ ယေဘုယျ

mgyoe.com

m g y o e . c o m 	SAMPLE BOOK

မှာ အားကျလေးစားတဲ့ ဦးလေး သို့မဟုတ် ဦးလေးအရွယ် တစ်ယောက်ယောက်၊ ဒါမှမဟုတ်လည်း ဆွေမျိုးနီးစပ်တော်ခြင်းတောင် မရှိတဲ့ သူ့ရဲကောင်း အစ်ကိုကြီး တစ်ယောက်ယောက် ရှိတတ်ကြပါတယ်။ အဲဒီလိုရှိခဲ့ခြင်း တကယ့်အဖြစ်အပျက် အရှိတရားတွေနဲ့ ဒါက ဆက်စပ်နေပါတယ်။

ကျွန်တော့်ဝတ္ထုတွေ ထွက်တိုင်း ကျွန်တော့်ကို လာလာမေးကြတဲ့ ဒါက တကယ့်အဖြစ်အပျက်ပဲလား စိတ်ကူးယဉ်လား စသဖြင့် မေးခွန်းတွေကို စိတ်ညစ် လွန်းလို့ ကြိုပြီးပြောရရင် ဒီဝတ္ထုဟာ ကျွန်တော့်ဘဝဇာတ်လမ်းပဲလားလို့ ဆိုရင် တော့ ငြင်းပါရစေ။ ကျွန်တော့်ရဲ့ ငယ်ဘဝဆိုတာ မရှိခဲ့ပဲလည်း ဒီဝတ္ထုဖြစ်လာစရာ အကြောင်းတော့ မရှိဘူးပေါ့။ လူတိုင်းမှာ ငယ်ဘဝဆိုတာရှိကြတာချည့်ပဲလေ။ သို့သော်လည်း အဖြစ်အပျက်အားလုံးဟာ ဇာတ်လမ်းတွေ ဖြစ်လာတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီဇာတ်လမ်းကိုရေးဖြစ်ဖို့ အဓိက အကြောင်းဖန်လာစေတဲ့ အရာဟာ တကယ့် ကျွန်တော့်ရဲ့ ငယ်ဘဝမဟုတ်ဘဲ အခြားအကြောင်းအရာတစ်ခု ဖြစ်နေပါတယ်။ စျာန်ဝင်စားမှု ဆိုပါတော့။ အနုပညာပစ္စည်းတစ်ခုကို ခံစားရင်း အခြားသော မတူညီတဲ့ အနုပညာပစ္စည်းတစ်ခု ဖန်တီးချင်စိတ်ပေါ့။ (ကြီးကျယ်သွား မလား မသိပေမယ့် အဲဒီအတိုင်းပါပဲ) ဒီဝတ္ထုရေးဖြစ်ဖို့ ကျွန်တော့်ကို အဓိက စျာန် ဝင်စားမှုပေးတဲ့ ဝတ္ထုတွေကတော့ တကယ့်ရှိပါတယ်။ လူသိအများဆုံးကတော့ ဆရာမြသန်းတင့် ဘာသာပြန်တဲ့ "လေလွင့်သူ" ပေါ့။ ဒါပေမယ့် ကျွန်တော့်ကို အဓိက လှုံ့ဆော်ပေးတဲ့ ဝတ္ထုတိုတစ်ပုဒ်ကတော့ ဆရာမောင်တင်မြရဲ့ "တရားခံ" ဆိုတဲ့ ဝတ္ထုတိုလေးပါ။ (ဆရာကြီးတွေရဲ့ ဒီလိုစာအုပ်၊ စာတစ်ပုဒ်တွေဟာ ရေးဖြစ် ရခြင်းရဲ့ အကြောင်းခံဆိုပေမဲ့ အဲဒီစာအုပ်တွေကို ကောင်းမယ်လို့တော့ အာမ မခံနိုင်ပါဘူး။)

အဲဒီဝတ္ထုတိုလေးကြောင့်ပဲ "ငယ်ငယ်တုန်းက အစ်ကိုကြီးတွေ" ဆိုတဲ့ အက်ဆေးတစ်ပုဒ် ရေးခဲ့ဖူးပါတယ်။ (သိပ်မကြာခင်မှာ ဒုတိယအကြိမ် ပြန်ထွက် မယ့် "ရွှေပေါင်းမျောက်မ နှင့် အခြားအက်ဆေးများ" စာအုပ်မှာ ထည့်သွင်း ခဲ့ပါတယ်။ ခုတော့ အဲဒီအက်ဆေးကလေးနဲ့တင် မလုံလောက်လို့ ဒီဝတ္ထုကို ဆက် ရေးဖြစ်တယ်ဆိုပေမယ့် ဝတ္ထုရှည်တစ်ပုဒ်ရဲ့ အင်္ဂါရပ်နဲ့အညီ ဒီဝတ္ထုဟာ ကျွန်တော် ခံစားရတဲ့ အဲဒီအစိတ်အပိုင်းလေးထက် ကျော်လွန်ပါတယ်။ ကလေးဘဝ၊ ကလေး ဘဝ ဆယ်ကျော်သက်ဘဝရဲ့ လိင်ပိုင်းဆိုင်ရာခံစားမှု၊ အတတ်ဆန်းချင်မှု၊ အတွေ့ အကြုံ၊ နောက်ပြီး အခြားသောကိစ္စတွေ။ ကျွန်တော်ရေးမှာ ပြောခဲ့တဲ့ ခုနှစ်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

အတွင်းက ဆယ်ကျော်သက်လေးတစ်ယောက်ရဲ့ လူမှုဘဝဇာတ်လမ်းဖြစ်လာပါတယ်။

အဲဒီအကြောင်းတွေကို ဘယ်လိုပုံသဏ္ဍာန် ဘယ်လိုအရေးအသားနဲ့ ရေးသားရမယ်လို့ အကြိမ်ကြိမ်ပြင်ဆင် အကြိမ်ကြိမ်ရေးသားပြီးတဲ့နောက် အရွယ်ရောက်ပြီးသားသူ တစ်ယောက်ရဲ့ ပြန်ပြောင်းအရေးအသားကနေ ဆယ်ကျော်သက်ချာတိတ်ကလေးတစ်ယောက် ပြန်ပြောပြနေတဲ့ အရေးအသားဖြစ်အောင် အတော်ကလေး ပြန်လည်ပြင်ဆင်လိုက်ရပါတယ်။ သို့သော်လည်း အဲဒီအပိုင်းမှာ ကျွန်တော်အောင်မြင်မယ်လို့ မထင်မိပါဘူး။ တစ်အုပ်လုံးရေးပြီးသွားတော့ ကျွန်တော့်ဘာသာကျွန်တော် ပြန်ဖတ်ကြည့်မိတဲ့အခါ ကျွန်တော့်ရဲ့ ဒီဝတ္ထုဟာ ပျင်းစရာတောင်ကောင်းနေတယ်လို့ ထင်မိပါတယ်။ ရှေ့နှစ်အုပ်ဖတ်ပြီး သဘောကျလို့ ဝယ်မိခါမှ ဒီစာအုပ်ကြီးကတော့ ပျင်းစရာကြီးဖြစ်နေတယ် ဆိုရင်တော့ ကျွန်တော့်ရဲ့ လိုအပ်ချက်ပါပဲ။ နောက်ပြီး အဲဒီလို ဇာတ်လမ်းနဲ့ ကိုက်ညီအောင် ပြင်ဆင်နေတဲ့ကြားကပဲ ကျွန်တော်ရဲ့ ကဗျာဆရာဉာဉ်က တချို့အရေးအသား နိမိတ်ပုံတွေမှာ တင်စားဖော်ပြဖို့ အားထုတ်နေမိတာတွေ တကယ်ပဲ ရှိခဲ့ပါတယ်။ အဲဒါတွေကလွဲရင် ဒီစာအုပ်ဟာ ဆယ်ကျော်သက်ကောင်လေးတစ်ယောက်က ပြန်ပြောပြတဲ့ သူ့ဘဝအကြောင်းအရာ ထချို့ပါပဲ။

ကျွန်တော်က ကျွန်တော့်ရဲ့စာအုပ်တွေမှာ ကိုယ်တိုင် အမှာစာရယ်လို့ ကောင်းကောင်း မရေးဖူးတော့ ဒီစာက အမှာစာရယ်လို့တောင် မည်ရဲ့လား မပြောတတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း ဝတ္ထုတွေဖတ်တဲ့အခါ မကြိုက်တတ်တဲ့ ဝတ္ထုဇာတ်လမ်းအကြောင်းကို ပြောပြနေတာမျိုး မဖြစ်အောင်တော့ ကြိုးစားထားပါတယ်။ (သို့သော် နည်းနည်းတော့ ပြောမိတာပဲ) ဒီဝတ္ထုကို ဖတ်ကြည့်တဲ့အခါ ခင်ဗျားတို့ရဲ့ ငယ်ဘဝကို၊ ဒါမှမဟုတ် ငယ်ဘဝရဲ့ သူရဲကောင်း အစ်ကိုကြီးတစ်ယောက်ယောက်ကို သတိရသွားစေမိတယ်ဆိုရင် ကျွန်တော် စာမျက်နှာတွေအများကြီး ကျုံးရုန်းရေးရကျိုး နပ်တာပေါ့။ ဒါအပြင် အထူးခံစားချက်ကတော့ ငယ်ဘဝရဲ့ အချစ်ဇာတ်လမ်းကလေးတစ်ခုပါပဲ။

အဲဒီခေတ်ကာလဟာ ချာတိတ်ကလေးတွေအတွက် လိင်ပိုင်းဆိုင်ရာကိစ္စတွေကို အထူးတားမြစ် ပိတ်ပင်လွန်းတော့ နည်းလမ်းတွေနဲ့ ပွင့်ထွက်ပြီး ဒုက္ခများကုန်ကြတဲ့ ကိစ္စတွေ အများကြီး ရှိခဲ့ပါတယ်။ ခုလည်း ရှိနေတုန်းပါပဲ။ ကလေးငယ်တွေအတွက် sex education ဟာ အရေးကြီးတယ်လို့ ကျွန်ရတော်တော့

mgyoe.com

mgyoe.com SAMPLE BOOK
ယုံကြည်ပါတယ်။ အစစအရာရာ မပွင့်လင်းတဲ့ ခေတ်ကြီးမှာ ကျွန်တော်တို့ဟာ ရှိနေပါလျက်နဲ့ ထိုးသိပ်ထားသယောင်ပြုထားရတဲ့ ကိစ္စတွေထဲ ဆယ်ကျော်သက် လိင်ကိစ္စတွေဟာ ထိပ်ဆုံးကနေ ပါဝင်ပါတယ်။ အထောင်းခံထားရတဲ့ ငှက်ပျောသီး တစ်လုံးလို ပြဲရွဲကြေမွလို့တောင်နေပါတယ်။ အဲဒီ ဒဏ်ရာဒဏ်ချက်တွေကပဲ ဒီနေ့ ခေတ်ရဲ့ တချို့သော အစိတ်အပိုင်းတွေကို ပြဌာန်းထားခဲ့ပါတယ်။ ကြေကွဲစရာလို့ ကျွန်တော်တော့ ထင်ပါတယ်။ ဟုတ်ချင်မှ ဟုတ်မှာပေါ့။

စာအုပ်နဲ့ ပတ်သက်တဲ့အကြောင်းကတော့ ဒီတင်ပြီးပါပြီ။ ဝတ္ထုကို ဆက်ဖတ်ကြည့်ကြဖို့ပဲ လိုပါတော့တယ်။ သို့သော် ဒီစာအုပ်နဲ့ ပတ်သက်လို့ (တကယ် တော့ ကျွန်တော် ရေးသမျှ စာတွေအားလုံးရဲ့ ပတ်သက်လို့ပါပဲ) နည်းနည်းထပ် ပြောရရင် ကိုယ်ရေးထားတဲ့ စာကို ကိုယ့်ဟာကိုယ်တောင် အကြိမ်ကြိမ် ပြန်မဖတ် ချင်လောက်အောင် ဖြစ်ခဲ့ပေမယ့် ကျွန်တော်က ဖတ်ပေးစမ်းပါဦးကွာပြောတိုင်း မညည်းမညူ ဖတ်ပေး အကြံပေးလေ့ရှိတဲ့ ကျွန်တော့်ရဲ့ဇနီး အချစ်ကလေးမြကို (အိမ်မှာ နေတိုင်းတွေ့နေရတာကို ကျေးဇူးပဲ မိန်းမရေ ပြောလည်း ရနေပေမယ့်) အထူးကျေးဇူးတင်တဲ့အကြောင်း ပြောလိုပါတယ်။ ကျွန်တော့်စာတွေတိုင်း ကဗျာက လွဲရင် (အဲဒါကျ ကောင်းပါတယ် လွဲရင် သူလဲ မပြောတတ်ဘူးလေ) အမြဲဖတ် ပေးလေ့ရှိပေမယ့် ဒီစာအုပ်မှာတော့ သူ့အကြံဉာဏ်တွေ အများကြီးပါဝင်ပါတယ်။ တချို့အခန်းထဲက ဇာတ်ကွက်တချို့ဆိုရင် သူ့အကြံတွေကြောင့် ဖြစ်လာခဲ့တာပါ။ အဲဒါလေး တကူးတက ပုံနှိပ်စာလုံးနဲ့ ကျေးဇူးတင်ချင်လို့ အမှာစာမှာ ဒီနောက်ဆုံး အပိုဒ် ပိုထည့်သွင်းလိုက်ပါတယ်။ ဒါ့အပြင် အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

လင်းခါး

၁၀၊ ဒီဇင်ဘာလ ၂၀၂၀။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

Where're you going to brother.

မေးခွန်းလေး ကြားရဲ့လား။

ဆိုင်အရှေ့ရောက်လို့ ပုတုကို လှည့်ကြည့်လိုက်တော့ ဒီကောင်က ကျွန်တော့်နောက်မှာ ခြေလှမ်းသုံးလေးလှမ်းလောက် နောက်ကျန်နေခဲ့ပြီး ဆိုင်ထဲကို မရွံ့မရဲပုံစံနဲ့ လှမ်းကြည့်နေတယ်။ အတန်းပိုင်ဆရာမက "ဟိုကောင် အတန်းရှေ့ကို ထွက်ခဲ့စမ်း" လို့ ပြောလိုက်တိုင်းမှာ ဒီကောင်ဖြစ်သွားနေကျပုံမျိုးပေါ့။

မှောင်မှောင်မည်းမည်း မှိုင်းမှိုင်းညို့ညို့ဖြစ်နေတဲ့ ဆိုင်ထဲ ကျွန်တော်တို့ ကြည့်တဲ့ဘက်ကနေမြင်ရတဲ့ နံရံပေါ်မှာတော့ ပြက္ခဒိန်တွေ အများကြီးပဲ။ ပြက္ခဒိန်တွေကတော့ အဟောင်းအနွမ်း၊ အရင်နှစ်တွေကဟာတွေရော ထင်တာပဲ သုံးလေးခု၊ ပင့်ကူအိမ်တွေတောင် တက်နေတယ်။ ခပ်စောင်းစောင်းလေးရပ်ပြီး ဆံပင်အရှည်ကြီး ကို ဘေးဘက်မှာ ဖားလျားချထားတဲ့ ထက်ထက်မိုးဦးပုံ တစ်ပုံလည်းရှိတယ်။ အဲဒီ နံရံရဲ့ အပေါ်ထိပ်မှာတော့ တိုင်ကပ်နာရီ သေးသေးဝိုင်းဝိုင်းလေးတစ်လုံး။ နာရီက လည်း ရပ်နေတယ်ထင်တာပဲ။ အနောက်ဘက်ထရံမိုးရဲ့ အပေါက်သေးသေးလေး တွေကနေ နေရောင်ဟာ အဖြူရောင်ပလတ်စတစ်ကြိုးစတွေပမာ စောင်းလို့ ဆိုင်ထဲ ကို ဝင်နေတယ်။ ခပ်မှောင်မှောင်ဆိုတော့ အဲဒီအလင်းတန်းတွေထဲက အမှုန်တွေကို တောင် မြင်နေရသေးတာပေါ့။ တစ်ဆိုင်လုံး ကျွန်တော်တို့နဲ့ ရင်းနှီးနေကြ အရာ

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုလို့ ထက်ထက်မိုးဦးတစ်ယောက်ပဲ ရှိတယ်။

ကောင်တာမှာတင်ထားတဲ့ အမည်းရောင်ပင်နဆိုးနစ် ကက်ဆက်ကြီးကနေ ထွက်လာတဲ့ သီချင်းကလွဲရင် အားလုံးကောင်းပါတယ်။ ဘာသီချင်းမှန်း မသိဘူးဗျာ။ တခါမှကို မကြားဖူးတာ။

*"ရှည်ရှယ်တာတွေ×××ခြေဦးတည့်ရာ×××*
*ဘယ်ကိုသွားမလဲ×××တွေးမရတော့×××*
*မင်းသွားတဲ့လမ်းကောင်းရင် ငါလည်းလိုက်မလို့×××*
*မင်းနည်းနည်းလောက် ပြောခဲ့ဦး×××"*

ဆိုင်ထဲမှာက လူအများကြီးလည်း မရှိဘူး။ စုစုပေါင်းမှ တစ်ဝိုင်းတစ်ယောက် ထိုင်နေတဲ့ လူနှစ်ယောက်တည်းရယ်။ တစ်ယောက်က သဘာဝဆေးပေါ့လိပ်ကြီးနဲ့ နောက်တစ်ယောက်ကတော့ စီးကရက်ကို လက်ချောင်းလေးတွေကော့လို့ ကိုင်ထားတယ်။ စတိုင်ကတော့ တော်တော့်ကို မိုက်တာ။ ဆေးလိပ်က ဖွာလွန်းလို့ နှစ်ယောက်တည်းနဲ့တင် မီးခိုးငွေ့တွေကြား သူတို့ မျက်နှာတွေကိုတောင် ကောင်းကောင်းမမြင်ရဘူး။ ကျွန်တော်လည်း လူကြီးတစ်ယောက်ပုံမျိုး ရင်ကို သိသိသာသာကော့ထည့်လိုက်တယ်။ သိတယ်မို့လား။ ဒါပေမယ့်ဗျာ ကြက်ရင်အုပ်ကလေးလို ဖြစ်သွားမယ် ထင်တာပဲ။ ရယ်တော့ ရယ်ရတယ်။ ကျွန်တော့်သူငယ်ချင်းထဲမှာ ဇင်ဗိုလ် ဆိုတဲ့ တစ်ကောင်ရှိတယ်။ လူက ပိန်သေးသေးလေးရယ်။ ရန်တွေဘာတွေဖြစ်လို့ စကားများကြပြီဆိုရင် အဲဒီကောင်က အဲဒီလိုပဲ သူ့များ တခြားသူ ကြောက်မလားဆိုပြီး ရင်ကိုကော့ကော့ပြီး စကားပြောတာ။ သူ့ စာကလေးရင်အုပ်ကလေးကို ဘယ်သူက ကြောက်မှာလဲဗျာ။ အဲဒီလိုလုပ်တာကိုက ရယ်စရာကြီး ဖြစ်နေတာပေါ့။

ကျွန်တော်က အဲဒီလိုမျိုး မာန်ထည့်လိုက်ပေမယ့် ပုတုကတော့ ကျွန်တော့် နောက်တင် ကြောက်ချေးပါနေပြီ။

"ဟေ့ရောင် အဲဒီလိုကြီး ကုပ်တုပ်တုပ်လုပ်မနေနဲ့ ခပ်တည်တည်ဝင်လာ" လို့ ပြောလိုက်ရသေးတယ်။

ဒါပေမယ့်လည်း ပုတုက ကျွန်တော့်ကို တစ်ချက်ကြည့်၊ ကောင်တာမှာ ထိုင်နေတဲ့ အဒေါ်ကြီးကို မေးထိုးပြပြီး ဖြစ်ပါ့မလားကွာဆိုတဲ့ ပုံမျိုးလုပ်ပြနေတယ်။ မသိရင် သရဲကို မြင်နေတဲ့အတိုင်းပဲ။ သူ့အင်္ကျီအောက် အနားစတွေ ဆိုဟာလည်း တွန့်လိပ်နေတာပဲ။ သူ့ဟာသူ ကြောက်ကြောက်နဲ့ ပြန်ဆုပ်ချေထားတာ။

"လာစမ်းပါဟ၊ မင်း အဲဒီလိုလုပ်နေတာကြီးနဲ့ကို ငါတို့ကို အထင်သေးပြီး

mgyoe.com

mgyoe.com SAMPLE BOOK

အငေါက်ခံရတော့မှာ လာခဲ့"

သူ့ရဲ့ လည်ပင်းအထက်ကုပ်ကနေ လည်ပင်းညှစ်လိုက်သလို အတင်းသိုင်းဖက်လိုက်ပြီး ဆိုင်ထဲကို နှစ်ယောက်သား ဝင်သွားကြတယ်။ ပုတုတော့ ဘယ်လိုနေမယ် မသိဘူး။ ကျွန်တော်တော့ ကိုယ့်နှလုံးခုန်သံကိုတောင် ကိုယ်ပြန်ကြားနေရတယ်။ ဒုတ်ဒုတ်ဒုတ်ဒုတ်နဲ့။ အရမ်းကြီးမာန်တင်းထားရတော့ လက်ဖဝါးတွေတောင် ချွေးစလေးတွေ စို့လို့။ နတ်သားဓတွေ နတ်သက်ကြွေတော့မှာဆိုရင် လက်ကတီးက ချွေးစို့တယ်ဆိုတာ ဒါမျိုးလား မသိဘူးလို့တောင် အူကြောင်ကြောင် တွေးလိုက်မိသေးတယ်။ ဆိုင်ရဲ့အတွင်းဆုံး၊ ချောင်အကျဆုံးမှာရှိတဲ့ စားပွဲဆီကို တည့်တည့်မတ်မတ် လျှောက်သွားလိုက်တယ်။ ဒါ ငါတို့လုပ်နေကျပဲဆိုတဲ့ဟန်မျိုး ယုံကြည်ချက်အပြည့်နဲ့။ ကျွန်တော်တော့ ဘာ့ရယ်စရာမှ ဘယ်သူမှလည်း မပြောပဲနဲ့ ပုတုကပဲ ဟာသတစ်ခုခု ပြောလိုက်သလို "ဟား... ဟား... ဟား.... မင်းကတော့ကွာ" လို့ လူကြီးတွေ ရယ်ကြသလိုမျိုး ခပ်ကျယ်ကျယ် ရယ်ပစ်လိုက်သေးတယ်။ အားတင်းတာ ပေါ့ဗျာ သိတယ်မို့လား။ ကျွန်တော့်ရယ်သံကြောင့် ပုတုတောင် လန့်သွားတယ်ထင်တယ်။

"ဘာလဲကွ"တဲ့။ ကြောင်တောင်တောင်နဲ့ ကျွန်တော့်ကို မေးပြီးကြည့်နေတယ်။ ကျွန်တော်လည်း မသိချင်ယောင်ပဲ ဆောင်နေလိုက်တယ်။ ကောင်တာက အဒေါ်ကြီးကိုလည်း တစ်ချက်ကလေးမှ မကြည့်ဘူး။ မကြည့်ရဲတာဆိုရင် ပိုမှန်မယ်။

ဝိုင်းမှာ ထိုင်လိုက်ပြီးတဲ့နောက် ပုတုကို "ဟေ့ရောင် ခပ်တည်တည်နေ၊ ရေနွေးခွက်ထဲ ရေနွေးငှဲ့နေလိုက်ကွာ..." လို့ ခပ်တိုးတိုး ပြောလိုက်တယ်။

ကျွန်တော်ကတော့ ဆိုင်ထဲကို ဟိုကြည့်ဒီကြည့်ပေါ့။ စားပွဲထိုးက ဘယ်မှာလဲ၊ ဘယ်သူ့ကို မှာရမှာလဲကွ ဆိုတဲ့ ဟန်ပေါ့ဗျာ။ စိတ်မရှည်တဲ့အထာ လုပ်နေတယ်။ စားပွဲထိုးမယ့်လူလည်း တယောက်မှ မတွေ့ဘူး။ သဘာဝဆံပင်ပေါ့လိပ်ကြီးဖွာပြီး ဝိုင်းတစ်ခုမှာထိုင်နေတဲ့ ဘဲကြီးကတော့ ကျွန်တော်တို့နှစ်ယောက်ကို သူထိုင်နေတဲ့ ဝိုင်းကနေ ရှိုးနေတာ ကျွန်တော် သိတယ်။ သိဆို သူက ကိုယ်ကိုမလှည့်ဘဲ ခေါင်းသက်သက်တင်စောင်းပြီး သူထိုင်နေရာဝိုင်းကနေ အနောက်ဘက်ကျတဲ့ ကျွန်တော်တို့ကို ထင်ထင်ပေါ်ပေါ်ကြီး ကြည့်နေတာ။ ဝတ်ထားတာက စွပ်ကျယ်အကျႌ လက်ပြတ်နဲ့။ ခါးမှာထိုးထားတဲ့ ခပ်ညစ်ညစ်လက်သုတ်ပဝါလေး မြင်လိုက်တော့မှ ဒီဘဲကြီးက စားပွဲထိုးပဲလို့ သိလိုက်တယ်။

ဒါပေမယ့်လဲဗျာ "ဟေ့ မှာဦးမယ်" လို့ လှမ်းမခေါ်ရဲဘူး။ သောက်ရေးထဲ

mgyoe.com

mgyoe.com SAMPLE BOOK

မှ ပုတု ဆိုတဲ့ကောင်က ခြေတုန်လက်တုန်နဲ့ ရေနွေးကြမ်းငှဲ့တာ ရေနွေးပူတွေက ခွက်ဘေးတွေဖိတ်ကျ၊ လက်ဖက်ရည်ချိုးတွေနဲ့ စီးကပ်ကပ်ဖြစ်နေတဲ့ သစ်သားစားပွဲ မည်းမည်းကြီးပေါ် ကနေ ကျွန်တော့်ခြေထောက်ပေါ် စီးကျလာလို့ လန့်ကလည်းလန့်၊ ပူကလည်းပူ ဖြစ်သွားရသေးတယ်။

"ငါ့ လခွီး ပူလိုက်တာ အား...လား လား" လို့ အော်လိုက်မိတယ်။

"မင်းက လုပ်လိုက်ရင် စောက်ရမ်းချည့်ပဲ ကျော်စိန့်သားရာ..." လို့ ကျွန်တော် မာန်တော့ အဲဒီကောင် ခေါင်းငုံ့သွားတယ်။ အဖေနာမည်ခေါ် တာကတော့ သိတယ်မို့လားဗျာ။ ဒေါသထွက်လာရင် ဖ့အေနာမည်ပဲ တပ်ခေါ် ချင်တော့တာ။ ကျောင်းမှာလည်း အတန်းကြီးတဲ့ ဘဲတွေကတော့ အဲဒီလို ခေါ်ကြတာပဲလေ။

*"ဝေး အဝေး အဝေး xxx ဟေး အဝေး*

*ဘယ်ကိုလဲ အစ်ကိုရေ ပြောသွားဦး xxx"*

တစ်ချက်တစ်ချက်ထွက်လာတဲ့ သီချင်းသံကလည်း ဓာတ်ပျက်တယ်ဗျာ ဘာတွေမှန်းမသိဘူး။ လူကမှ ကျွတ်ကျဲနေပါတယ်ဆိုမှ စိတ်ကလည်းရှုပ်လာတယ်။ ဒီကြားထဲ ပုတုဆိုတဲ့ကောင်က ငါးတန်းကလေးလို လုပ်နေတယ်။ ဆိုင်ထဲတောင် ရောက်နေပြီ။ ကြောက်ချေးပါလို့ မပြီးသေးဘူး။ နှုတ်ခမ်းတွေလည်း ဆတ်ဆတ် တုန်လို့ သိပ်မသိသာဘူး ဆိုပေမယ့် ကျွန်တော်နဲ့က ကပ်ကပ်လေးထိုင်နေတာဆိုတော့ အကြောဆွဲသလိုဖြစ်နေတဲ့ သူ့နှုတ်ခမ်းတွေ အပေါ် အောက်ခုန်နေတာကို မြင်နေ ရတယ်။ မသိရင် အဖျားတက်နေသလိုပဲ။ ဘယ်ကိုမှလည်း မကြည့်ဘူး။ ရေနွေး ခွက်ကြီးကိုပဲ မမြင်ဖူးသလိုလို ခေါင်းကြီးငုံ့ကြည့်ပြီး မထုံတက်သေးလုပ်နေတယ်။

ခွေးမသားပုတု "တို့လက်ဖက်ရည်ဆိုင် ထိုင်ကြည့်ကြရအောင်ကွာ" လို့ တိုင်ပင်ကြတုန်းက သူကပဲ ဦးအောင် ပြောလိုက်သေး "လုပ်လိုက်လေ ကြာသလား လို့" ဆိုပဲ။

ခုကျတော့ "ပြန်ရအောင်ကွာ" တဲ့ ခပ်တိုးတိုး ပြောသေးတယ်။

"မအေဘေး မင်းပဲပြန် ငါတော့ မပြန်ဘူးကွ"

ခပ်တိုးတိုးကြိတ်ပြောရင်း ဒီကောင့်ပေါင်ကိုလည်း လက်သီးနဲ့တစ်ချက် ကြိတ်ထိုးထည့်ပစ်လိုက်တယ်။ ဒီကောင့်မှာ ထပြန်ဖို့တောင် အင်အားရှိတော့ပုံ မပေါ်ဘူး။ ကျွန်တော် ထိုးလိုက်တာ လက်ဆနည်းနည်းပြင်းသွားတယ်။ မျက်နှာကြီး ရှုံ့ပြီး သူ့ပေါင်သူ ပွတ်နေတာများ မီးပူတိုက်နေသလိုလို၊ လက်သမားတွေ ရွှေဘော် ထိုးနေသလိုလိုပဲ မပြီးတော့ဘူး။ ဒီကောင်ကတော့ တကယ့်ကို စကြောက်ပါဗျာ။

mgyoe.com

mgyoe.com SAMPLE BOOK

မင်းဆန်းနဲ့သာဆိုရင် ဒီလောက်ရုပ်ပျက်မှာ မဟုတ်ဘူး။

"မောင်သောင်း ဟိုကလေးတွေ မေးလိုက်ဦးလေဟယ် . . ."

ကျွန်တော်တို့နှစ်ယောက် ဂယောက်ဂယက်တွေ ဖြစ်နေတုန်း ဆိုင်ရှင်အဒေါ်ကြီးက ကျွန်တော်တို့ကို ကြည့်နေတယ်ထင်ပါရဲ့။ သဘာဝဆေးပေါ့လိပ်ကြီးဖွာနေတဲ့ စားပွဲထိုးဘဲကြီးကို ပြောလိုက်တယ်။ ဘဲကြီးက အဲဒီတော့မှ သူ့ဆေးပေါ့လိပ်ကြီးကို ပြာခွက်ကြီးထဲ ထိုးသတ်လိုက်ပြီး ပျင်းရိပျင်းတွဲပုံစံနဲ့ ကျွန်တော်တို့ဆီထလာတယ်။ အဲဒီသောက်ဘဲကြီးကလည်း ဆိုင်ရှင်မပြောမချင်း ထမမေးဘူးဗျာ။ တကယ့်လူပဲ။ ပြီးတော့ ကျွန်တော်တို့ရှေ့ လူမိုက်အထာနဲ့ ခါးထောက်ရပ်နေထယ်။ ဘာသောက်မှာလဲ ဘာညာလဲ မမေးဘူး။

"ကျွန်တော့်ကို လက်ဖက်ရည် ကျစိမ့်တခွက်၊ ဟော့ရောင် မင်းက ဘာသောက်မှာလဲ"

စားပွဲထိုးဘဲကြီးကို မော့ကြည့်ပြောလိုက်ရင်းက ပုတုကိုလည်း မေးလိုက်တယ်။ ပုတုဆိုတဲ့ကောင် ခုထိ အကြောက်မပြေသေးဘူး။ ကျွန်တော့်ကိုကြည့်လိုက်၊ စားပွဲထိုးကြီးကိုကြည့်လိုက်နဲ့ အင်မတန် စဉ်းစားဉာဏ်နည်းသေးတဲ့ ကလေးလေးလိုလုပ်နေတယ်။ ဒီကောင်လုပ်ပုံနဲ့တော့ အရှက်ကွဲရချည့်လို့ ကျွန်တော်လည်း ဒေါသက ထွက်လာတယ်ဗျာ။ ထတောင် ထိုးပစ်လိုက်ချင်နေပြီ။ စားပွဲထိုးကြီး မမြင်အောင် မျက်နှာကိုတစ်ချက်ရှုံ့ပြလိုက်တော့မှ ခွေးအကြီးလို ထစ်အထစ်အနဲ့ အသံထွက်လာတယ်။

"ဟို...ဟို လစ်ပိုတို့ ဆဲဗင်းအပ်တို့ရလား ဦးလေး . . ."

သေပါရော။ လက်ဖက်ရည်ဆိုင်လာပြီး လစ်ပိုတွေ၊ အအေးတွေလာမေးတဲ့ကောင်ဗျာ။ ကလေးကလားနဲ့။ နောက်ပြီး စားပွဲထိုးကိုခေါ်တာ ဦးလေးတဲ့။ အစ်ကိုလောက် ဆိုရင် ရပြီပဲဟာ။ ပုတု ဆိုတဲ့ကောင် ဒီလောက် အကြိမ်ကြိမ် ဇာတ်တိုက်လာတာတောင် အသုံးမကျဘူး။ လက်ဖက်ရည်ဆိုင်ထိုင်ချင်၊ လူကြီးဂိုက်ဖမ်းချင်တာကျလည်း သူငယ်ချင်းတွေထဲမှာ ကျွန်တော့်ထက် မလျော့ဘူး။ ခုကျ ခွေးအကြီးကားတိုက်ခံရသလိုဖြစ်နေတာ ဘယ်လိုမှ အမြင်မတော်တော့ဘူး။ ကျွန်တော်ကြားဝင်ရတော့တာပေါ့။

"အစ်ကိုကြီး ကျွန်တော့်ဟာပဲ အရင်ဖျော်လိုက်ဗျာ။ ဒီကောင့် မနက်ကမှ တစ်ခွက်သောက်ထားသေးလို့ သိပ်မသောက်ချင်ဘူးဖြစ်နေတာနေမှာ ဟီး...ဟီး"

ရယ်စရာလည်း မပါဘဲ သွားကြီးဖြဲပြီး ရယ်ပြရသေးတယ်။ ဘဲကြီးကတော့

mgyoe.com

mgyoe.com SAMPLE BOOK

ဘာမှမပြောဘူး။ "စောက်ကလေးတွေ ဘာလာရှုပ်" ဆိုတဲ့ သဘောထားမျိုး ရုပ်တည်ကြီးနဲ့ နောက်ထဲဝင်သွားတယ်။ ပုံစံကြည့်ရတာ သူပဲ အဖျော်ဆရာ၊ သူပဲ စားပွဲထိုးထင်ပါရဲ့။ "ကျစိမ့် ဝမ်းတီး" လို့လည်း အော်မသွားဘူး။ သူထွက်သွားတော့မှ ကျွန်တော်လည်း ပုတုကို ဖိငေါက်ရတော့တယ်။

"ဟေ့ရောင် ကျော်စိန့်သား၊ လက်ဖက်ရည်သောက်ဖို့လာတာလေ ငါလခွီး လစ်ပို ငါလခွီး ဆဲဗင်းအပ်ပါလား ငါ့မှာ လေးဆွယ်ထဲပါတာ။ လက်ဖက်ရည်နှစ်ခွက်စာ အတိပဲ၊ လက်ဖက်ရည်ပဲသောက်၊ မသောက်ချင်ရင် ဘာမှမသောက်နဲ့ မင်း ရေနွေးပဲ ထိုင်သောက်"

"မသိဘူးလေကွာ၊ မှာချင်ရာမှာလို့ရတယ်လို့ မင်းပဲပြောပြီးတော့" တဲ့ ပုတုက စောဒကတက်တယ်။

"မှာချင်ရာမှာဆိုတာ လက်ဖက်ရည်ကိုမှ ချိုစိမ့်၊ ကျစိမ့်၊ ချိုခါး၊ ပုံမှန်၊ ကျောက်ပန်းတောင်း အဲဒါမျိုးကို ပြောတာကွ။ လက်ဖက်ရည်ဆိုင်မှာ အအေးသောက်တယ်ဆိုတာ မအေ ဖအေနဲ့လာတဲ့ ကလေးတွေအလုပ်ကွ"

"ဟေ့ရောင် ငါတို့က ဘယ်လောက်ကြီးနေလို့လဲ၊ ငါက ကလေးအထာဆို၊ မင်းကတော့ လူကြီးအထာလား၊ မင်းရောငါရော အတူတူပဲကွ ဒီနှစ်မှ ခုနစ်တန်း တက်မလို့ပဲ ရှိသေးတယ်၊ ကလေးပဲကွ။ လူကြီးဆိုတာ ဆယ်တန်းလောက်မှ ဖြစ်တာ မင်း သိလား"

မအေဘေးက ခုကျတော့ သတ္တိတွေကောင်းပြီး အထိမခံ ရှေ့ပန်းကန် လာလုပ်နေတယ်။

"ငါယီး ကလေးပါလား၊ မင်းအောက်လဲ မင်းဟာမင်း ပြန်ကြည့်ဦး ... တော်တော် ကျော်စိန့်သား မင်းကို နောက်တစ်ခါတော့ မခေါ်ဘူး၊ မင်းက အီးပေါ လောကောင်ပဲ"

ခဏနေတော့ ကျွန်တော့်လက်ဖက်ရည်ခွက် လာချတယ်။ ကျွန်တော့်ရှေ့က လက်ဖက်ရည်ခွက်ကို စိုက်ကြည့်ပြီး ခွေးမသား အားတွေတက်နေတာ အသိသာကြီး။ စားပွဲပေါ် လက်ဖက်ရည်ရောက်မှ တကယ်ဖျော်ပေးတယ်ဟလို့ ယုံသွားသလိုရုပ်နဲ့။ လက်ဖက်ရည်မှာတာပဲ တကယ်ဖျော်မပေးလို့ရမလား။ အဲဒီတော့မှ လှမ်းအော်တယ်။

"ကျွန်တော့်လည်း ချိုစိမ့်တစ်ခွက်ပေးဗျ"

စားပွဲထိုးနောကြီးကလည်း တစ်ယောက်တစ်ခါ မှာနေလို့ပဲလား မသိဘူး မျက်နှာကြီးကို တင်းထောင် မည်းသည်းနေတာပဲဗျာ။ နဂိုမည်းတာလည်း ဖြစ်ချင်

mgyoe.com

m.gyoe.com SAMPLE BOOK

ဖြစ်မှာပါ။ အဲတောင်တစ်ချက် ကြိတ်လိုက်သေးသလား မသိဘူး။ မသိရင် ကျွန်တော်တို့ နှစ်ယောက်များ လက်ဖက်ရည်သူတောင်းစားတွေ ကျနေတာပဲ။

ပုတုအတွက်ပါ လက်ဖက်ရည်ရောက်လာတဲ့နောက်တော့ ကျွန်တော်တို့လည်း လက်ဖက်ရည်တစ်ခွက်စီ ရှေ့ချရင်း တစ်ငုံ ငုံလိုက်၊ လမ်းကို ငေးလိုက်၊ တကယ့် လူကြီးကြီးတွေတောင် ကျွန်တော်တို့လောက် ကြွေ့ရမယ်၊ တည်ကြည်ခန့်ညားလိမ့်မယ် မထင်ဘူး။ ရေလည်မိုက်တယ်ဗျာ။ တစ်ခုပဲ ကျွန်တော်တို့ ဆေးလိပ်မသောက်တတ်သေးဘူး။ ဒါလည်း တစ်နေ့ဖြစ်ရမှာပေါ့။ ဆရာမတွေ အထင်ကြီးအောင် လုပ်ချင်တဲ့ အတန်းထဲက တချို့ကောင်တွေ စာအုပ်နောက်ကျောဖုံးမှာ ဝိုင်းလှနေအောင် ရေးထားတတ်တဲ့ ကဗျာလိုပဲ။

*'ယောက်ျားတံခွန် လူရည်ချွန်က*
*ကောင်းကင်တမွတ် ကြယ်ကိုစွတ်လည်း*
*မလွတ်စတမ်း ရမြဲလမ်းတည်း…'*တဲ့။ ခုနစ်တန်းတောင်မတတ်ရသေးတဲ့ အရွယ်မှာ လူကြီးမပါဘဲ လက်ဖက်ရည်ဆိုင်ထိုင်တာကကို တချို့ကောင်တွေအတွက် ဆိုရင် လွန်လှပြီ။ ဟိုးအရှေ့ဆုံးဝိုင်းက ဦးလေးကြီးလို စီးကရက်ဘူးလေး စားပွဲပေါ် ချပြီး စတိုင်ကျကျ တစ်လိပ်ပြီးတစ်လိပ် ထုတ်သောက်ဖို့ကတော့ မလွယ်သေးဘူး ပေါ့ဗျာ။ တစ်နေ့ပေါ့၊ အချိန်တွေ အများကြီး ရှိသေးတာပဲ။ လူတိုင်း ငယ်ရာကနေ ကြီးရတာ။ ငါတို့လည်း တစ်နေ့သေချာပေါက် အစ်ကိုကြီးတွေလို ဖြစ်လာမှာကွလို့ လျှာပေါ် ရောက်လာတဲ့ ခါးသက်သက်ကျစိမ့်လက်ဖက်ရည်ကို ရှုံ့မဲ့နေအောင် အရသာခံရင်း ကျုံးဝါးလိုက်မိတယ်။ အမှန်က ကျွန်တော်လည်း ပုတုလို ချိုစိမ့်လောက် သောက်ရမှာ၊ ခုမှ လက်ဖက်ရည်သောက်ဖူးတဲ့ကောင်လို့ ထင်ခံရမှာစိုးလို့ ကျစိမ့်မှာလိုက်တာ။ အရမ်းခါးတာပဲဗျာ။ ပုတုဆိုတဲ့ကောင်ကလဲ အစောတုန်းကသာ ဘုန်းကြီးနောက်က ကပ္ပိယလို ခွေးခြေကလေးပေါ် တရိုတသေ တင်ပလ္လင်ချိတ် ထိုင်နေခဲ့တာ။ သူ့ရှေ့ လက်ဖက်ရည်ခွက်ရောက်ပါပြီ ဆိုကတည်းက ရုတ်တရက်ကြီး ခြေထောက်နှစ်ချောင်းကို နွယ်ပင်များလို လိမ်ချိတ်ပြီး ထိုင်လိုက်သေးတယ်။ နှစ်ပေါင်းများစွာ အသားကျနေတဲ့ အလုပ်ကို လုပ်နေသလိုမျိုးပေါ့။

"မအေဘေး ခုကျတော့ စတိုင်တယ်ကျနေပါလား"လို့ ကျွန်တော်ပြောတော့ ဒင်းက ပြန်ပြောသေးတယ်။

"ဟေ့ရောင် စတိုင်ရှိမှ စတားဖြစ်တာကွ" တဲ့။

"အေး… မလိုင်ရှိရင်တော့ မင်း ကုလားဖြစ်မှာ" လို့ ကျွန်တော် ပြန်ပြော

m.gyoe.com

m.gyoe.com SAMPLE BOOK

လိုက်တယ်။

အဲဒါ ခြောက်တန်းနှစ်အပြီး နွေရာသီကျောင်းပိတ်ရက်တွေထဲက တစ်ရက်မှာ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း ပုတုတို့ရဲ့ ပထမဆုံး လက်ဖက်ရည်ဆိုင်စွန့်စားခန်းကြီးပဲဗျ။ ကျောင်းမှာ၊ ဝင်းထဲက မှို့ပင်ကြီးပေါ်မှာ တစ်လကိုးသီတင်း အောင်ပွဲရစစ်သူကြီးတွေလို ပြန်ပြောပြလို့ကို မဆုံးတော့ပါဘူး။ ကျန်တဲ့ကောင်တွေကလည်း ထစ်ခနဲရှိရင် ဝမ်းစမိုး၊ ဝမ်းစမိုးနဲ့ တောင်းဆိုလို့ကို မပြီးဘူး။

"ဟေ့ရောင် မင်းတို့ လက်ဖက်ရည်ဆိုင်ထိုင်တုန်းက အကြောင်းလေး ပြန်ပြောပြပါဦး" ဆိုတာချည့်ပဲ။ ပြန်ပြောပြတိုင်းလဲ ကျွန်တော်ကတော့ သိသိသာသာ ရင်ကိုကော့ထည့်လိုက်ပြီး ခေါင်းကိုပါမော့ပြောတာ။ ကြက်သီးမွေးညင်းတွေ တောင်ထတယ်ဗျာ။ မပီကလာပီကလာနဲ့ မေသန်းနု ဘက်ထရီကြော်ငြာလိုပေါ့။ တခွက်က မီးထွန်းဖို့ တစ်ခွက်က ကက်ဆက်ဖွင့်ဖို့ တာရှည်သိပ်ခံတဲ့ ဂုဏ်တင့်မှုကြီးပဲကိုး။

❑

ခုနစ်တန်းနှစ်မှာ ကျွန်တော် အတောင့်တဆုံးအရာက အထာကျတဲ့ ဘဲကြီးတဗွေ ဖြစ်ချင်တာပဲ။ ဘယ်လောက်ထိတောင်များ လူကြီးလူပျို ဖြစ်ချင်သလဲဆိုရင် ရှစ်တန်းနှစ်မှာ ပုဆိုးကို ချက်ပြုတ်လို့ခေါ်တဲ့ ဝတ်နည်းနဲ့ ဝတ်တတ်ပြီ။ သူများတွေဝတ်ထားရင် ကြည့်ရဆိုးသလို ရှိပေမယ့် ကိုယ့်ဟာကိုယ်ကျတော့ မိုက်တယ်ဗျ။ ပုဆိုးချက်ပြုတ် အောက်ကရှပ်တိုက်နဲ့။ တံမြက်စည်းလှည်းပေးနေသလိုပဲ။ကျွန်တော်တို့ကိုကြည့်ပြီး မျက်မှောင်ကြုတ်သွားတဲ့ စိတ်ပျက်လက်ပျက်နဲ့ မျက်နှာလွှဲသွားတဲ့ ဦးလေးကြီး၊ အဒေါ်ကြီးတွေဆိုတာ ခဏခဏကြုံရတယ်။ မျက်နှာမလွှဲခင် မသတီသလိုက ကြည့်သွားသေးတယ်။ ဂရုမစိုက်ပါဘူးဗျာ။ ကျွန်တော်တို့က အေးဆေးပဲ။ မျက်နှာကလည်း တစ်တိုင်းပြည်လုံး ကျွန်တော်တို့လုပ်စာ ထိုင်စားနေရတဲ့ရုပ်မျိုး။ မထိလေးစားပဲ။

အသံတောင် ထွက်မဖတ်တတ်သေးတဲ့ စီးကရက်ဘူးတွေ ကျောင်းရှေ့အေးရှားလိုက်ဆိုင်ကနေဝယ် တစ်လိပ်ပြီးတစ်လိပ် မီးရှို့ပြီးဖွာနေတာပဲ။ ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်အရွယ်လေးနဲ့ ဆောင့်ကြွားကြွားပေကထိကတ် ကျွန်တော်တို့ချာတိတ်တသိုက်ကို ရပ်ကွက်ထဲကလူကြီးတွေဆိုတာ ဘယ်လောက်တောင် သောက်မြင်ကတ်နေလိမ့်မယ် မသိနိုင်ဘူး။ ဝင်းထဲက တချို့ အဒေါ်ကြီးတွေ၊ ဦးလေးကြီးတွေဆိုရင် ကျွန်တော့်ကိုကြည့်ပြီး နှာခေါင်းတရှုတ်ရှုတ်ပဲ။ စတာနောက်တာလိုလိုနဲ့ နရင်းရိုက်

mgyoe.com SAMPLE BOOK

သွားတဲ့ လူတွေက ရှိသေးတယ်။ သက်သက် အနိုင်ကျင့်တာပေါ့ဗျာ။ သူတို့ သားသမီး သူတို့ ရိုက်ပါလား။

လူကြီးတွေက အဲဒီလိုလုပ်လေ ဆယ်တန်းကျောင်းသားအရွယ်ကို မြန်မြန် ရောက်ချင်လေပဲ။ အဲဒီထက် နည်းနည်းပိုကြီးရင် ပိုတောင် ကောင်းသေးတယ်။ ကျွန်တော်တို့နေတဲ့ တိုက်တန်းလျားရဲ့ရှေ့ ဘောလုံးကွင်း၊ ဘောလုံးကွင်း တစ်ဖက်က မြောင်းပေါင်ပုံစံမျိုး လုပ်ထားတဲ့ အုတ်ခုံစိမ်းမြမည်းမည်းကလေးပေါ် ညနေခင်း ဆိုရင် ဆံပင်ရှည်တွေ၊ တက်တူးတွေ နားပေါက်တွေ အသီးသီးနဲ့ ကိုယ်စီကိုယ်စီ ဆေးလိပ်ဖွာသူက ဖွာ၊ ကွမ်းဝါးသူက ဝါး၊ ဂစ်တာလေး တဒေါင်ဒေါင် တဒင်ဒင်နဲ့ လုပ်နေတဲ့ အသက်နှစ်ဆယ် အစိတ်အရွယ် အစ်ကိုကြီးတွေကတော့ အမိုက်ဆုံး အရွယ်ပဲ။

ကျွန်တော်တစ်ယောက်တည်း အဲဒီလိုကြီး ကွက်ပြီး လူပျိုဖြစ်ချင်နေတာ လား ဆိုရင်တော့ ဘယ်ဟုတ်လိမ့်မှာတုန်း ကျွန်တော်တို့ တစ်ဖွဲ့လုံးပဲ။ ကျွန်တော်တို့ တစ်ဖွဲ့လုံးလို့ ပြောရတာ အရမ်းများတယ်။ လူများလွန်းလို့ တစ်ယောက်ချင်းလဲ မိတ်ဆက်မပေးနိုင်ဘူး။ အထူးသဖြင့် ကျွန်တော်ရယ်၊ ပုတုရယ်၊ မင်းဆန်းရယ်၊ မြတ်ကျော်ရယ်၊ ဝင်းကိုရယ်။ ဒါကိုက မတရားများနေပြီ။ ကျန်တဲ့ နာမည်ထည့် မပြောတဲ့ ကောင်တွေလည်း ရှိသေးတယ်။ ဒီပြင့် ကျွန်တော် နာမည်မသိတဲ့ ကောင် တွေလည်း ကျွန်တော်တို့လိုပဲ။ ခုနစ်တန်းအရွယ်ဆိုတာ ဆယ့်နှစ်နှစ်၊ တချို့ကိုးလိုး ကန့်လန့်တွေမွေးလို့ တစ်နှစ်အောက်လိုက်ရတဲ့ ကောင်တွေဆိုရင် ဆယ့်သုံးနှစ်။ ဆယ့်သုံးနှစ်သားဆိုတာ လူပျိုဖြစ်ဖို့ တည်းတည်းလေးပဲ ကျန်တော့တာ။ တချို့ ကောင်တွေဆို ဝက်ခြံတောင် ထွက်နေပြီ။

အဲဒီအရွယ် အကုန်လုံးက အေတန်းကကောင်တွေလို နွဲ့တဲ့တဲ့နဲ့ စာမှုစာ၊ အိမ်ရဲ့အဖိအသိပ်ကို ငါးပိငါးခြောက်လို ပြားနေရတဲ့ကောင်တွေကလွဲရင် ကျွန်တော့် သူငယ်ချင်းတွေအကုန် ကျွန်တော့်လိုပဲ။ နောက်ပြီး ကျွန်တော့်မှာက ကျောင်း သူငယ်ချင်း၊ အိမ်သူငယ်ချင်းရယ်လို့ ခွဲပြီးရှိတယ်။ ကျွန်တော့်သူငယ်ချင်းတွေဆိုတာ ကျွန်တော်တို့ ခိုးခိုးစားနေကြ မာလကာသီးတွေ၊ သံပုယိုသီးတွေ၊ ငှက်ပျောသီးတွေ လိုကို များတာ။ ညအိပ်ချိန်ကလွဲရင် တစ်ယောက်အနားမှာ တစ်ယောက်ယောက် တော့ အမြဲ ရှိနေတာပဲ။ ကျွန်တော့်သူငယ်ချင်းတွေ အားလုံးမှာ တူညီတဲ့အချက် ကတော့ သူ့ထက်ငါဦးအောင် လူပျိုမြန်မြန်ဖြစ်ချင်ကြတာချည်းပဲ။ အပြေးပြိုင်ပွဲလို ပြေးလို့များရရင် မှုန်နေအောင်ပြေးမယ့် ကောင်တွေချည်းပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဝင်းထဲက သူငယ်ချင်းတွေထဲမှာတော့ ကျွန်တော်ရယ်၊ ပုတုရယ်၊ မင်းဆန်းရယ်က အစွာဆုံးပဲ။ ကျန်တဲ့ကောင်တွေလည်း သူတို့အုပ်စုနဲ့သူတို့ ကျွန်တော်တို့လို နေမှာပါပဲ။ လက်ဖက်ရည်ဆိုင်ထိုင်မယ့်နေ့ မတိုင်ခင်ကတည်းက ကျွန်တော်တို့သုံးယောက်သား "တို့လက်ဖက်ရည်ဆိုင် သွားထိုင်ကြရအောင်ကွာ" လို့ အတူတိုင်ပင်ထားတာပေမယ့် မင်းဆန်းဆိုတဲ့ကောင်က သူ့အစ်ကိုကြီးအလစ် ထွက်ဖို့ရာ ဘယ်လိုမှ မလစ်တာနဲ့ ကျန်ခဲ့တာ။ ဒီကောင်တော့ တစ်သက်လုံး နောင်တရနေတော့မှာ။ ကျွန်တော်နဲ့ ပုတုက ကျန်တဲ့ကောင်တွေ ညဘက်အိပ်ရာဝင်မှ အိပ်မက်ထဲ ထည့်မက်ရတဲ့ လက်ဖက်ရည်ဆိုင်ထိုင်ဖူးခြင်းကို အရင်ဆုံး လုပ်ဖူးတဲ့ကောင်တွေ ဖြစ်သွားတယ်။ တကယ့် မာန်တက်ချင်စရာကြီး။ သူတို့တွေအတွက်တော့ ကျွန်တော်နဲ့ ပုတုဆိုတာ လကမ္ဘာပေါ် ခြေချဖူးတဲ့ကောင်တွေလိုပဲ။

"ဟော့ရောင်တွေ အဲဒီမှာ ဘယ်ယုန် ဘယ်ဆန်ဖွပ်တဲ့ အဘိုးအိုမှမရှိဘူး။ ဘာထမင်းဆီဆမ်း ဘာရွှေလင်ပန်းမှလဲ မရှိဘူးကွ" ဆိုတာမျိုးပေါ့ဗျာ။

လက်ဖက်ရည်ဆိုင်ထိုင်ပြီး နောက်နေ့ကျတော့ ကျွန်တော်တို့တွေရဲ့ ဌာနချုပ်စခန်းဖြစ်တဲ့ မှို့ပင်ကြီးပေါ်မှာ တစ်ယောက်တစ်ကိုင်းစီ ထိုင်ကြရင်း ကျွန်တော်တို့နှစ်ယောက်က ဒီကောင်တွေကို သင်ခန်းစာပို့ချ အိမ်စာပေးလုပ်နေရတာပေါ့။

"ဒီကောင်က ကြောက်နေသေးတယ်ကွ ဟား ဟား ဟား ငါ့ဇွတ်အတင်းဆွဲခေါ် ရသေးတာပေါ့"

"အောင်မာ ကြောက်လို့မဟုတ်ပါဘူးကွာ ငါ့ဦးလေးနဲ့ သိတဲ့လူတွေ ရှိနေမှာစိုးလို့ပါ"

"ဟိုဘက်ရပ်ကွက်ကဆိုင် သွားသောက်တာကွာ မင်းဦးလေးနဲ့ ဘယ်လိုလုပ် အသိရှိမှာလဲ၊ မင်းက စကြောက်ပဲဟာ၊ ကြောက်ရင် ကြောက်တယ်ပေါ့ မရွံ့နဲ့ ဟော့ရောင်"

မဟာစွန့်စားခန်းကြီးအကြောင်း မစခင် ပုတုနဲ့က အရင်စကားများရသေးတယ်။ ခုကျတော့ ဒီကောင်က မသိရင် လက်ဖက်ရည်ဆိုင်ကို ရှေ့ကနေ ရင်ကော့ဝင်တာပဲ သူလိုလိုလုပ်နေတာ။ ဟိုမှာတုန်းကကျတော့ သေးတောင် ထွက်မကျတာကံကောင်း။ မအေဘေး ကြောက်တုန်းက ကြောက်နေခဲ့ပြီးတော့။ ကျွန်တော်က အဲဒါမျိုးဆို သောက်ရမ်းတင်းတာ။

"လက်ဖက်ရည်တောင် မမှာရဲတဲ့ကောင်ကများ"

"မင်းကရော စားပွဲထိုးခေါ် ရဲလို့လားကွ"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ နှစ်ယောက်က အဲဒီလို ရန်သတ်နေရတော့ ဟိုကောင် မင်းဆန်းကလည်း မနေနိုင်တော့ဘူး။ ဒီကောင်ကတော့ နဂိုကတည်းကလည်း သူမလိုက် လိုက်ရလို့ စိတ်ဆိုးနေတာလဲပါတယ်။ သူ့ညာဘက်လက်ကို လက်သီးဆုပ်ထားပြီး အဲဒီလက်သီးဆုပ်ကို ဘယ်ဘက်လက်နဲ့ ဆုပ်နေရင်းက ပြောတယ်။ မသိရင် ကျွန်တော်တို့ကို ထထိုးတော့မယ့်အတိုင်းပဲ။

"ပြောမှာသာ ပြောစမ်းပါကွာ အရေးထဲ မင်းတို့နှစ်ကောင်က အဝေမတည့် ဖြစ်နေသေးတယ် ငါ့လခွီး"

ဒီကောင်ကလည်း အလွန်မနာလိုအားကြီးတဲ့ကောင်၊ ခေါ်တုန်းကကျတော့ လိုက်ဖို့မကြိုးစားဘူး။ သူများပြောတာ နားထောင်ရမယ့်ကိစ္စကျမှ အလျင်တွေလိုပြီး ဂဏှာမငြိမ်ဖြစ်နေတယ်။ ဒီကောင့်ခြေထောက်နှစ်ဖက်က ပြုတ်မကျအောင် ကိုင်းကို ခွထားရသေးတော့ ဒီကောင်ဟာ အသားဖြူနေလို့သာ မည်းများမည်းရင် မိုးမျှော်တိုက်ကြီးပေါ် တွယ်တက်နေတဲ့၊ စိတ်မတအားဆိုးနေတဲ့ ကင်းကောင်ကြီးနဲ့ တထေရာတည်းပဲ။ ကျွန်တော်လည်း အချိန်မဆွဲတော့ဘဲ စပြောပြရတယ်။

"အေးကွ ငါတို့လည်းမဝင်ခင် ဆိုင်ထဲ အရင်ရှိုးတာပေါ့ကွာ၊ လက်ဖက်ရည်ဆိုင်လေးက မဆိုးပါဘူး။ နည်းနည်းကျဉ်းတော့ အိုက်တော့ အိုက်တာပေါ့ကွာ။ လမ်းပေါ်က ငါ ကြည့်လိုက်တော့ ဘဲကြီးတွေဆိုတာ မနည်းဘူး ဟော့ရောင်ရေထိုင်နေကြတာ၊ ငါလည်း ပုဆိုးလေးမပြီး ခပ်တည်တည် ဝင်သွားတာပေါ့ကွာ၊ ဒီကောင်လည်း နောက်ကလိုက်လာတယ်။ ဝိုင်းလွတ်က တစ်ဝိုင်းပဲရှိတော့တာဟ။ စားပွဲထိုးကလည်း ချာတိတ်လေးပါကွာ ငါတို့ဝင်လာတာနဲ့ အစ်ကိုလာ ဟိုတစ်ဝိုင်း လွတ်သေးတယ်လို့ လှမ်းပြောတယ်ကွ"

အမှန်က ကျွန်တော်တို့နှစ်ယောက်စလုံး ဘောင်းဘီတိုကလေးတွေ ဝတ်သွားတာ။ ဒါပေမယ့် သိတယ်မဟုတ်လား ဖောရှောပေါ့ဗျာ။ ပုတုက ကျွန်တော့် မျက်နှာကို လှမ်းကြည့်တယ်။ မင်း ဘာမဟုတ်တာတွေ လီဆယ်နေတာတုန်းလို့ ပြောချင်တာနေမှာပေါ့။ ဘာမှတော့ မပြောဘူး။ ခေါင်းတညိတ်ညိတ်လုပ်နေရင်းက သူနဲ့နီးတဲ့ကိုင်းပေါ်က ဝင်းကို ဒူးခေါင်းကို လှမ်းခေါက်ပြီး သေချာနားထောင်ကွဆိုတဲ့ ပုံမျိုး သတိပေးနေသေးတယ်။

"ကောင်တာထိုင်တာကလည်း စော်လေးတပွေပဲကွ ငါတို့လောက်ပဲ။ သိပ်အချောကြီးထဲကတော့ မဟုတ်ပါဘူးကွာ။ သူကလည်း ငါတို့ဝင်လာတာမြင်တော့ ပါးစပ်က ဘာမှမပြောပေမယ့် စားပွဲထိုးကို သေချာလုပ်ဟေ့ ဆိုတဲ့ပုံမျိုး လှမ်းကြည့်

mgyoe.com

mgyoe.com SAMPLE BOOK
လိုက်သေးတယ် ဟား... ဟား။ သိပ်မချောပါဘူးကွာ နော်... ဟော့ရောင် ပုတု"

"ဟုတ်တယ် သိပ်မချောဘူး" ပုတုကလည်း ခေါင်းတညိတ်ညိတ်နဲ့ ချက်ချင်း ဝင်ထောက်ပေးတယ်။

"အဲဒါနဲ့ ငါနဲ့ဒီကောင်လည်း လွတ်တဲ့ဝိုင်းပဲ ဝင်ထိုင်လိုက်ရတယ်။ ထိုင်ချင်တာက လမ်းကိုမြင်ရတဲ့ ရှေ့ဝိုင်း ထိုင်ချင်တာကွ။ မလွတ်တော့လည်း ဘယ်တတ်နိုင်မှာလဲ။ ထိုင်ထိုင်လိုက်ချင်းပဲ အစ်ကိုတို့ ဘာသောက်မလဲတဲ့ မေးတယ်"

အဲဒီနေရာရောက်တော့ ကျွန်တော်လည်း ဒီကောင်တွေ သေချာမှ နားထောင်နေရဲ့လားဆိုပြီး တချက် ဝေ့ကြည့်လိုက်သေးတယ်။ အကုန်လုံးရဲ့မျက်လုံးတွေဟာ ကျွန်တော့်မျက်နှာဆီမှာချည်းပဲ။ မြတ်ကျော်ဆိုတဲ့ကောင်ဆို လူက နဂိုကမှ မျက်လုံးပြူးပြူး မဲမဲရှည်ရှည်ကို ဒီကောင့်ပုံစံကြည့်ရတာ ပိုမဲ ပိုရှည်လာပြီး ပိုတောင် မျက်လုံးပြူးလာသလိုပဲ။ သွားရည်တွေတောင် ထွက်ကျတော့မတတ် ငေးနေလိုက်တာ။ ကျွန်တော်လည်း ကျောက ခြင်ကိုက်တာလိုလို၊ ပေါင်က ယားတာလိုလိုနဲ့ ကျွန်တော်ထိုင်နေတဲ့ ကိုင်းကနေ နည်းနည်းပိုကြီး သက်သောင့်သက်သာပိုဖြစ်မယ့် ကိုင်းဆီကူးပြီး အကျအနေဖြစ်အောင် သေချာပြင်ထိုင်လိုက်တယ်။ ဆက်မပြောသေးဘူး သိပ်စိတ်ဝင်စားစရာလည်း မဟုတ်လှပါဘူးကွာဆိုတဲ့ အချိုးမျိုးနဲ့ ဘောလုံးကန်ရင်း ရထားတဲ့ ခြေမျက်စိနားက အနာဖေးလေးကိုကုတ်ပြီး ခွာကြည့်နေလိုက်တယ်။ အနာပတ်လည်ကလည်း ယားလာတာနဲ့ ဆက်ကုတ်နေရတာပေါ့။ အဲဒီလို အနာဘေးသားလေးတွေကို ဖွဖွလေးကုတ်ရတာတော့ တကယ့်ဖီးလ်ပဲဗျ။ ဇိမ်သိပ်ရှိတာ။ ကုတ်လေ ယားလေ ဆက်ကုတ်လေ ဆက်ယားလေနဲ့ တော်တော်နဲ့ မပြီးတော့ဘူးလေ။

"ဟော့ရောင်ပုတု မင်းပဲ ဆက်ပြောတော့ ဒီကောင်ပြောတာ အကြာကြီးပဲ၊ ပြောတာက ကြာလှပြီ။ ခုထိ လက်ဖက်ရည်မသောက်သေးဘူး"

မင်းဆန်းက ကျွန်တော့်ကို စိတ်မရှည်တော့ဘူး။ သူ့အပေါ် ကိုင်းမှာထိုင်နေတဲ့ ပုတု ခြေထောက်ကို လှမ်းဆွဲပြီး ပြောတယ်။ ပြီးတော့ သူကလည်း ပုတုရဲ့ မျက်နှာကိုမြင်ရလောက်မယ့် ကိုင်းတစ်ကိုင်းဆီ ကူးလိုက်တယ်။ ကျန်တဲ့ကောင်တွေရဲ့ မျက်လုံးတွေကလည်း ချက်ချင်းပဲ ကျွန်တော့်ဆီကနေ ပုတုဆီကို အလင်းထက်မြန်တဲ့ နှုန်းနဲ့ ရွှေ့ပြောင်းကုန်ကြတယ်။ လူတွေပါ လိုက်ကိုင်းကူးကြရတာပေါ့။ ကျွန်တော်လည်း နည်းနည်းတော့ အီးပိတ်သွားတယ်။ မင်းဆန်းဆိုတဲ့ကောင်က အမြဲတမ်း အဲဒီလိုချည်းပဲ။ လူပါး အင်မတန် ဝတဲ့ကောင်။ နားထောင်ချင်တော့လည်း သူ့

mgyoe.com SAMPLE BOOK

စိတ်မရှည်တာလည်း သူ။

"မင်းတို့ကောင်တွေ လက်ဖက်ရည်ဆိုင်ထိုင်တယ်ဆိုတာ ဘာမှန်းသိအောင် လို့ အသေးစိတ်ပြောပြတာလေကွာ၊ ပုတုလို လက်ဖက်ရည်ဆိုင် ထိုင်ဖူးတဲ့ကောင် ဆိုရင်တော့ ဘာအဲလောက် ပြောစရာလိုမလဲကွ၊ မင်းတို့က စေတနာနဲ့မတန်ဘူး အလကားဖွတ်ကျားတွေ။ ကိုယ်တိုင်လည်း မထိုင်ဖူးဘူး၊ ထိုင်ဖူးတဲ့ကောင်တွေစကား ကျလည်း ကောင်းကောင်း နားမထောင်ချင်ဘူး။ နားမထောင်ချင် ကိုယ်တိုင် လက်ဖက်ရည်ဆိုင် သွားထိုင်လိုက်လေကွာ"

ပုတုကလည်း ကျွန်တော့်ကို လှမ်းကြည့်နေတယ်။ ကျွန်တော် စိတ်ဆိုးသွား တာသိတော့ ဒီကောင်ကလည်း ဘယ်လိုလဲ ငါ ပြောပြလိုက်ရမလားဆိုတဲ့ အကြည့် မျိုးနဲ့ ကျွန်တော့်ကို ကြည့်နေတာကိုး။ ကျွန်တော်လည်း စိတ်ပေါက်ပေါက်နဲ့ မင်းပဲ ပြောလိုက်ကွာလို့ ပြောလိုက်တယ်။ ပုတုကလည်း ပြောချင်နေတာ လျှာမတရားကို ယားနေပုံရတယ်။ တရစပ် ပြောတော့တာပဲ။

"ဒီကောင်က ကျစိမ့်မှာတယ်ကွာ၊ ငါကျ အခါးသိပ်မကြိုက်တာနဲ့ ချိုစိမ့်ပဲ မှာလိုက်တယ်။ မဆိုးပါဘူးကွ လက်ဖက်ရည်အရသာက အဖျော်ဆရာကောင်းပါတယ်။ ရေနွေးကြမ်းလည်း မဆိုးဘူး။ ဟိုဟာကွာ ရေနွေးကြမ်းခွက်တွေကတော့ ညစ်ပတ် တယ်ကွ။ နောက်ပြီး ကောင်တာက အဒေါ်ကြီးကလဲ ...ဒဲ"

"ဘာကောင်တာက အဒေါ်ကြီးလဲ ဟိုကောင်ပြောတော့ စော်လေးဆို၊ မင်းတို့ကောင်တွေ မညာနဲ့နော်၊ တကယ်ရော လက်ဖက်ရည်ဆိုင်ထိုင်ခဲ့ရဲ့လား"

ချက်ချင်းပဲ ဇဝေဇဝါဖြစ်နေတဲ့မျက်နှာနဲ့ ဝင်းကိုက ဝင်မေးတယ်။ မင်းဆန်း ကလည်း ကျွန်တော့်ကိုလည်းကြည့်၊ ပုတုကိုလည်းကြည့် သိပ်ယုံချင်တော့ပုံ မရတော့ ဘူး။ ပုတုဆိုတဲ့ ဒီခွေးမသားဟာ လုပ်လိုက်ရင် အဲဒီလို သောက်တလွဲချည်းပဲ။ ကျွန်တော့်ရှေ့က ဖောသမ္ဘ ဒီကောင် နောက်က လိုက်ဖော်တတ်တယ်။ ကျွန်တော် လည်း မနေသာတော့ဘဲ ဝင်ပြောရတော့တာပေါ့။ ဝင်ပြောဖို့ အကွက်စောင့်နေတာပဲ ဟာ။ နောက်ပြီး ဘာမှမဟုတ်တာလေးနဲ့ တကယ်ကြီး လက်ဖက်ရည်ဆိုင်ထိုင်ခဲ့တာ ကို အယုံအကြည်မဲ့သွားရင် ကျွန်တော်တို့ စွန့်စားခန်းကြီးတစ်ခုလုံး ရေစုန်မျောသွား မှာပေါ့။

"တို့ လက်ဖက်ရည်သောက်တဲ့အချိန်ကျတော့ ကောင်မလေးက ထသွားပြီ ဟ၊ သူ့အမေကြီးလား မသိဘူး ကောင်တာထိုင်နေတာ။ ဒီကောင်က မသိလိုက်ဘူး။ ငါက ကောင်မလေးကို ရှိုးနေတာဆိုတော့ သိတာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီတော့မှ ကျန်တဲ့ကောင်တွေလည်း ကျေနပ်သွားပုံရတယ်။

"ပုတုက မပြောတတ်ဘူးကွ၊ မင်းပဲပြောတော့ ပော့ရောင်" တဲ့ မြတ်ကျော်က ကျွန်တော့်ကိုပဲ ပွဲတောင်းတယ်။ ပုတုကတော့ သနားပါတယ် သူ ဘာမှတောင် မပြောရသေးဘဲ အမှားပါသွားတော့ မျက်နှာလေးကို ငယ်သွားတာပဲ။ မတတ်နိုင်ဘူးဗျာ။ သူကိုက နုံတာကိုး။ ဒီတော့ ကျွန်တော်လည်း ဒီကောင်တွေအကုန် ကျွန်တော့်မျက်နှာကို မြင်ရလောက်မယ့် ကိုင်းဆီလှမ်းကူး ချောင်းတစ်ချက် ရှင်းလိုက်ရင်း ဇာတ်လမ်းအစုံကို ပြန်ပြောရတော့တာပေါ့။ လက်ဖက်ရည်ဆိုင်အကြောင်း စာစီစာကုံး ရေးသလိုပဲ။ သိထားတာအကုန် ဟုတ်တာတွေရော၊ မဟုတ်တာတွေရော အိတ်သွန်ဖာမှောက် ထောင့်စေ့အောင် ပြောတော့တာ။

ဆိုင်အတွင်းထဲက မြင်ကွင်း၊ ဘဲကြီးတွေ လက်ဖက်ရည်ဆိုင်မှာသောက်စကားအရမ်းများပုံ စသဖြင့် အရင်တုန်းက ကျောင်းသွားရင်း လှမ်းလှမ်းငေးတတ်တဲ့ လက်ဖက်ရည်ဆိုင်တွေထဲက မြင်ကွင်းတွေပါ ထည့်ပြောရတာပဲ။ တကယ်တမ်းက ကျွန်တော်တို့ ထိုင်ခဲ့တဲ့ဆိုင်က လူမှမရှိဘဲ။ ဆိုင်ထဲ လူမရှိလို့ ထိုင်ရဲတာပါကွာလို့ အပြောခံရမှာ စိုးတာနဲ့ ကျွန်တော်လည်း ဆိုင်ထဲမှာ လူတွေများလွန်းလို့ တစ်ယောက်နဲ့ တစ်ယောက် တိုက်နေပုံ၊ ဝိုင်းတွေက ကပ်နေတော့ စကားသံတွေကလည်း ဆူညံနေတဲ့အကြောင်း စိတ်ကူးတွေလျှောက်ယဉ်ပြီး ရေလည် ဖောတာပေါ့ဗျာ။ ဒီကောင်တွေလည်း ဘာသိတာမှတ်လို့၊ အဆုံးသတ်ကျမှ ဒီကောင်တွေ မခံချိမခံသာဖြစ်စေမယ့် စကားလေးနဲ့ နိဂုံးချုပ်ပေးလိုက်တယ်။ ဒညင်းသီး၊ ငပိရည်နဲ့ ဝါးတီးဆွဲလိုက်ရသလိုပဲ မြိန်လိုက်တာဗျာ။

"ငါတော့ လက်ဖက်ရည်ဆိုင် အမြဲ သွားထိုင်တော့မယ်ကွာ၊ လက်ဖက်ရည်သောက်ရတာ စတိုင်ကျတယ်ကွ၊ ဇိမ်ပဲ။ ငါက လက်ဖက်ရည်လည်းကြိုက်တယ်။ မင်းတို့လည်း လက်ဖက်ရည်ဆိုင်လေးတော့ ထိုင်ဖူးသင့်တယ်။ ငါတို့အရွယ်က လက်ဖက်ရည်ဆိုင်ထိုင်ရမယ့် အရွယ်ပဲလေ။ မင်းတို့က ခေတ်နောက်ကျလွန်းတယ်"

စွန့်စားခန်းကို လက်စသတ်ပြီးတဲ့နောက် အကုန်လုံးရဲ့ မျက်နှာတွေကို ကျွန်တော် လိုက်ကြည့်မိတယ်။ လက်ဖက်ရည်ဆိုင်မထိုင်ဖူးတာ သိပ်အောက်တန်းကျရပါလားလို့ မင်းဆန်းကအစ အကုန်လုံး တိရစ္ဆာန်ရုံထဲက မျောက်အိုကြီးတွေလို မှိုင်မှိုင်တွေတွေတော့ ဖြစ်သွားကြတာချည်းပဲ။ ကျွန်တော်လဲ ကြိတ်ပြီးကျေနပ်နေတာပေါ့။ သိပ်ကျေနပ်နေကြောင်း မျက်နှာပေါ် မှာမပေါ် အောင် မျက်နှာပိုးတော့ သတ်ထားရတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

"အိမ်ပြန်လိုက်ဦးမယ်ကွာ။ အမေ့ကို ဆိုင်ထိုင်ပေးရဦးမှာ"

ပုတုကိုလည်း လစ်ရအောင် ဆိုတဲ့သဘောနဲ့ ခါးတစ်ချက် တို့လိုက်ပြီး ခပ်တည်တည်နဲ့ သစ်ပင်အောက်ကိုဆင်း အနိုင်နဲ့ပိုင်း ထွက်ခဲ့လိုက်တယ်။ ကျန်ခဲ့တဲ့ သုံးကောင်ကတော့ အပင်ပေါ်ကနေ ကျွန်တော်တို့နှစ်ယောက်ရဲ့ နောက်ကျောကို မချင့်မရဲနဲ့ ငေးကြည့်ကျန်နေခဲ့ကြမှာ သိပ်သေချာတာပေ့ါ။ မအေဘေးတွေ မှတ်စမ်း ကွာ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ကျောင်းတွေဖွင့်တဲ့ရက် မနက်ခင်းတွေမှာဆိုရင် ကျွန်တော်တို့က ကျောင်းနဲ့အိမ်ကြား တစ်မိုင်လောက်ခရီးကို လမ်းတစ်လျှောက်က လက်ဖက်ရည်ဆိုင်တွေကို ငေးရင်းနဲ့ပဲ သွားကြတာ။ ကျွန်တော်တို့ ဆိုတာ ကျွန်တော်ရယ်၊ ပုတုရယ်၊ မင်းဆန်းရယ် သုံးယောက်။ သုံးယောက်သား လက်ဖက်ရည်ဆိုင် မြင်လိုက်တာနဲ့ မျက်လုံးမခွာတော့ဘူး။ ခြေထောက်က သူ့ဘာသာသူ သွားနေလို့သာ ကျောင်းရောက်တော့တာပဲ။ မျက်လုံးတွေက လက်ဖက်ရည်ဆိုင်မှာ တည့်လျက်ပဲ။ ကျော်သွားတော့လည်း ခေါင်းတွေစောင်းလို့ လည်ပြန်၊ ငေးနေတဲ့ လက်ဖက်ရည်ဆိုင်နဲ့ တော်တော်ဝေးဝေး မမြင်ရတော့တဲ့အထိ။ နောက်လက်ဖက်ရည်ဆိုင်တစ်ခုအနား မရောက်မချင်း ကျန်ခဲ့တဲ့ လက်ဖက်ရည်ဆိုင်ရဲ့ ဘယ်နေရာလေးမှာ ဘယ်လိုထိုင်လိုက်လို့ကတော့ကွာလို့ တမ်းတနေတော့တယ်။ ပြီးတော့ ဆိုင်အခင်းအကျင်း၊ စားပွဲခုံတွေ၊ ခွေးခြေတွေ၊ ရေနွေးကြမ်းအိုးရဲ့ ဒန်ရောင်တောက်နေ မနေအထိ အကျိုးအပြစ် အနာအဆာ ခွဲခြမ်းစိတ်ဖြာကြတယ်။

"ဆိုင်က ကျဉ်းတယ်ကွ၊ ဝိုင်းလေးတွေက ကပ်နေတာ၊ ငါက တစ်ဝိုင်းနဲ့ တစ်ဝိုင်း တအား သိပ်နီးနေရင် မကြိုက်ဘူး" ဆိုတာမျိုး ဆရာကြီး အထာတွေနဲ့။ နောက်လက်ဖက်ရည်ဆိုင်တစ်ခုကို တွေ့ပြန်တော့ အရင်ဆိုင်ကို ငေးခဲ့သလိုမျိုး အစကနေ ပြန်ငေး။ ကျောင်းပေါက်ရောက်တဲ့အထိပဲ။

mgyoe.com

ကျွန်တော်တို့နဲ့ ကျောင်းမတူတဲ့ မြတ်ကျော်နဲ့ ဝင်းကိုတို့ အုပ်စုလည်း ကျွန်တော်တို့လိုပဲ။ ဒါပေမယ့် ဒီကောင်တွေက ဖယ်ရီရှိတယ်။ ဖယ်ရီကားပေါ်က လှမ်းငေးရတာဆိုတော့ အဲဒီကောင့်တွေ ကျွန်တော်တို့လောက်တော့ လက်ဖက်ရည်ဆိုင်အကြောင်း မသိဘူး။ ဒီကောင်တွေက ကျွန်တော်တို့နဲ့ တဝင်းတည်းနေတဲ့ သူငယ်ချင်းတွေမို့သာပါ။ အတော်များများ မတူဘူး။ သူဌေးသားလေးတွေ။ သူတို့ အဖေ အမေတွေက ဒီကောင်တွေနှစ်ကောင်ကို မတရား ဖူးဖူးမှုတ်ချင်တာ။

"သားလေး ရေချိုးတော့မယ်ဟေ့၊ သားလေးရေ စာကျက်ရအောင်ဟေ့"

အဲဒီလိုတွေ သူတို့တိုက် ဝရန်တာကနေ အော် အော်ခေါ်တာ။ အဲဒီကောင်တွေမှာ ခုနစ်တန်းရောက်နေပြီ။ ရေမိုးချိုးပြီးရင် မိန်းကလေးတွေလို သနပ်ခါးအဖွေးသားနဲ့။ သပွတ်တံနဲ့တောင် ခြစ်ထားသေးလို့၊ သစ်ရွက်ခြောက်ကလေးတွေ ပါးပေါ်တင်ထားသလို အစင်းကလေးတွေပါသေး။ အဆိုးဆုံးက ထမင်းစားခေါ်တာပဲ။

"သားလေးရေ မန်မန်းစားမယ်" တဲ့။

ပေါ်တောတောနဲ့ဗျာ။ အဲဒီလို သူတို့အမေတွေ တကြော်ကြော်အော်ခေါ်တဲ့ အချိန်ဆိုရင် ဒီကောင်တွေ နှစ်ကောင်ဆိုတာ မတရား ရှက်ကြတာ။ မျက်စိပျက် မျက်နှာပျက်နဲ့ တန်းလစ်တာပဲ။ ဒီအရွယ်ကြီးကို မန်မန်းစားမယ်ဆိုတာကျ အောက်တယ်လေဗျာ။ သိတယ်မို့လား။ သိက္ခာချနေသလိုပဲလေ။ အဲဒီနှစ်ကောင်ဟာ အီးတောင် ကိုယ့်ဟာကိုယ် ကုန်းကြရဲ့လား မပြောတတ်ဘူး။

ကျွန်တော်က ပုတု၊ မင်းဆန်းတို့လောက် မဟုတ်ပေမယ့် ဆင်းတော့ ဆင်းရဲသားပဲ။ ပုတုနဲ့ မင်းဆန်းကျတော့ ဒီကောင်တွေက သူတို့ဦးလေးတွေ၊ အစ်ကိုကြီးတွေ အိမ်မှာ ကပ်နေရင်း ကျောင်းတက်ရတာလေ။ မုန့်ဝယ်စားဖို့တောင် မုန့်ဖိုးမရှိတဲ့ကောင်တွေ။ ကျွန်တော်ကချည်း ကျွေးရတာ။ မြတ်ကျော်၊ ဝင်းကိုတို့ကျတော့ သူတို့အဖေအမေတွေက ကျွန်တော်တို့ အဖေအမေတွေထက်စာရင်တော့ ပိုက်ဆံချမ်းသာကြတယ်။ သူတို့အမေတွေကဆိုရင် ကျွန်တော်တို့နဲ့ ပေါင်းတာတောင် သိပ်မကြိုက်ချင်သလိုလို ဘာလိုလိုနဲ့။ ကျွန်တော် သုံးလေးတန်းနှစ်တွေတုန်းက အိမ်က တီဗီမဝယ်နိုင်သေးဘူးဗျ။ အဲဒါ ညဆိုရင် ဒီကောင်တွေအိမ်တွေမှာ သွားကပ်ကြည့်ရတာပေါ့။ အမြဲတမ်း မဟုတ်ပေမယ့် တစ်ခါတလေ ကျွန်တော်ရောက်ခါမှ တီဗီကိုကောက်ပိတ်ချင် ပိတ်လိုက်သေးတာ။ လူကြီးတွေကလည်း သောက်ကျင့်ယုတ်တယ်ဗျ။ ဒါပေမယ့် မြတ်ကျော်နဲ့ ဝင်းကိုတို့ကိုတော့ ကျွန်တော်က ခင်ပါတယ်။

m gyi o e . c o m

mgyoe.com SAMPLE BOOK

ဒီနှစ်ကောင်ကလည်း ကျွန်တော့်ကိုခင်တယ်။ ဒါပေမယ့် သူတို့အဖေတွေ အမေတွေကို သောက်မြင်ကတ်တာနဲ့ ဒီကောင်တွေနဲ့ သိပ်မပေါင်းဘူး။

မြတ်ကျော်နဲ့ ဝင်းကိုတို့ တက်တဲ့ကျောင်းက ကျွန်တော်တို့နေတဲ့ တိုက်တန်းလျားတွေရဲ့ အခြားတဖက် တမိုင်ခွဲ နှစ်မိုင်လောက်မှာ။ ကျွန်တော်တို့ကျောင်းက ကျွန်တော်တို့နေတဲ့ တိုက်တန်းလျားတွေရဲ့ အခြားတဖက် တစ်မိုင် တစ်မိုင်ခွဲလောက်မှာ။ ဆန့်ကျင်ဘက်ပဲ။ ကျွန်တော်တို့က မင်္ဂလာတောင်ညွန့်၊ ဒီကောင်တွေက ဒဂုံ။ ကျွန်တော်တို့သူငယ်ချင်းတွေထဲ အဲဒီလိုကျောင်းမတူတဲ့ သူငယ်ချင်းတွေ အများကြီး။ ကျောင်းမတူတာကလည်း ငယ်ကတည်းက ကွဲတာမျိုးတော့ မဟုတ်ဘူး။ သူငယ်တန်းကနေ လေးတန်းအထိက မူလတန်းတုန်းကတော့ တော်တော်များများ အတူတူပဲ။ ငါးတန်းတက်တော့ ကျောင်းတွေပြောင်းရတော့ မိဘတွေ၊ ဦးလေးတွေ အစ်ကိုတွေက သူတို့သန်ရာသန်ရာအပ်ကြရင်း ကွဲကုန်ကြတာ။

အိမ်တွေကျတော့ တစ်တိုက်ထဲတွေနေကြတာ အပေါ်ထပ် အောက်ထပ်။ တစ်တိုက်ထဲမဟုတ်တောင် ဘေးကတိုက်မှာ။ ကျွန်တော်တို့အတွက်တတော့ တိုက်မတူတာဟာ ကွဲပြားတယ်လို့ကို မထင်တာ။ အချိန်တိုင်း တတွဲတွဲနေကြတာကိုး။ ကျောင်းက တခြားသူငယ်ချင်းတွေ ရှိပေမယ့်လည်း ကိုယ့်ရပ်ကွက်က သူငယ်ချင်းတွေနဲ့ ပေါင်းတာမျိုးနဲ့တော့ ဘယ်တူမှာလဲ။ ဒါပေမယ့် ဗရုတ်ကျတာချင်းကတော့ အတူတူပါပဲ။ ကျောင်းကကောင်တွေက ပိုတောင် ဆိုးသေးတယ်။ ကျွန်တော်တို့ ကျောင်းက ယောကျ်ားလေးချည်း သီးသန့်ကျောင်းလေ။ ဆိုးပုံ ဆိုးမျိုးကတော့ အတုမရှိလောက်ဘူးကို ထင်မိတယ်။ ပြောရရင် ဒီအရွယ်ကလေးတွေနဲ့ ဒီလောက် ဆိုးတာ ယုတ်တာမျိုး ရှိပါ့မလားကွာလို့ အောက်မေ့ရအောင်ကို ဆိုးတာပဲ။

မနက်လင်းရင် ကိုယ့်ကျောင်းရှိရာဘက် ကိုယ့်အုပ်စုနဲ့ကိုယ် သွားကြတယ်။ လမ်းတစ်လျှောက် တွေ့သမျှ လက်ဖက်ရည်ဆိုင်အတွင်းထဲကို လှမ်းငေး၊ ကျွန်တော်တို့အားလုံး လက်ဖက်ရည်ဆိုင်ထိုင်ချင်နေကြတာ ပြီးခဲ့တဲ့နှစ် နွေရာသီကျောင်းပိတ်ရက် စကတည်းကပဲ။ ဒါပေမယ့်လည်း အစဆိုတာ ဘာဖြစ်ဖြစ် ခက်တာချည်းပဲ။ မဝံ့ရဲဘူးဗျ။

"ဟဲ့ကလေးတွေ လက်ဖက်ရည်ဆိုင် လာထိုင်တယ်ဟုတ်လား၊ မိမဆုံးမ ဖမဆုံးမကလေးတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ "

ဆိုင်ရှင်တွေက အဲဒီလိုကြီး အော်ထုတ်လိုက်မလားလို့ ကြောက်ကြတာ။ တကယ်ကတော့ဗျာ ဘယ်ဒီလိုအော်မလဲဗျ။ ဒါပေမယ့် ကလေးတွေဆိုတော့ ထင်

mgyoe.com

mgyoe.com SAMPLE BOOK

ချင်ရာထင်၊ ကြောက်ချင်ရာ ကြောက်ပဲလေ။ ဘယ်တတ်နိုင်မလဲ။ အကုန်လုံးက အရပ်ပုပုလေးတွေ။ ကျွန်တော်ဆိုရင် ခုနစ်တန်းနှစ်အထိ အရပ်က သုံးပေခွဲသာသာ လောက်ပဲ ရှိမယ် ထင်တယ်။ အတန်းအတူတူထဲက နည်းနည်း အကောင်ကြီးတဲ့ ကောင်တွေကဆို ကျွန်တော့်ကို လိပ်တမော့တို့၊ ခွေးပစ်တုတ်တို့ ခေါ်ကြတာ။ အဲဒီလို အခေါ် ခံရတိုင်း ကျွန်တော်တော့ ဒေါသထွက်မိတယ်။ ဘယ်သူဖြစ်ဖြစ် အဲဒီလိုအခေါ် ခံရရင် တင်းမှာပဲလေ။ စိတ်ထဲကလည်း အမြဲတမ်း ကြိမ်းဝါးခဲ့မိတာ ပေါ့။

"ခွေးမသားတွေ ငါ အရပ်ရှည်လာတဲ့တစ်နေ့ မင်းတို့ကို ငါ့အရပ်နဲ့ကို ဖို့သတ်ဦးမယ်"

ကျွန်တော်တို့နေတဲ့ ဝန်ထမ်းအိမ်ရာဝင်းရဲ့ နာမည်ကို ရေးထားတဲ့ သံဆိုင်းဘုတ်ကြီးတစ်ခု ရှိတယ်။ အုတ်ခုံကြီးနှစ်ခုပေါ်မှာ သံတိုင်တွေနဲ့ လုပ်ထားတာ။ ကျွန်တော်တို့ တိုက်ရှေ့လေးတင်ပဲဗျာ။ အဲဒီဆိုင်းဘုတ်က ဘားတန်းလိုဖြစ်နေတဲ့ သံပိုက်တွေကို အရပ်ရှည်အောင် ဘားသွားသွားဆွဲရတာလည်း အမောပဲ။ ဒါလည်း တော်တော်နဲ့ မရှည်ပါဘူး။ အရင်ဘဝက သူများတွေကို အရပ်ပုအောင် လုပ်ခဲ့မိလို့ လား မသိဘူး။ ကျွန်တော့်မှာ တော်တော်နဲ့ အရပ်မထွက်လို့ တွေးမိတိုင်း စိတ် မကောင်းဖြစ်ရတယ်။ အရပ်ပုတော့ စော်လည်း သိပ်မကြည်ဘူးဗျာ။ အနိုင်ကျင့် ချင်တဲ့ ကောင်ကလည်း သိပ်များတယ်။ အလယ်တန်း၊ အထက်ထန်းကျောင်းတွေမှာ တော့ လူကောင်သေးတာဟာ "လာပါ... လာပါ ငါ့ကို အနိုင်ကျင့်လှည့်" လို့ ဆိုင်းဘုတ်ရေးပြီး ဖိတ်ခေါ်နေသလိုပဲ။

ဒါတောင်မှ ငါးတန်းနှစ်တုန်းက ယောက်ျားလေးကျောင်းကို ပြောင်းပြီး စတက်ရတော့ ကျွန်တော်တို့ တိုက်သုံးမှာပဲနေတဲ့ ကိုဘီလူးက ကျွန်တော်တို့ သုံး ယောက်ကို မကြောက်ဖို့ အားပေးသေးတယ်။ ကိုဘီလူးဆိုတာက ကျွန်တော်တို့ ငယ်ငယ်ကလေးကတည်းက အတူတူကစားဖက် ကောင်မလေးရဲ့ အစ်ကိုကြီး။

"မင်းတို့ကို အနိုင်ကျင့်တဲ့ကောင်ရှိရင် ငါ့လာတိုင်ကွ၊ ဒီကျောင်းမှာ ဘီလူးဆိုရင် မသိတဲ့ကောင် မရှိဘူး" တဲ့။

ကျွန်တော်တို့သုံးယောက်လုံး သူ့ကို အရမ်းလေးစားသွားတယ်။ သူက ကျွန်တော်တို့ထက် သုံးတန်းကြီးတော့ အဲဒီတုန်းက ရှစ်တန်းကျောင်းသားကြီးပေါ့။ တကယ့်ကို ရှိန်စရာအရွယ်ပဲ။ ဘီလူးဆိုတာက သူ့နာမည်ရင်းတော့ ဘယ်ဟုတ်မလဲ နာမည်ပြောင်ပေါ့ဗျာ။ သူ့ရုပ်ကလဲ ဘီလူးနဲ့ သိပ်မတူပါဘူး။ သဒတ် (သွားတက်)

mgyoe.com

mgyoe.com  SAMPLE BOOK 

ကလေးတွေပါတော့ အစွယ်လေးနဲ့ ဖြစ်နေတာကိုး။ သူကလည်း အဲဒီနာမည်ကို ကြိုက်ပုံပါပဲ။ ကျွန်တော်တို့က ကိုဘီလူးလို့ခေါ်ရင် အမြဲကျေနပ်နေတဲ့ ရုပ်ကြီးနဲ့။ ဘီလူးဆိုတော့လည်း နာမည်ကိုက ဖြမယ်ဆိုတဲ့ အထာပေါ့ဗျာ။

ယောက်ျားလေးကျောင်းကြီးကို စတက်တဲ့ ငါးတန်းနှစ်နဲ့ နောက်တစ်နှစ် ခြောက်တန်းနှစ်တွေကတော့ မုန့်စားကျောင်းဆင်းချိန်ဆို သူ့ဆီ သွားကြတာပဲ။ သူနဲ့ ထမင်းအတူစားတယ်။ များသောအားဖြင့်တော့ ကျွန်တော့်တို့သုံးယောက်ရဲ့ ထမင်းချိုင့်ကို သူ့ကို ခွဲကျွေးရတာပါ။ လုံခြုံရေးအတွက် လုပ်အားခပေးသလိုမျိုး ထင်တာပဲ။ သူနဲ့အတူ ကျောင်းမုန့်ဈေးတန်းကို သွားတယ်။ ကျွန်တော့်ပိုက်ဆံနဲ့ပဲ အအေးတခွက်စီသောက်ကြတယ်။ ပြီးတော့ ကျောင်းအိမ်သာကို သူနဲ့အတူသွားတယ်။ ငါးတန်း၊ ခြောက်တန်းနှစ်မှာ ကျွန်တော်တို့ သုံးယောက်စလုံး ဆေးလိပ်မသောက်တတ်သေးဘူး။ ဒါပေမယ့် ကျွန်တော်က တိတ်တိတ်ကလေး သင်ယူနေပြီ။ တိတ်တိတ်ကလေး သင်ယူတယ်ဆိုတာ ကိုဘီလူး စီးကရက်ဖင်ကို ဆွဲစုပ်လိုက်ပုံ၊ အငွေ့ကို အပျောက် ရှိုက်လိုက်ပုံ၊ အငွေ့ကို ပြန်ထုတ်ရင်လည်း နှာခေါင်းကနေ အတန်းလိုက် ကလေးထွက်သွားပုံတို့ကို တကယ့်ကမ္ဘာ့အံ့ဖွယ်ကြီးလို စောင့်ကြည့် အံ့သြနေခဲ့မိတာကို ပြောတာပါ။ (တစ်ခါတလေ အငွေ့ကို စက်ဝိုင်းပုံ ကွင်းလေး ဖြစ်အောင် ထုတ်ပြတတ်သေးတယ်ဗျ။ သောက်ရမ်းကို မိုက်တာပါဗျာ။ ဒါပေမယ့် ကိုဘီလူးလဲ စက်ဝိုင်းအငွေ့ပုံကို လုပ်တိုင်း ထွက်တာတော့ မဟုတ်ပါဘူး။)

သူနဲ့အဲ့သလို ကျောင်းအိမ်သာမှာ၊ မုန့်ဈေးတန်းမှာ တစ်ခါတလေ တွဲသွား တွဲလာလုပ်ရတာကိုက ကျွန်တော့်တို့အတွက် အများကြီး လုံခြုံသလို ခံစားရတယ်။ ဒါပေမယ့်လည်းဗျာ နည်းအမျိုးမျိုးနဲ့ ခြိမ်းခြောက် အနိုင်ကျင့်ချင်တဲ့ကောင်ဆိုတာ အတန်းတစ်တန်းမှာ အမြဲရှိတာပဲ။ "သွားတိုင်ရင် မင်း ဒီထက်နာမယ်" လို့ ခြိမ်းခြောက် ခံရတာမျိုးကျ ဘာတတ်နိုင်မှာလဲ ကြိတ်ခံရတာပဲ။ နောက်ပြီး အနိုင်ကျင့်ခံရတိုင်း "ကိုကြီးဘီလူးရေ သားကိုတော့ အနိုင်ကျင့်နေပြီဗျ" ခဏခဏကြီး သွားတိုင်ပြောနေလို့မှ မဖြစ်နိုင်တာဘဲ။ ငါးတန်းဆောင်နဲ့ ရှစ်တန်းဆောင်ကလည်း အဝေးကြီး။ ဒီတော့လည်း ကိုယ့်ပြဿနာ ကိုယ်ရှင်း တော်ရုံတန်ရုံ အနိုင်ကျင့်ခံရတာမျိုးလောက်နဲ့တော့ ကျွန်တော်တို့ကလည်း သွားမပြောချင်တော့ပါဘူး။

❑

ကျွန်တော်နဲ့ ပုတု လက်ဖက်ရည်ဆိုင်ထိုင်ပြီး နောက်တစ်နေ့ပဲ ကျောင်းတွေစဖွင့်လို့ ကျောင်းသွားကြတော့ လမ်းမှာ ပုတုနဲ့ မင်းဆန်းကို ကျောင်းမတက်ခင်

mgyoe.com

mgyoe.com SAMPLE BOOK
လေး ကျောင်းနားက လက်ဖက်ရည်ဆိုင်ထိုင်ကြဖို့ အဖော်ညှိကြည့်သေးတယ်။

"အေး ထိုင်ကြရအောင်ကွာ" တဲ့။

အစတော့ နှစ်ကောင်လုံး အားတက်သရောနဲ့ ပြောသေးတယ်။ လက်ဖက်ရည်ဆိုင်ရှေ့ ပလက်ဖောင်းနားလည်း ရောက်ရော "ငါတို့ကျောင်းထဲဝင်တော့မယ်ကွာ ကျောင်းနောက်ကျနေလိမ့်မယ်" ဆိုပြီး နှစ်ကောင်သား ကြောက်ချေးပါပြီး လစ်ပြေးပါလေရော့။ စာအုပ်တွေ အများကြီးထည့်ထားတဲ့ လွယ်အိတ်ကြီးတွေနဲ့ သူတို့ပေါင်နဲ့ ရိုက်နေတဲ့ တဘုတ်ဘုတ် အသံတောင်မြည်တယ်။ ဒီကောင်တွေကတော့ တကယ့်ကို ချတ်တားတွေဗျာ။ ဆိုင်ထဲဝင်ခါနီးကျမှ ကျွန်တော်တို့ကို ရှုံးနေတဲ့ ကျောင်းသားကြီးတွေကို ကြည့်ပြီး ရှိန်သွားကြတာ။ တစ်ယောက်တည်း ကျန်ခဲ့တဲ့ ကျွန်တော့်လည်း အဲဒီ လဘာဂျာနှစ်ကောင်နောက် ပြေးလိုက်ရတော့တာပေါ့။ နောက်က လှောင်ရယ်သံတွေတောင် ကြားလိုက်မိသလိုပဲ။ ရှက်လိုက်တာ။ ကျွန်တော်လည်း ခပ်တည်တည်နဲ့ တစ်ယောက်တည်း ဝင်ထိုင်ရဲလောက်တဲ့အထိ တော့ သတ္တိမရှိသေးဘူးလေ။ အလကားဖွတ်ကျား အာပေတူးကောင်တွေ။ ပုတုဆိုတဲ့ကောင် ပိုဆိုးတယ်။ သူက ကျွန်တော်နဲ့ လက်ဖက်ရည်ဆိုင်အတူတူ ထိုင်ခဲ့ဖူးပြီးသား။ ပြေးချင်းပြေးရင် မင်းဆန်းက အရင်ပြေးရမှာ။ ဒင်းက မင်းဆန်းရှေ့က တောင် ရောက်နေလိုက်သေးတယ်။

တကယ်တမ်းက ဘာမှ ကျောင်းနောက်ကျစရာလည်း ရှိတာမဟုတ်ဘူး။ ကျွန်တော်တို့ ဝင်ထိုင်ဖို့လုပ်တဲ့ လက်ဖက်ရည်ဆိုင်က ကျောင်းနဲ့ဆိုရင် ခြေလှမ်းအလှမ်းနှစ်ရာ သာသာလောက်လေး ရှိတာ။ လက်ဖက်ရည်ဆိုင် ရှေ့ကနေ လှမ်းကြည့်လိုက်ရင် ကျောင်းတံခါးပေါက်သံတခါးကို အဝေးက ဂူဝလို မြင်နေရတာပဲလေ။ ဆိုင်ထဲမှာက စားပွဲတွေကလည်း အများကြီး ခင်းထားတာ။ မနက်ခင်းဆိုရင် ကျွန်တော်တို့ကျောင်းက ကိုးတန်း၊ ဆယ်တန်း ကျောင်းသားကြီးတွေဆိုတာ အဲဒီဆိုင်က ခွေးခြေပေါ်မှာ ခြေထောက်ချင်းချိတ်ထိုင်လို့ စီးကရက်လေးဖွာသောက်လိုက်ကြ၊ လမ်းကို ငေးလိုက်ကြ၊ သူတို့အချင်းချင်း အော်ဟစ် နောက်ပြောင်ရင်း ကျယ်ကျယ်လောင်လောင်ရယ်လိုက်ကြ။ ကျွန်တော်တော့ သူတို့ကိုကြည့်ရင်း သူတို့လို လုပ်နေတယ်ဆိုတဲ့ စိတ်ကူးကို ယဉ်လိုက်ရတာ သက်ပြင်းတချချနဲ့မို့ ပန်းနာရင်ကြပ်ရောဂါသည်လေးလိုပဲ မောတောင် မောတယ်။

ကျောင်းသားကြီးတွေကတော့ သိတယ်မို့လား။ ဘာလုပ်လုပ် အထင်ကြီးစရာချည်းပဲ။ ပုဆိုးတွေက ချက်ပြုတ်တွေ၊ အင်္ကျီရင်ဘတ် ဟပြဲတွေနဲ့ ထမင်းချိုင့်

mgyoe.com

mgyoe.com

ဆိုရင်လည်း ဘယ်တော့မှ မထုပ်ဘူး။ လွယ်အိတ်ဆိုရင်လည်း တကယ့်သေးသေး လေးတွေ။ အထဲမှာ စာအုပ်တောင်ပါရဲ့လား မသိဘူး။ ကျွန်တော်တို့မှာ လွယ်အိတ်ကြီးထဲ စာအုပ်တွေနဲ့ ကွန်ပါဘူးတွေနဲ့ ရှုပ်ယှက်တွေကို ခတ်နေတာဗျာ။ ကျောင်းစာအုပ်ဆိုတာကလည်း ပုံနှိပ်စာအုပ်ရော၊ ဗလာစာအုပ်ရောဆိုတော့ များလွန်းလို့ တစ်နေ့တစ်နေ့ လွယ်အိတ်ထမ်းရတာနဲ့တင် ခါးကြီးကို စောင်းလို့။ သေချင်စော် တောင် နံတယ်။

အိမ်ကို ကျောပိုးအိတ်လေး ဝယ်ပေးစမ်းပါဗျာလို့ ခဏခဏတော့ ပြောတာပဲ။ ဝယ်မပေးဘူးဗျာ။ ဒါလေး ဗယ်ပေးလိုက်တော့ မွဲသွားမှာ ကျနေတာပဲ။ အဲဒီတော့ ကျွန်တော်တို့မှာ ရိုးရိုးလွယ်အိတ်ကိုပဲ ခေါင်းရှေ့မှာ ချပြီးစွပ်၊ ပြီးတော့ ကြိုးနှစ်ချောင်းကို ချိုင်းကြားမှာ ညှပ်ပြီး ခေါင်းနောက်ကို လှန်တင်လိုက်တဲ့အခါ ကျောပိုးအိတ်ပုံစံ ဖြစ်သွားလို့ အဲဒီလို လွယ်ကြတာပေါ့။ လွယ်အိတ်ကြိုးက လက်မောင်းနှစ်ဖက်ကို ညှစ်ထားသလိုဖြစ်နေလို့ နည်းနည်းနာပေမယ့်လည်း အေးဆေးပါ။ ကျောပိုးအိတ်လိုမျိုးပဲ စတိုင်ကျတယ် ထင်တာပဲကိုး။ ဒါပေမယ့်လည်း အဲဒါမျိုးကို ခြောက်တန်းနှစ် နှစ်လယ်လောက်ကတည်းက မလွယ်တော့ပါဘူး။ ကလေးပေါက်စတွေ လွယ်တဲ့ပုံစံကြီးလေ ဘာလုပ်မှာလဲ။ ကြောင်တောင်တောင်နဲ့ ဂဲလေးကလား အဆိုတော် လေးလေးဝါးတွေ။

ကျောင်းဝင်းထဲ ရောက်ပြီဆိုရင် ကိုယ့်အတန်းမှာ လွယ်အိတ်ကို အရင်ပြေးထားလိုက်တယ်။ ပြီးတာနဲ့ ကျောင်းတံခါးနား ပြန်လာပြီး အတန်းကြီးကျောင်းသားတွေ ကျောင်းထဲ ဘယ်အချိန်မှ ဝင်သလဲ၊ ကျောင်းပေါက်မှာ ရစ်သီရစ်သီနဲ့ ဘာတွေများလုပ်နေကြသေးလဲ အုန်းမွှေးလုံးထိုင်ယက်ရင်း စောင့်ကြည့်နေလိုက်သေးတာပဲ။ ချာတိတ်တွေဟာ ကျောင်းသားကြီးတွေရဲ့ အရိပ်လိုပဲ။ ဘာလုပ်လုပ် သူတို့ပဲအားကျပြီး လိုက်ချောင်းနေမိတော့ ကိုယ့်ဘာသာ ကစားချိန်တွေ ဘာတွေတောင် လစ်ဟင်းကုန်တယ်။ အရင်ဆိုရင် ကျောင်းရှေ့ကတ်ကလေးတွေ ထိုးကြည့်ရတဲ့ ရုပ်သေဗီဒီယို ကြည့်ချင်ကြည့်၊ ရေခဲချောင်းစက်ဝိုင်း လှည့်ချင်လည်းလှည့်၊ နို့မဟုတ်လည်း အရုပ်သည်ကြီးရှေ့ ငုတ်တုတ်ထိုင်ရင်း လမုနဲ့မောင်းရတဲ့ ကားကို ငေးချင်ငေးနေခဲ့တာ။ အတန်းကြီးလာတော့ အဲဒါတွေ ပျင်းကုန်ရော။ လူကြီးပဲဖြစ်ချင်လာတယ်။ ကျောင်းသားကြီးတွေ လုပ်သမျှ နောက်ကနေ တသွေမတိမ်းလိုက်လုပ်ဖို့ ချောင်းနေခဲ့တယ်။ ကျောင်းထဲရောက်သွားရင်ကျ ချောင်းရတာ အဆင်မပြေတော့ဘူးလေ။ ဒီတော့ ကျောင်းပေါက်ကနေပဲ ထိုင်ကြည့်ပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီဘဲကြီးတွေကလည်း ကျောင်းတက်ခေါင်းလောင်းထိုးပြီဆိုမှ မဝင်ချင် ဝင်ချင်ပုံမျိုးနဲ့ ကျောင်းထဲဝင်လာတာ။ ခေါင်းလောင်းမထိုးမချင်းကတော့ ကျောင်းရှေ့မှာရှိသေးတဲ့ ဈေးသည်တွေအနား ဝယ်စားတာလည်း မဟုတ် ဘာမဟုတ်နဲ့ ရပ်ပြီး ဝေလေလေ လုပ်နေကြတာပဲ။ ဒါမှမဟုတ်ရင်လည်း ကျောင်းနဲ့ကပ်လျက်က အုတ်တံတိုင်းပဲခြားတဲ့ မိန်းကလေးကျောင်းဘက်ကို ခေါ် တောရှိုးရှိုး၊ ခွေးချောင်းချောင်းနေကြတာ။ (ကျားချောင်း ချောင်းတယ်တော့ ပြောမရနိုင်ဘူး။ တကယ်တော့လည်း ကျွန်တော်တို့အားကျနေတယ်ဆိုတဲ့ အဲဒီအရွယ်ကကို တကယ်တော့ ကလေးသာသာပါဗျာ။ ကျားမှ မဖြစ်သေးတာ၊ ဖြစ်ရင်လဲ ကျားငချွတ်ပဲ) ဒါပေမယ့်လည်း အဲဒါကကို ကျွန်တော်အတွက်တော့ သောက်ရမ်းမိုက်တယ်ကွာဆိုတဲ့ အထာမျိုးပဲ။

ကျောင်းအိမ်သာဆိုရင်လည်း သူတို့ပဲ။ အတန်းငယ် ချာတိတ်တွေအတွက် သေးပေါက်ဖို့လောက်ကတော့ အိမ်သာဝင်ဝင်ချင်း ဘေးဘက်မှာတင် အများပေါက်လို့ရအောင် မြောင်းပုံစံလုပ်ပေးထားလို့ နံနံဟောင်ဟောင် ဆိုပေမယ့်လည်း သိပ်မခက်ဘူး။ ချီးပါချင်ရင်ကျ ခက်ပြီ။ အိမ်သာတွေရှေ့က စကြိန်လျှောက်လမ်းမှာက ဒီဘဲကြီးတွေချည်းပဲ။ သူတို့အချင်းချင်းကို တိုးဝှေ့နေရလို့ ကျပ်သိပ်နေတာ။ စင်္ကြံလမ်း ကျဉ်းကျဉ်းလေးကို လူဆယ်ယောက်လောက် အိမ်သာတံခါးတွေကို မှီရပ်ပြီး ဆေးလိပ်သောက်နေကြတာ။ ဆေးလိပ်နံ့တွေဆိုတာ မွှန်ထူလို့ မီးခိုးတွေဆိုတာလည်း မီးလောင်နေတဲ့ အတိုင်းပဲ။ အစပိုင်းတုန်းက ကျွန်တော်တို့လည်း ဆေးလိပ်နံ့ကို မခံနိုင်ဘူးဗျ။ နောက်တော့လည်း ယဉ်သွားရော။

အိမ်သာထဲဝင်ရင် သူတို့ပိတ်ရပ်ထားတဲ့ အိမ်သာရှေ့ ကိုယ်ကိုယ့် ခေါင်းလေးငုံ့ပြီး "ကိုကြီး နည်းနည်းလောက်ဗျ"လို့ တရိုတသေပြောပြီး ဝင်ရတယ်။ မသိရင် အိမ်သာဝင်တာ ကျောင်းအုပ်ကြီးရုံးခန်း ဝင်ရသလိုပဲဗျာ တုန်တုန်ယင်ယင်နဲ့ရယ်။ ကျောင်းအိမ်သာတွေဆိုတာကလည်း သိတဲ့အတိုင်း။ ထာဝရ ညစ်ပတ်နံစော်နေတာ။ အိမ်သာခွက်ထဲမှာ ဆေးလိပ်တိုတွေ၊ စက္ကူအမှိုက်တွေ၊ များသောအားဖြင့် ရေဆေးလို့တောင် မရအောင် ချီးတုံးမာမာကြီးတွေနဲ့ ပိတ်နေတာပဲ။

အိမ်သာထဲရောက်ပြီဆိုရင် နှာခေါင်းကို အင်္ကျီစနဲ့ပိတ်ပြီးသာ ပါပေတော့။ ပြီးရင် အိမ်သာထဲက ညစ်ညစ်ပတ်ပတ်ရုပ်ပုံတွေ၊ ယုတ်တိယုတ်ကန်း ကဗျာတွေ၊ စာတွေ လိုက်ဖတ်ပေ့ါ။ အဲဒီယုတ်တိယုတ်ကန်း ကဗျာတွေကို ချီးပါတိုင်း ဖတ်ခဲ့ရ၊ မှတ်ခဲ့ရတော့ အလွတ်တွေကို ရနေရောပဲ။ အရမ်းညစ်ပတ်လွန်းလို့ ပြောမပြတော့ပါဘူးဗျာ။ ယောကျ်ားလေးတွေဆို သိပါတယ်။

mgyoe.com

mgyqe.com SAMPLE BOOK

အိမ်သာခန်းထဲမို့ စိတ်ချလက်ချ အီးပါလို့ရပြီလို့တော့ မထင်လိုက်နဲ့ဦး၊ သူတို့ရှိနေရင် အီးပါတာတောင် ကျယ်ကျယ်လောင်လောင်ဖြစ်အောင် မပါရဲဘူး။ တပူပူ တဗွမ်ဗွမ်လုပ်ရင် အပြင်ဘက်ကနေ ရေနဲ့ လှမ်းပက်ကြသေးတယ်။ ဘယ်လို ဘဲကြီးတွေမှန်း မသိပါဘူးဗျာ။ တချို့ ဘဲကြီးတွေဆိုရင်လည်း အိမ်သာအပေါ်က တံခါးပေါင်ထိအောင် တက်ထိုင်တတ်လို့ အဲဒီကို သူတို့ဘယ်အချိန် ရောက်လာမလဲ ရင်တမမ ဖင်တကြွကြွ ဖြစ်ရသေးတယ်။ ကိုယ်အီးပါတာတော့ ဘယ်သူ့ကိုမှ မမြင်စေချင်ဘူးလေဗျာ။ သိပ်ငယ်ငယ်တုန်းက ပုတု မင်းဆန်းတို့နဲ့ အိမ်သာခွက် တစ်ခုထဲ ဖင်ချင်းပေါက်ပြီး တစ်ယောက်က ရှေ့မှာပါ၊ တစ်ယောက်က အိမ်သာခွက် အပေါက် တည့်တည့်ထဲပါ၊ စကားတပြောပြောနဲ့ ပါဖူးပေမယ့် အဲဒါက ငယ်ငယ်တုန်းကလေ။

ငြိမ်ငြိမ်ဆိတ်ဆိတ်ကလေး အီးပါ။ အပေါ်ကိုလည်း သတိလေးနဲ့ကြည့်။ ငါသာ သူတို့အရွယ်ရောက်ရင် သူတို့လိုကို လုပ်ဦးမှာလို့ စိတ်ကူးယဉ်။ ငါးတန်း၊ ခြောက်တန်းနှစ်တွေဆိုတာ အဲဒီလို ကျော်ဖြတ်ခဲ့ရတာပဲ။ ဒါတွေက ကျွန်တော်တို့လို ချာတိတ်တွေ လူပျိုဖြစ်စေဖို့ လှုံ့ဆော်ပေးနေတဲ့ လက်တွေ့ဘဝ၊ လက်တွေ့လိုက်နာရမယ့် သင်ရိုးဖတ်စာအုပ်တွေပဲ။ သေချာတယ်။ ဒါကြောင့်လဲ အဲဒီအိမ်သာတက်ရတဲ့ အချိန်တွေဆိုရင် အတန်းတစ်တန်း အချိန်ပို တက်ရသလိုပဲ။ အနိုင်ကျင့်ခံရတာကို မကြိုက်ပေမယ့် လိုလိုလားလားတက်ချင်တဲ့ အချိန်ပိုပေါ့။

ကျွန်တော်တော့ သူတို့ဘာတွေပြောလဲ အိမ်သာထဲကနေ ထိုင်နားထောင်နေလိုက်တာပဲ။ သူတို့ပြောတာတွေကလည်း များသောအားဖြင့်တော့ ဘာမှ မှတ်လောက် သားလောက်တာတော့လည်း မဟုတ်ပါဘူးဗျာ။ အရေမရ အဖတ်မရချည်း ပါပဲ။ ဆဲတာဆိုရင်လည်း မိုးကိုမွှန်လို့ တစ်တစ်ခွခွတွေ။ အဲဒါမှမဟုတ်လည်း သူတို့ ကြိုက်နေတဲ့ ကောင်မလေးတွေအကြောင်းချည်း။ တချိန်လုံး "အဲဒီစော်လေး အဲဒီစော်လေး" ဆိုတာချည်း ကြားနေရတာ။ အင်းပေါ့လေ အိမ်သာထဲ ဆေးလိပ်ခိုးသောက်နေတဲ့ ကျောင်းသားတွေက ကျောင်းစာတွေ အော်ဆိုနေကြတယ်လို့ ကြားချင်လို့တော့ ဘယ်ရမလဲ။

ဘာမှမဟုတ်တဲ့ အဲဒီအကြောင်းလေးကိုပဲ ဒီအတိုင်း သူတို့အနား ယောင်လည်လည်နဲ့သွား ရပ်နားထောင်လို့ကများလား နဘန်အကျင်း ခံရပြီသာမှတ်၊ မျက်ခွက်ကို ဆေးလိပ်မီးခိုးနဲ့ မှုတ်လိုက်ပြီး စောက်ကလေးတွေ သွားစမ်းလို့ မောင်းထုတ်လိမ့်မယ်။ တစ်ခါတလေ သူတို့ စိတ်အခန့်မသင့်ချိန်များဆိုရင် (စာမရလို့ သူတို့လည်း ဆရာမ အရိုက်ခံရထားတာတွေ ဘာတွေ ရှိမှာပေါ့) အတန်းငယ်

mgyqe.com

mgyoe.com SAMPLE BOOK

ကျောင်းသားတွေကို ဘုလိုင်းကြီး ဝိုင်းဆော်ပလော်တီးတာ။ ကျွန်တော် တစ်ခါခံရဖူးတယ်။ သူတို့ကိုလည်း ဘာမှမလုပ်ဘဲနဲ့ဗျာ။ တကယ်ရမ်းကား အနိုင်ကျင့်တဲ့ ဘဲကြီးတွေ။ တယောက်က ခေါင်းကို ပုဆိုးနဲ့ အုပ်ထည့်လိုက်တယ်။ ပြီးတော့ ခေါင်းကို ဝိုင်းခေါက်-ဝိုင်းဘေကြတာပေါ့။ ပြီးတော့ သူတို့မဟုတ်တဲ့ အတိုင်းဘဲ။ အသားနာတုန်းကတော့ စိတ်ဆိုးတာပေါ့ဗျာ။ ဒါပေမယ့် စိတ်ဆိုးလဲ ငဆိုးရှိတာပဲလေ။ ဘာတတ်နိုင်မှာလဲ။ နောက်တော့လည်း အဲဒီလို အလုပ်ခံရတာကိုက ကိုယ်လည်း နောက်တစ်ချိန် ချာတိတ်တွေကို ပြန်လုပ်ဖို့ နည်းလမ်းယူရသလို ဖြစ်သွားတယ်။ သူတို့ဟာ ကျွန်တော်တို့ရဲ့ ရှေ့ဆောင်လမ်းပြပဲ။ ကျွန်တော်တို့ သူတို့အရွယ် ရောက်ရင် ဖြစ်လာမယ့် အချိုးတွေကို ပုံဖော်ပြပေးနေတာ။ ပါဝါရိန်းဂျားကြည့်ပြီး လိုက်လုပ်လို့က မရဘူးဗျ။ သူတို့လုပ်တာတွေက လိုက်လုပ်လို့ရတယ်။

❑

ယောက်ျားလေးကျောင်းကို ပထမဆုံး စတက်တာ ငါးတန်းနှစ်ဆိုတော့ တကယ့်ကလေးပဲ ရှိသေးတာပါဗျာ။ အမေတို့အပ်လို့သာ ကျောင်းကိုရောက်လာရတယ်။ ယောက်ျားလေးကျောင်းတွေ ဘာတွေလည်း မသိပါဘူး။ မိန်းကလေးတွေ မရှိလို့တောင် ကျွန်တော်တို့တွေ အံ့သြနေမိသေးတယ်။ ပထမဆုံး ရက်တွေတုန်းကတော့ ကျွန်တော်တို့ သုံးယောက်လုံး ကိုဘီလူးနဲ့ ကပ်လိုက်ရတာပဲ။ ဒါပေမယ့် နောက်ကျတော့လည်း သူက ကလေးတွေနဲ့ ကျောင်းအတူတူ သွားရပြန်ရတာ အောက်တယ် ထင်ရင်ထင်မှာပေါ့။ ကလေးထိန်းလို ဖြစ်နေတာကိုး။ ကျွန်တော်တို့ကို မစောင့်တော့ဘူး။ သူ့ဘာသာသူ ဒိုးရော။

ကျွန်တော်တို့ကလည်း တစ်ယောက်တည်းဆိုရင်တော့ ငေါင်တောင်တောင် လန့်တန့်တန့် ဖြစ်ချင်ဖြစ်မှာပေါ့ဗျာ။ သုံးယောက်ဆိုတော့လည်း အချင်းချင်း လိုက်တမ်းပြေးတမ်း ကစားတာလိုလို၊ ရန်ဖြစ်တာလိုလိုနဲ့ ကျောင်းကို ရောက်မှန်းမသိ ရောက်သွားတာပဲ။ ကျွန်တော်နဲ့ ပုတုဆိုရင် နှစ်တန်း၊ သုံးတန်း နှစ်ကတည်းက နှစ်ယောက်အတူတူ ကျောင်းသွားတာပဲ။ ခြောက်တန်း၊ ခုနစ်တန်းရောက်တဲ့အထိ အဖေ အမေက ကျောင်းလိုက်ပို့တဲ့ကောင်တွေမြင်ရင် ဘယ်လိုကောင်တွေလဲလို့ အံ့တောင်သြမိတယ်။

ကျွန်တော်တို့သုံးယောက်ကတော့ ကျောင်းရောက်တော့လည်း အတူတူ၊ အိမ်သာသွားတော့လည်း အတူတူ။ ဘယ်နေရာဖြစ်ဖြစ် အတူတူပဲ။ တစ်ယောက်တည်း ချော်တောငေါ့ပြီးတော့လည်း ဘယ်မှမသွားရဲဘူး။ ဒါပေမယ့်လည်း တစ်ခါ

mgyoe.com SAMPLE BOOK

တလေ စာသင်နေတုန်း သေးပေါက် ချီးပါချင်တာမျိုးကျ ခက်တယ်ဗျာ။ ငါးတန်း နှစ်စလောက်တုန်းကဆိုရင် တော်ရုံတန်ရုံကတော့ အောင့်ထားတာပဲ။ ဘာလို့မှန်း မသိဘူးဗျာ။ ဆရာမ စာသင်နေတုန်း မတ်တပ်ထပြီး "ဆရာမ သေးပေါက်ချင်လို့" လို့ ခွင့်တောင်းရတာကို ကျွန်တော့်မှာ အရမ်း ဝန်လေးတယ်။ ဆရာမတွေကို ကြောက်တာလည်း ပါတာပေ့ါ။

ဆရာမတွေတလည်း သိတဲ့အတိုင်းပဲ။ စာတွေဘာတွေ သင်ရင်လည်း သူတို့ဘာသာ ဘလတ်ဘုတ်ကြီးမျက်နှာမူပြီး ရေးချင်ရာတွေရေး ပြောချင်တာတွေ ပြောသွားတာ။ စာရှင်းပြသလိုလို နားလည်အောင်သင်သလိုလိုတော့ ထင်စရာပဲ။ သူတို့လဲ ရေးလို့ပြီးရော "ကဲ...ကဲ ဘာနားမလည်တာရှိလဲ" လို့ တန်းမေးတော့တာပဲ။ ကျွန်တော်တို့မှာ ဘလတ်ဘုတ်က ရေးထားတဲ့စာတောင် မနည်းလိုက်ကူးနေရတုန်း ရှိသေးတယ်။ ဘာနားလည်လိုက်မတုန်းဗျာ။ လက်ကလည်း ကူးရေး နားကလည်း နားထောင်ဆိုတာ မလွယ်ဘူးဗျ။ အဲဒါ နားမလည်လိုက်လို့များ နားမလည်တဲ့ အကြောင်း "ဆရာမ ဟိုဟာ နားမလည်လို့ဗျ" ပြောကြည့်ကြည့်လိုက်။

"ဟမ်...ငါသင်နေတာတုန်းက နင်ဘာလုပ်နေလဲဟင် အိပ်ငိုက်နေသလား" ဆိုပြီး ငေါက်တော့တာပဲ။လေသံကတင် မာတယ်မထင်နဲ့ မျက်နှာကလဲ ရှစ်ခေါက်ချိုး တွေနဲ့။ ဘယ်မှာ သူတို့ကို မေးရဲပြောရဲတော့မှာတုန်း။ နားလည်လည် မလည်လည် ငြိမ်နေတော့ပဲ။ ခုနစ်တန်းနှစ်အထိ အတန်းရှေ့ ထွက်ခိုင်းပြီး ဖင်ချတ်ရိုက်တဲ့ ဆရာမတွေက ရှိသေးတယ်။ ယောကျာ်းလေးချည်းကျောင်းမို့ ကျားကျားချင်း သိပ် ရှက်စရာမဟုတ်ပေမယ့် ဖင်ချွတ်အရိုက်ခံရတာ ပျော်စရာမှ မဟုတ်တာဗျာ။ နောက် ပြီး ဆရာမတွေက မိန်းမတွေပဲလေ။ နည်းနည်းတော့ ရှက်တာပေ့ါ။ ကျွန်တော်ကတော့ ဖင်ချွတ်အရိုက်မခံရဖူးပါဘူး။

ပြောရရင်ဗျာ။ ဆရာမတွေက အဲဒီလိုကြီးတွေလုပ်တော့ တစ်ခုခုဆိုရင် ကြောက်နေတာနဲ့တင် ဘာမှမမေးရဲ မပြောရဲတော့ဘူးလေ။ ဆရာမတိုင်း အဲဒီလို ချည်း မဟုတ်ပေမယ့် အတော်များများကတော့ အဲဒီလိုချည်းပါပဲ။ ဒါပေမယ့်လည်း မပြောရဲရဲ ပြောရဲရဲ အရဲစွန့်ပြောရမယ့် တချို့ကိစ္စတွေကလည်း ရှိသေးတယ်။ ဝါးတန်းနှစ်ရဲ့ တစ်ရက်မှာတော့ မနက်ခင်း ဒုတိယ လေးဆယ့်ငါးမိနစ်အချိန်ကြီး အီးကပါချင်လာရော။ နေ့လယ်မုန့်စားကျောင်းဆင်းဖို့ဆိုတာ အဝေးကြီး လိုသေး တယ်။ အဲဒီလောက် အောင့်နေဖို့ကလည်း ဘယ်လိုမှမဖြစ်နိုင်တော့ ဆရာမကို မရဲတရဲနဲ့ ခွင့်တောင်းရတော့တာပေ့ါ။ ကံကောင်းတော့ ဆရာမကလည်း ကြည်ကြည်

mgyoe.com

mgyoe.com SAMPLE BOOK
ဖြူဖြူ ခွင့်ပြုပါတယ်။

အဲဒီတစ်ခေါက်ဟာ အဲဒီကျောင်းကိုစရောက်ကတည်းက ပထမဆုံးအကြိမ်တစ်ယောက်တည်း အိမ်သာသွားမိတာ ထင်တာပဲ။ နောက်ဆုံးအကြိမ်လည်းဖြစ်ချင်ဖြစ်မယ်ဗျာ။ နောက်တစ်ခေါက်ကို မမှတ်မိတော့ဘူး။ စာသင်ချိန်ကြီးဆိုတော့ဖြတ်သွားမိတဲ့ စာသင်ခန်းတချို့တွေထဲက စာလိုက်အော်သံတွေ ကြားရပေမယ့်လည်း ကျောင်းကြီးတစ်ခုလုံးက ရှင်းလင်းငြိမ်သက်နေတာပဲ။ နောက်ပြီး အိမ်သာကကျောင်းရဲ့ အနောက်ဆုံးချောင်ထဲမှာ ဆိုတော့ လမ်းတွေကလည်း ခပ်မှောင်မှောင်ရယ်။ အဆိုးဆုံးက အိမ်သာနားရောက်ပြီဆိုရင် စာသင်တဲ့အခန်းတွေက မရှိတော့ဘူး။ အိမ်သာနဲ့ အနီးဆုံးအခန်းတွေက ဘာလို့မှန်းမသိ တံခါးတွေ ပိတ်ထားတာ။ ပြတင်းပေါက် သံတိုင်တွေကြားက လှမ်းကြည့်ရင်တော့ အဲဒီအခန်းတွေထဲမှာ စာသင်ခုံအပိုတွေ၊ ဘလက်ဘုတ်အဟောင်းတွေကို ပင့်ကူအိမ်တွေတက်လို့ တွေ့ရနိုင်တယ်။ မှောင်ကလည်းမှောင်။ တိတ်ကလည်းတိတ်ဆိတ်။ လူကလည်း တစ်ယောက်မှမရှိ။ ငါးတန်းတက်ခါစနှစ်မို့ ပုဆိုးတောင် မဝတ်တတ်သေး။ လေးတန်းတုန်းက ကျောင်းစိမ်း ဘောင်းဘီစိမ်းနဲ့ ကျွန်တော့်မှာ ကိစ္စက ထိပ်ဝရောက်နေလွန်းလို့သာ ဆက်သွားနေရတာ။ လှည့်ပြန်ချင်ပြီဗျာ။ အရမ်းကို ကြောက်နေပြီ။

အိမ်သာထဲဝင် သေးပေါက်တဲ့မြောင်းနံဘေးက ဖြတ်လာတော့ ဘုံဘိုင်ကရေကျသံကိုတောင် လှိုဏ်ခေါင်းထဲက အသံလို တဘောက်တောက်နဲ့ ကြားနေရတယ်။ အဲဒီကနေ အိမ်သာခန်းတွေဘက် ချိုးကွေ့လိုက်တော့ လန့်တောင် လန့်သွားတယ်ဗျာ။ အစ်ကိုကြီးနှစ်ယောက် အိမ်သာတံခါးတွေရှေ့မှာ ငုတ်တုတ်လေးထိုင်ပြီးဆေးလိပ်ထိုင်သောက်နေကြတာ။ သူတို့ကို ရုတ်တရက်မြင်လိုက်ရတော့ လန့်သွားမိတယ် ဆိုပေမယ့်လည်း လန့်ပြီးပြီးချင်းပဲ အားတက်မိသွားတယ်။ တစ်ယောက်တည်းသာဆိုရင် ကျွန်တော် ဘယ်လိုဖြစ်နေမယ် ကိုယ့်ဟာကိုယ် တွေးမကြည့်ရဲဘူး။ ကျွန်တော်က သရဲကြောက်တတ်တယ်။ ကျွန်တော့်မှမဟုတ်ဘူး ပုတုလည်း သရဲကြောက်တာပဲ။ မင်းဆန်းကတော့ မကြောက်ဘူးလို့ ပြောတာပဲ။ ဟုတ်ချင်မှလည်းဟုတ်မှာ အဲဒီကောင်ကလည်း ဘာမဆို ပိုပိုပြောနေကျကောင်။ ဒါပေမယ့်လည်းတစ်ခါမှ သရဲနဲ့ မျက်နှာချင်းမဆိုင်ဘူးတော့ မသေချာပါဘူး။ တကယ် အခြောက်ခံရရင် ဒီကောင်လည်း ကြောက်မှာပဲ။

အစ်ကိုကြီး နှစ်ယောက်က သူတို့ကို မြင်မြင်လိုက်ချင်း ကျွန်တော် လန့်သွားတာကို သိတယ်ဗျ။ ဆေးလိပ်သောက်နေရင်း နှစ်ယောက်သား တစ်ယောက်ကို

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်ကြည့်ပြီး လှောင်ပြုံးလေးတွေ ပြုံးနေကြတာ ကျွန်တော် သိတာပေါ့။ မသိချင်ယောင်ဆောင်ပြီး သူတို့ရှေ့ကနေ ရှိုရှိုလေးဖြတ်၊ အသန့်ဆုံးအိမ်သာ ရှာပြီး အထဲဝင်ထိုင်လိုက်တယ်။ အဲဒီတော့မှပဲ တော်တော်သက်သောင့်သက်သာ ဖြစ်သွားတယ်။ အနည်းဆုံးတော့ သူတို့နှစ်ယောက်က ကျွန်တော့်ကို စောင့်နေသလို ဖြစ်နေတာကိုး။ သူတို့ရှိနေတယ် ဆိုတဲ့စိတ်နဲ့ ကျွန်တော်လည်း အေးဆေးဇိမ်ဆွဲပြီး ပါရင်း အိမ်သာ ကဗျာ၊ အိမ်သာ ပန်းချီတွေ လိုက်ကြည့်နေလိုက်မိတယ်။

အိမ်သာတံခါးမှာ စာတန်းတစ်ခုက အနောက်ကိုကြည့်ဆိုလို့ အနောက်ကို ကြည့်လိုက်မိတယ်။ အနောက်မှာလည်း ဘယ်ဘက်ကိုကြည့်တဲ့။ ကျွန်တော့်ပြဿနာ ကလည်း ဘယ်နဲ့ညာ ဘယ်တော့မှမကွဲတာ။ တချို့ကတော့ လွယ်တယ်။ အိုးကုန်းရင် ဘယ်၊ ထမင်းစားရင် ညာဆိုပြီး မှတ်ကြတာ။ ကျွန်တော်က အိုးကုန်းလည်း ညာ၊ ထမင်းစားလည်း ညာပဲဆိုတော့ မှတ်လို့မလွယ်၊ ဘယ်ညာ အမြဲလွဲတယ်။ သူက ဘယ်ကို ကြည့်ခိုင်းတာ ကျွန်တော်က ညာကို ကြည့်မိတယ်။ "ခိုင်းတိုင်းလုပ်တာ ငါ့ိုးမသား" တဲ့။

တကယ်က ဘယ်ဘက်ကို ကြည့်မိရင် ညာဘက်ကို ကြည့်ပါဆိုပြီး စာ တစ်ကြောင်း ဖတ်ရဦးမှာ။ ခုတော့လည်း အဆဲခံရတာချင်းအတူတူ ကြိုအဆဲခံလိုက် ရတော့လည်း ပြီးတာပေါ့ဗျာ။ အိမ်သာထဲမှာတော့ အကုန်လုံးက ဆဲစာချည်းပဲ။ အိမ်သာထဲ ဝင်လိုက်တာနဲ့ကို အဆဲခံရဖို့ပဲ။ ဒါ ထုံးစံပဲ။ ကျွန်တော်ဆိုရင် အဆုံး သတ်မှာ "ခိုင်းတိုင်းလုပ်တာ ငါ့ိုးမသား" လို့ အဆဲခံရမှာ သိသိကြီးနဲ့ အိမ်သာ တက်တိုင်း အဲဒီအညွှန်းစာကို လိုက် လိုက်ဖတ်တာပဲ။ ပျင်းတာကိုးဗျ။ အိမ်သာ တက်ရင်း တခြား ဘာလုပ်စရာရှိတာမှတ်လို့။ အီးပါရင်း အပျင်းပြေပေါ့။

"မနေ့က ခုနစ်တန်းက ချာတိတ်လေးတစ်ယောက်အကြောင်း မင်းသိပြီး ပြီလား"

အစ်ကိုကြီးတစ်ယောက်ရဲ့ စကားသံ ထွက်လာတယ်။ ကျွန်တော် အိမ်သာ ထဲ ရောက်ကတည်းက သူတို့ ပထမဆုံး စကားပြောတာပဲ။ ခုနက အတိတ်ကြီးတိတ် နေတာထက်စာရင် စကားသံကြားနေရတာ ပိုကောင်းတာပေါ့။

"ဘာဖြစ်လို့လဲ"

"ငါလည်း ခုမနက်မှ ကျောင်းစောင့်အဘိုးကြီးက ပြောပြလို့သိတာကွ"

"ဟုတ်လား ဘာအကြောင်းတုန်းကွ"

"ထုံးစံအတိုင်း ကျောပေါက်သရဲ အခြောက်ခံရတာပေါ့ကွာ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်လား မင်း အခြောက်ခံရတုန်းကလိုပဲတဲ့လား"

အီးညှစ်နေရင်း ကျောပေါက်သရဲဆိုတဲ့အသံ ကြားလိုက်ရတာ အီးနည်းနည်းတောင် တစ်သွားတယ်။ ခေါင်းလဲ အလိုလို ထောင်သွားတယ်။

"ငါ့လိုပဲ နေမှာပေ့ါကွာ။ ကောင်လေးက ကွန်ပါဗူးကျန်ခဲ့တာတဲ့"

"မင်းအခြောက်ခံရတုန်းက စတီးချိုင့်ကျန်ခဲ့တာမို့လား"

"အေးလေ"

"ပြောပါဦး ဘယ်လိုဖြစ်တာတဲ့လဲ"

"မိနစ်နှစ်ဆယ်အစိတ်လောက် အဲဒီကလေးက ကျောင်းပြန်လာတာဆိုတော့ ကျောင်းစောင့်ကြီးကလွဲ ကျောင်းထဲ ဘယ်သူရှိမှာလဲကွာ။ ကွန်ပါဗူးကျန်ခဲ့တာပဲ နောက်နေ့ ကျောင်းပြန်တက်မှရှာလဲ ရနေတာပဲကိုး။ ငါ့တုန်းက ထမင်းချိုင့်ကျတော့ နောက်နေ့ ထမင်းထုပ်ဖို့လိုလို့ ပြန်ယူရတာ။ အဲဒါ ဒီကောင်လေးက ပြန်လာတော့ ကျောင်းစောင့်ကြီးကလည်း မြန်မြန်သွားကွဲဆိုပြီး ကျောင်းတံခါး ဖွင့်ပေးလိုက်တယ်တဲ့"

"အခြောက်ခံရတာ မင်းလိုပဲမို့လား ဘယ်လိုဖြစ်တာတဲ့လဲ"

"အဲဒါတော့ မသိဘူးတဲ့ ဟစ်ရောင်ရေ ကျောင်းစောင့်ကြီးက ဒီကလေး ငါးမိနစ်လည်း ပြန်မလာ၊ ဆယ်မိနစ်လည်း ပြန်မလာလို့ သူ့အခန်းကို လိုက်တော့မှ။ ကောင်လေးက ကွန်ပါဗူးကြီးကိုင်ရက်နဲ့ ခွေခွေလေး လဲနေတာတဲ့။ လန့်သွားတာ နေမှာပေ့ါကွာ။ တော်သေးတယ်။ ကျောင်းစောင့်အဘိုးကြီး အရောက်မြန်လို့ နှာတွေ ဘာတွေနှပ်၊ ရေတွေဘာတွေ တောက်လိုက်မှ သတိပြန်လည်လာတယ်တဲ့။ သတိရရချင်း ကျောပေါက်သရဲ၊ ကျောပေါက်သရဲနဲ့ ဂယောင်ချောက်ချားတွေ ပြောနေတာပဲတဲ့ကွာ"

ကျွန်တော် ကြက်သီးမွေးညင်းတွေထပြီး ဆံပင်တွေတောင် ထောင်နေပြီ။ ဖင်မြန်မြန်ဆေးပြီး ထပြေးချင်နေပေမယ့် ပြီးကလည်း မပြီးသေးဘူး။ နောက်ပြီး သရဲအကြောင်းပြောနေတုန်းမှ အိမ်သာထဲကနေ ထပြေးတယ်ဆို ရှက်စရာကြီးဗျ။ ဒီအစ်ကိုကြီးတွေ ပြောနေပုံကလည်း နားထောင်နေရင်းနဲ့ ကျွန်တော့်ကို သေချာခြောက်နေသလိုပဲဗျာ။ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ ချီးဆက်ပါနေရတဲ့ အဆင့်ကို ရောက်နေပြီပေ့ါ။ ကြောက်ချီးပါတယ်ဆိုတာ ဒါမျိုးလား မသိပါဘူးဗျာ။

"တော်သေးတာပေ့ါကွာ။ ဘာမှ ဖြစ်မသွားတာ။ ဒါနဲ့ ဟရောင် မင်း အခြောက်ခံရတုန်းကအကြောင်း ပြန်ပြောစမ်းပါဦးကွာ"

mgyoe.com

mgyoe.com

"ဟာ... ဟစ်ရောင်ရေ အခု အခြောက်ခံရတဲ့ ကလေးကတော့ ဘယ်လို ဘယ်ညာ မသိဘူး။ ငါ့တုန်းကတော့ စောက်ရမ်း ကြောက်စရာကောင်းတာကွာ။ အဲဒီတုန်းက ငါက ထမင်းချိုင့်ကို ခုံအောက်ကယူပြီး ကျောင်းပေါက်ဘက်ကို ပြန်လာနေပြီ။ ရှစ်တန်းဆောင်နဲ့ ကိုးတန်းဆောင်ကြားက စင်္ကြံလမ်းက သိတယ်မဟုတ်လား မှောင်မည်းနေတာ။ ငါလည်း ပြေးတော့ ပြေးလာတာပဲကွ။ ဖိနပ်သံ ဖတ်ဖတ် ဖတ်ဖတ်နဲ့ ကြားလို့ နောက်လှည့်ကြည့်တော့ ဘာမှမရှိပါဘူးကွာ။ နောက်မှတွေးမိတာ အဲဒါ ငါ့ဖိနပ်ကအသံကွ ဟားဟား။ ထားပါတော့ အဲဒါစင်္ကြံထိပ်နားကလေး ရောက်တော့ တဖက်ကနေ ငါ့တို့အရွယ်ပဲကွ။ ကျောင်းသားတစ်ယောက် ငါ့ဘက်ကိုလာနေတာ။ ငါလည်း ကြောက်နေတုန်းဆိုတော့ အားတက်သွားတာပေါ့ကွာ။ "ဟစ်ရောင် မင်း ဘာကျန်ခဲ့လို့တုန်း" လို့ မေးတော့ ငါ့ကို ဘာမှ ပြန်မပြောဘူးကွာ။ မျက်လုံးကြီးကလည်း ဘယ်လိုကြီးမှန်းမသိဘူး။ ငါ့ကို တွေတွေကြီး စိုက်ကြည့်နေတာ။ အဲဒါနဲ့ ငါလဲ ဒီကောင့်ကိုပဲ အကြောက်ပြေအနေနဲ့ စကားဆက်ပြောတာပေါ့။ "တော်သေးတယ်ကွာ မင်းကိုတွေ့လိုက်ရလို့ တစ်ယောက်တည်းဆိုတော့ ကျောပေါက်သရဲ ကြောက်လို့ကွာ"။ အဲဒီကျတော့မှ ဒီကောင်က "ကျောပေါက်သရဲ ဟုတ်လား ဒီလိုလား" ဆိုပြီး ကျောကုန်းကြီး လှည့်ပြတာ။ ဟော့ရောင်ရေ ငါဆို သေးတောင် ထွက်ကျမတတ်ဘဲ၊ ခေါင်းနားပန်းတွေပါ ကြီးကုန်တာ ကျောမှာအပေါက်ကြီးနဲ့ကွာ"

"မနေ့က ကလေးလည်း မင်းလို အခြောက်ခံရတာပဲနေမှာ၊ ကျောပေါက်သရဲကြောက်ပါတယ်ဆို ကျောပေါက်သရဲနဲ့ချည်းတိုးတာပဲနော်...ကြက်သီးတောင် ထတယ်ကွာ...လခွမ်း၊ လာကွာ အတန်းပြန်ဗိုးရအောင်"

အဲဒီနေရာရောက်တော့ ကျွန်တော် အသားကုန်ဖင်ဆေးနေပါပြီ။ ပြီးတော့ ဘောင်းဘီတိုလေးပြန်ဝတ်။ အိမ်သာတံခါးကို ဝုန်းခနဲ တွန်းဖွင့်ပြီး တချိုးတည်း ပြေးတော့တာပဲဗျာ။ ချွေးစေးတွေတောင်ပြန်လို့ တကိုယ်လုံးလည်း ရှိန်းခနဲ ဖိန်းခနဲနဲ့ပဲ။ ဖင်မှ သေချာပြောင်ရဲ့လား၊ အိမ်သာရေလောင်းခဲ့သလားတောင် မမှတ်မိတော့ပါဘူး။ ဒါပေမယ့်ဗျာ အဲသလို ပြေးထွက်လာခဲ့တော့မှ နောက်က ကျန်ခဲ့တဲ့ ဟိုဘဲကြီးနှစ်ယောက်ရဲ့ ကျွန်တော့်အဖြစ်ကိုကြည့်ပြီး ရယ်လိုက်သံဟာများ အုန်းခနဲ တောင် မြည်မလား မပြောတတ်ဘူး။ အကျယ်ကြီးပဲဗျာ။ မအေဘေးကြီးတွေ လူကို သက်သက်ခြောက်တာဗျ။ ချွေးပြန်ရောပဲဗျာ။

ခြောက်မှန်းသိပြီ ဆိုပေမယ့်လည်း ကြောက်တာကတော့ ကြောက်တာ

mgyoe.com SAMPLE BOOK

ပါပဲဗျာ။ အဲဒီကနောက် အတန်းတွေကြီးလာတဲ့အထိ ကျွန်တော်တော့ အိမ်သာထဲ တစ်ယောက်တည်း ဘယ်တော့မှ မသွားရဲတော့ဘူး။ ကျောင်းမှာ ဘာပဲကျန်ခဲ့ကျန်ခဲ့ အိမ်ကျမှ အရိုက်ခံချင်ခံလိုက်မယ်။ ဘယ်တော့မှ ပြန်မယူတော့ဘူး။ ပုတုနဲ့ မင်းဆန်း ကိုလည်း ဒီအကြောင်း ပြောပြတာပေါ့။ ပုတုဆိုရင် ကျွန်တော် ပြန့်ပြောပြနေတုန်းကို ကျွန်တော့်အနား ကပ် ကပ်လာတယ်။ "ကျောပေါက်သရဲ ဟုတ်လား ဒီလိုလား" ဆိုတဲ့နေရာလည်းရောက်ရော အဲဒီကောင် နသယ်မွေးတွေဆိုတာ တန်းထောင်လို့ ပဲ။ မင်းဆန်းက ကြောက်တော့ကြောက်ပေမယ့် ဣန္ဒြေသိပ်မပျက်ဘူးဗျ။ ဟုတ်တ်သည် ဖြစ်စေ မဟုတ်သည်ဖြစ်စေဗျာ ကျွန်တော်လည်း အတန်းကြီးလာတော့ အဲဒီနည်းနဲ့ပဲ ချာတိတ်တွေကို ဖြဲခြောက်တာပေါ့။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

ကျွန်တော်တို့နေတဲ့ ဝင်းနာမည်က "အနာဂတ်ရိပ်သာ" တဲ့။ အိမ်ဇထောင်သည် ဝန်ထမ်းလိုင်းခန်းတွေပေါ့ဗျာ။ တိရစ္ဆာန်ရုံနဲ့ မျက်နှာချင်းဆိုင်၊ ကန်တော်ကြီးနဲ့လည်း နီးတယ်။ သိပ်အရေးပါလှတယ် မဟုတ်ပေမယ့်လည်း ကျွန်တော်တို့နေတဲ့ ဝင်းထဲမှာရှိနေတဲ့ တိုက်တွေပုံစံကို ပြောပြဦးမယ်။ တစ်ထပ်မှာ အခန်းခြောက်ခန်း အတန်းလိုက်ပါတဲ့ အနီရောင် လေးထပ်တိုက်ကြီးတွေပေါ့ဗျာ။ အပေါ် ထပ်တွေကို တက်ဖို့ လှေကားတွေက တောင်ဘက်မြောက်ဘက် အစွန်ဆုံးအခန်းနှစ်ခန်းရဲ့ ဘေးမှာ ရှိတယ်။ အတောင်ပံလိုမျိုးပေါ့။ ဝင်းထဲမှာ အဲဒီလို တိုက်ကြီးတွေချည်းပဲ အလုံးသုံးဆယ်ကျော်လောက်ရှိမယ် ထင်တယ်။ တစ်ခါမှ ရေမကြည့်ဖူးတော့ သေချာတော့ မသိပါဘူး။

ဝင်းကို၊ မြတ်ကျော်၊ ကိုသူ၊ ကိုမျိုးတို့က တိုက်နံပါတ်တစ်၊ ကျွန်တော်ရယ် မင်းဆန်းရယ် ပုတုရယ်က တိုက်နံပတ်သုံး။ စန်းကို၊ ဇော်ထူး၊ မော်စီတုံး တို့က, တိုက်ငါး။ မျက်စိထဲ မြင်အောင်ပြောရင် တိုက် (၁)၊ တိုက် (၃)၊ တိုက် (၅)၊ တိုက်သုံးလုံးက အတန်းလိုက် အနောက်ဘက်ကို မျက်နှာမူထားတယ်။ အဲဒီတိုက်သုံးလုံးရဲ့ နောက်ကျောမှာ တိုက် (၂)၊ တိုက် (၄)၊ တိုက် (၆) တိုက်သုံးလုံးက အရှေ့ဘက်ကို မျက်နှာမူထားတယ်။ ဖွင်ချင်းပေါက်ပေါ့ဗျာ။ တိုက် (၁) ရဲ့ နောက်က တိုက် (၂)၊ တိုက် (၅) ရဲ့ နောက်မှာ တိုက် (၆)။ ကျွန်တော်နေတဲ့ တိုက် (၃) အိမ်နောက်ဖေး

mgyoe.com

m.gyoe.com SAMPLE BOOK

ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်ရင် တိုက် (၄) ရဲ့ အိမ်နောက်ဖေး ပြတင်းပေါက်တွေကို တည့်တည့်ကြီး မြင်နေရတယ်။ တချို့လူကြီးတွေ တစ်ခါတလေ အိမ်သာပြတင်းပေါက်ကို မပိတ်ဘဲ အီးထိုင်ပါနေတာတောင် မြင်ဖူးသေးတယ်။ ဘယ်လိုလူကြီးတွေမှန်း မသိပါဘူးဗျာ။ ပြတင်းပေါက်လေးတော့ ပိတ်ဦးပေါ့။ ယိုသူ့မရှက် မြင်သူရှက်ဆိုတာ အဲဒါပဲဗျ။

ကျွန်တော်တို့ ဟိုးငယ်ငယ်လေး ငွေးတန်းလန်း နှပ်ချီးတွဲလောင်းကနေ ပေါင်းသင်းလာကြတဲ့ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေဆိုတာ များသောအားဖြင့် အဲဒီတိုက် ခြောက်လုံးထဲကပဲ။ ကျန်တဲ့တိုက်တွေ အများကြီး ရှိသေးပေမယ့် အဲဒီကကောင်တွေနဲ့တော့ ကျောင်းတူတဲ့ကောင်ဆိုရင် ကျောင်းမှာခင်တာလောက်၊ တစ်ခါတလေ ဘောလုံးချိန်းကန်ကြတာလောက်ပဲ ရှိတယ်။ နောက်ပိုင်း အတန်းတွေကြီးလာတော့ အဲဒီခပ်ဝေးဝေးတိုက်က ကောင်တွေနဲ့ ကျွန်တော်တို့တွေဆိုတာ ဂိုဏ်းစတားတွေလိုပဲ။ တဂိုဏ်းနဲ့တဂိုဏ်း ဆော်ဖို့ ချောင်းနေကြတော့တာ။ နောက်ဆုံးသူတို့ဘက်က စော်ကိုတောင် သွားဖွန်ကြောင်ဖို့ မလွယ်လှဘူး။ ကျွန်တော်တို့ တိုက်တွေဘက်က စော်တွေလည်း ဖွန်လာမကြောင်နဲ့ လေသေနတ်နဲ့ ချောင်းပစ်တာပဲ။ ဒါပေမယ့် ဒါမျိုးက ဖြစ်ခဲပါတယ်ဗျာ။

လေး ငါးတန်း၊ ခြောက်တန်း အရွယ်လောက်အထိကတော့ ရန်သူတွေ၊ မိတ်ဆွေတွေ၊ ဂိုဏ်းတွေ သိပ်မရှိပါဘူး။ စစ်တိုက်တမ်း ကစားတဲ့အခါမျိုးမှာသာ ကျွန်တော်တို့တွေက တစ်အုပ်စု၊ အဲဒီခပ်ဝေးဝေးတိုက်က ကောင်တွေက တစ်အုပ်စု လူခွဲကြကစားကြတာ။ ကျည်ဆံကတော့ ကုက္ကိုသီးတွေပဲ။ ကုက္ကိုသီးတောင့်အစိုတွေ။ အဲဒီတွေနဲ့ထိရင် တော်တော်နာတယ်ဗျ။ နောက်ပိုင်း ပစ္စတိုလေသေနတ်လေးတွေဝယ်နိုင်သွားတော့ ပိုဆိုးရော။ ကော်ကျည်ဆံတွေနဲ့ ပစ်တာဆိုတော့ မတရားနာတာကိုဗျ။ တော်သေးတယ် ဘယ်သူမှတော့ မျက်လုံးမကန်းခဲ့ကြဘူး။

နောက်ပြီး ကျွန်တော်တို့မှာက ဌာနချုပ်တပ်စခန်းလည်းရှိတယ်။ မှိုပင်ကြီးတစ်ပင်ပေါ် မှာပေါ့။ ကျောင်းပိတ်ရက် နေ့လယ်နေ့ခင်းတွေဆိုရင် အားလုံး အဲဒီအပင်ပေါ် မှာပဲ။ စုစုပေါင်း ဆယ်ယောက်လောက်ရှိမယ်။ အပင်ကိုင်းတွေမှာ သစ်သားချောင်းကလေးတွေတင်ပြီး ကြိုးနဲ့ချည်။ တချို့သစ်သားချောင်းကလေး၊ ဝါးခြမ်းပြားလေးတွေကိုကျ မရိုက်တတ်ရိုက်တတ်နဲ့ပဲ သံနဲ့ရိုက်ပြီး လုပ်ထားတော့ နေရာကျယ်ကျယ်လည်းရှိတယ်။ အိပ်ချင်ရင်တောင် အိပ်လို့ရသေးတယ်။ ဆရာအကျဆုံးကောင်ကတော့ ပိုမြင့်တဲ့ အပေါ် ကိုင်းမှာ ထိုင်ရတာပေါ့။ အဲဒီအပေါ် မှာ ထိုင်ပြီး

m.gyoe.com

ဒိုးဆက်ချချင်ချ၊ စာအုပ်လှန်ချင်လှန်၊ သစ်ပင်ပေါ်ကနေ သေးအဝေးပြိုင်ပေါက်၊ တံထွေးအဝေးဆုံးပြိုင်ထွေး မပျင်းရဘူးဗျ။

ဗိုက်ဆာလာတော့လည်း ဝင်းထဲမှာ သူများတကာ စိုက်ထားပျိုးထားတဲ့ အပင်တွေဆီကနေ လှည့်ခိုးလို့ရလာတဲ့ ငှက်ပျောသီး၊ မာလကာသီး၊ သရက်သီးတွေ ထိုင်စားကြ။ တီဗွီကလာတဲ့ ဝူခုန်းအကြောင်း၊ ပေါင်ချိန်အကြောင်း၊ ကျန်းဝူကျီ အကြောင်း၊ ကျန်ကျောင်းအကြောင်း ပြောကြ။ စိတ်ပါလာရင် သိုင်းချတမ်းကစားကြ။ တခြားဂိုဏ်းက ကောင်တွေအကြောင်း ပြောကြ၊ နည်းနည်းကြီးလာတော့ ကောင်မလေးတွေအကြောင်းတွေပါ ပြောတတ်လာကြတယ်။ ဒါပေမယ့် ငါးတန်းခြောက်တန်း ဆိုရင်ပဲ ကိုယ်စီကိုယ်စီ ကြိုက်တဲ့ကောင်မလေးတွေ ရှိနေကြပြီ။ ကျွန်တော်ဆိုရင် ခြောက်တန်းနှစ်မှာ အသည်းတစ်ခါ ကွဲခဲ့ဖူးပြီ။ အဲဒီကနေ နည်းနည်းလေး ပိုကြီး လာတော့ ကျွန်တော်တို့ ငယ်ပါတွေရဲ့ မေးသိုင်းကြိုးတွေ ဆွဲဖြုတ်ကြည့်နေကြ။ ကျွန်တော်တို့ အဲဒီမှိုပင်ကြီးအပေါ်မှာ ပြောခဲ့လုပ်ခဲ့တာတွေ များလွန်းလို့ အကုန်လုံး ကိုတောင် မမှတ်မိနိုင်တော့ဘူး။ သေချာတာကတော့ ကျောင်းစာအကြောင်း လုံးဝ မပါတာပဲ။

လူပျိုဖော်ဝင်စအချိန် ရှစ်တန်းနှစ်အစမှာ သစ်ပင်တက်တာ ကလေးတွေ အလုပ်ပဲကွလို့ မင်းဆန်း မကြွေးကြော်လိုက်ခင်အထိ ကျွန်တော်တို့ အားလပ်ချိန် အားလုံးနီးနီးဟာ မှိုပင်ဌာနချုပ်မှာပဲ။ အဲဒီမတိုင်ခင်အထိတော့ မိန်းကလေးတွေနဲ့ ဇယ်တောက်တာလည်း ကစားတာပဲ။ ကုလားမစည်းနင်းဆို မိန်းကလေးတွေဟာ ကျွန်တော်တို့ကို ဘယ်တော့မှမနိုင်။ ထုပ်ဆီးတိုးကျတော့ အစ်မကြီးတွေနဲ့ပဲ ကစား ရတာဆိုတော့ ထမင်းချိုးဟင်းချိုး လုပ်ရလွန်းလို့ သိပ်မကစားချင်ခဲ့ကြဘူးလေ။ မိန်းကလေးတွေကလည်း ကျွန်တော်တို့နဲ့အတူ ဘောလုံးဝင်ကန်၊ ဂေါ်လီဝင်ရိုက်၊ ပိုက်ဆံကြေးထွေပစ်၊ အရုပ်ပစ်တန်းဝင်ကစား။ လူပျိုအပျိုဖြစ်စပြုတော့ အမြင်တွေ ဟာ ခြားနားလာခဲ့ကြတယ်။ ဒါပေမယ့် မိန်းကလေးတွေဆိုရင်လည်း မျိုးဥကြွေတယ် ဆိုတာတွေဘာတွေ မဖြစ်သေးခင်၊ ယောကျ်ားလေးဆိုရင်လည်း မေးသိုင်းကြိုးမပြုတ်၊ အရည်ကြည်ကလေးတောင် မထွက်သေးခင်ကတည်းက အချစ်ဆိုတာ ခံစားသိနိုင် နေပါပြီ။ ချစ်တတ်တာ၊ မုန်းတတ်တာ၊ အသည်းကွဲတာ၊ အသည်းခွဲတာတွေက လူပျို အပျိုဖြစ်ချင်းနဲ့ သိပ်မဆိုင်လှဘူး။

အဲဒါနဲ့ပတ်သက်လို့ ကျွန်တော်ရယ် တိုက်ခြောက်က မော်စီတုံးရယ်ဟာ အုတ်ခုံမှာ အမြဲထိုင်တတ်တဲ့ အုပ်စုထဲက အစ်ကိုကြီးတွေရဲ့ ဝိုင်းဟားခြင်းကို ခံခဲ့ရ

mgyoe.com

mgyoe.com SAMPLE BOOK

သေးတာကိုး။ မော်စီတုံးဆိုလို့ ပြောရဦးမယ်။ ဒီကောင်က အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနဲ့ရယ်။ လေးတန်းနှစ်မှာမှ ဒီကောင်တွေက အိမ်ပြောင်းလာကြတာ။ ရောက်ကတည်းက သူ့အဖေအမေကလည်း "သားရေ မော်စီတုံးရေ" လို့ အော်အော်ခေါ်တယ်။ ကျန်တဲ့သူငယ်ချင်းတွေကလည်း မော်စီတုံးဆိုလို့သာ မော်စီတုံးခေါ်ခဲ့ရတာ။ မော်စီတုံး ဆိုတာ ဘာမှန်းကို မသိဘူး။ ဒီကောင်နာမည်ကလည်း ဘာနာမည်ကြီးလဲကွာ တိုင်းရင်းသားလား မသိဘူးလို့ ထင်တာလောက်ပဲ။ ကျွန်တော်တို့သူငယ်ချင်းတွေမှာ တိုင်းရင်းသားတွေလည်း ရှိတာကိုး။ အဲဒီကောင်က လူနာမည်မှ ကြောင်တောင်တောင်ဖြစ်တာ မဟုတ်ဘူး။ လူကလည်း ကြောင်တောင်တောင်ကောင်ရယ်။ ဒီကောင့်ကြောင့်ပဲ ဘဲကြီးတွေ ဝိုင်းဟားတာ ခံရတာပေါ့ဗျာ။

ကျွန်တော် ရှစ်တန်းနှစ်တုန်းက တစ်ရက်မှာ ညနေစောင်းအောလုံးကန်လို့အပြီး မှောင်စပျိုးချိန်ပေါ့။ အိမ်မပြန်သေးဘဲ အုတ်ခုံမှာထိုင်နေကြတဲ့ အစ်ကိုကြီးတွေအနား ဝေ့လည်ကြောင်ပတ်လုပ်ရင်း သူတို့နဲ့ ရောကော သောကောလုပ်ဖို့ကြိုးစားတာပေါ့ဗျာ။ အစ်ကိုကြီးတွေကလည်း ကျွန်တော်တို့ကို ငေါက်မထုတ်ပါဘူး။ ကျွန်တော်တို့နှစ်ယောက်ကို တစ်ချက်လောက်ကြည့်ပြီး သူတို့ဘာသာ စကားဆက်ပြောနေကြတာပဲ။ ကျွန်တော်တို့ နှစ်ယောက်စလုံး သူတို့အနား ယောင်လည်လည်လုပ်ရင်း ဘာတွေများပြောကြသလဲလို့ စပ်စုတာပေါ့။ ဘဲကြီးတွေဆိုတော့ အရောဝင်ချင်တာပေါ့ဗျာ။ အဲဒါ သူတို့အနားထိုင် ယောင်လည်လည်လုပ်နေတုန်း အစ်ကိုကြီးတစ်ယောက်က မျက်နှာပြုံးစပ်စပ်နဲ့ ကျွန်တော်တို့ကို လှမ်းမေးတယ်။

"ဟေ့ရောင်တွေ မင်းတို့နှစ်ကောင် ဒစ်ပြုတ်ပြီလားကွ" တဲ့။ မေးပုံကြီးကဗျာ။ နှစ်ကောင်လုံး ဘာပြန်ပြောရမယ်မှန်းတောင် မသိဘူး။ ရှက်တော့လည်း နည်းနည်းတော့ရှက်တယ်။ ဒါပေမယ့် ဘဲကြီးတွေက ကျွန်တော်တို့ကို အရေးတယူလုပ် စကားပြောတာကိုတော့လည်း သဘောကျနေမိတယ်။ မော်စီတုံးကတော့ သိပ်ရှက်ပုံမရဘူးဗျ။ ဒီကောင်က စဖြေတယ်။

"ကျွန်တော်ကတော့ ပြုတ်ပြီဗျ။ ဆွဲဖြုတ်ပစ်လိုက်တာ"

မော်စီတုံးတ အဲဒီလိုဖြေလိုက်တော့ ဘဲကြီးတွေအကုန်လုံးက မဖြေရသေးတဲ့ ကျွန်တော့်ကို ဝိုင်းကြည့်တာပေါ့။ မော်စီတုံးတောင် ဖြေသေးတာ ငါက ဘာလို့မပြောရဲရမှာလဲလို့ အောက်မေ့ပြီး ကျွန်တော်လဲ ဖြေရတာပေါ့။

"သူ့လိုပဲဗျ ပြုတ်ပြီးပြီ"

"ဒါဆိုမင်းတို့ကောင်တွေ လူပျိုဖြစ်နေကြပြီပဲကွ" တဲ့။ ဘဲကြီးတဗွေက

mgyoe.com

mgyoe.com SAMPLE BOOK
ပြောတယ်။

အဲမှန်တော့ဗျာ ဒါမျိုးတွေက လူတကာ လျှောက်ပြော၊ အမေးအဖြေ လုပ်နေရမှာတွေလည်း မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဆိုရင် ဒီဘဲကြီးတွေက သိပ်အဖက်လုပ်ကြတာမဟုတ်တော့ ဒီလို မေးတာပြုတာမျိုး သိပ်ဖြေချင်တာပဲ။ နောက်ပြီး တကယ်လည်း ကျွန်တော်တို့က လူပျိုပေါက်စတွေ ဖြစ်နေကြပြီလေ။ ရှစ်တန်းကျောင်းသားတွေ ဖြစ်နေပြီလေ။ တစ်နေ့တစ်နေ့ နုတ်ခမ်းမွေးများ ပေါက်လာပြီလားလို့ မှန်ကြည့်ရတာ မောလို့တောင်နေတယ်။ ပထမဆုံး ဝက်ခြံစပေါက်တာကို ထိပေါက်တာထက်တောင် ပျော်ခဲ့သေးတယ် ထင်ပါရဲ့။ ထားပါတော့။ အဲဒါနဲ့ ခုနက ပြုံးစစနဲ့မေးတဲ့ အစ်ကိုကြီးကပဲ ဆက်ပြောတယ်။

"လူပျိုဖြစ်ပြီဆိုတော့ မင်းတို့ကောင်တွေ ဂွင်းတော့ တိုက်ပြီပေါ့နော်" တဲ့။ ကျွန်တော်ရော၊ မော်စီတုံးရော နှစ်ယောက်စလုံး ရှက်လိုက်တာ ဆိုတာဗျာ။ တကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်းတွေဖြစ်ပြီး မျက်နှာကို မပြရဲတော့ဘူး။ မေးတဲ့ အစ်ကိုကြီးကိုလည်း စိတ်ဆိုးလိုက်တာ။ ဘာပြန်ပြောရမယ်မှန်းတောင် မသိလို့ ခေါင်းကြီးငုံ့ပြီး လက်ဆစ်တွေ ထိုင်ချိုးနေတာ တဖျောက်ဖျောက်ကိုမြည်လို့။ ဘာမှ မပြောတာ ဝန်ခံတဲ့သဘောပေါ့ဗျာ။

ကျွန်တော်တို့က မဖြေဘဲ ရှက်နေမှန်းသိတော့ သူတို့ဘော်ဒါချင်းတွေ ဆက်ပြောနေကြတယ်။

"ငါတို့တုန်းကတော့ ဒုက္ခရောက်လိုက်တာကွာနော့် ဟော့ရောင်။ အနီရောင်ပျစ်ပျစ်တွေထွက်တာ။ ပုဆိုးတွေဆိုရင်လည်း အမြဲတမ်းအနံ့က စိမ်းရွှေရွှေ အနံ့တွေနံ့လို့...လခွမ်း"

"အရေကြည်တွေပါ အစ်ကိုကြီးရ အဖြူရောင်ပါ"

မော်စီတုံးဆိုတာ အဲဒီလိုကောင်ဗျ။ ဘဲကြီးတွေက တမင်ကလာ ငပိန်းဖမ်းတာကို ဒီကောင်က မသိဘူး။ ခပ်တည်တည်နဲ့ သူကတောင် အမှားဝင်ထောက်ပေးလိုက်သေးတယ်။

ဘဲကြီးတွေဆိုတာ တစ်အုပ်စုလုံးရယ်လိုက်တာ အုတ်ခုံအပေါ် မှာမိုးနေတဲ့ ကုက္ကိုပင်ကြီးပေါ်က ငှက်တွေတောင် တဖန်းဖန်းနဲ့ လန့်ပြီး ထပျံကုန်ကြတယ်။ မျက်ရည်ထွက်တဲ့သူ ထွက်၊ ဗိုက်နှိပ်တဲ့သူ နှိပ်နဲ့။ ကျွန်တော်တို့နှစ်ကောင်လည်း သူတို့ရှေ့ကနေ တချိုးတည်း လစ်တော့တာပေါ့။ ပြေးတာ အိမ်ကိုဘယ်လိုရောက်သွားမှန်း မသိဘူး။ အိမ်ရောက်တော့ အိပ်ရာပေါ် လှဲရင်း အဲဒါကြီး ပြန်ပြန်တွေး

mgyoe.com

mgyoe.com SAMPLE BOOK

ရှက်လို့ကို မဆုံးဘူးဗျာ။ ဘယ်တော့မှ အဲဒီအုတ်ခုံဆီ မသွားတော့ဘူး။ ကိုက်တစ်ရာ အတွင်းငတောင် မကပ်တော့ဘူးကွာလို့ ဆုံးဖြတ်ချက်ချမိခဲ့တယ်။ အုတ်ခုံကိုမြင်တိုင်း အဟားခံရတာကို ပြန်မြင်ယောင်လာပြီး တစ်ယောက်တည်းနဲ့တင် မျက်နှာထားစရာ မရှိ ဖြစ်မိတာကိုး။ အုတ်ခုံကလည်း အိမ်ထဲကတောင် လှမ်းမြင်နေရတော့ ခက်ပြီပေါ့။

ဇမော်စိတုံးကိုကျတော့ ကျွန်တော်က နိုင်လည်း နိုင်စားတော့ နဘန်နှစ်ခါလောက် ကျင်းပေးလိုက်သေးတယ်။

"မအေဘေး သိန်းညွန့်သား မင်းကြောင့် ငါပါ စောက်ရှက်ကွဲရတာ"

"ငါလည်း မေ့သွားတာကိုးကွ မင်းကလည်း ဟီး ဟီး" တဲ့။ သွားဖြီးကြီးနဲ့ ပြန်ပြောတယ်။

ကျွန်တော်တို့မှာ အဲဒီရှက်စိတ်နဲ့ တစ်လလောက် ဘောလုံးတောင် မကန်ရတော့ပါဘူး။ အုတ်ခုံက ဘောလုံးကွင်းဧရိယာထဲမှာတင် ရှိနေတာဆိုတော့ ညနေခင်းတွေ ကျွန်တော်တို့ ဘောလုံးကန်ကြတိုင်း အစ်ကိုကြီးတွေ အုပ်စုကလည်း အဲဒီအုတ်ခုံမှာ စုထိုင်ကြပြီကိုး။ မနေနိုင်လွန်းလို့ သူငယ်ချင်းတွေ ကန်တာသွားကြည့်ရင်တောင် ဘောလုံးကွင်း ဒီဘက်အခြမ်းက ကုက္ကိုပင်ကြီးတစ်ပင်ကို ခုတ်ထားလို့ ကျန်ရစ်ခဲ့တဲ့ အမြစ်ဆုံကြီးပေါ်ကနေပဲ ကြည့်တယ်။ ဘောလုံးက အုတ်ခုံဘက်အခြမ်း ရောက်သွားရင် လိုက်မကြည့်ဘူး။ မျက်လုံးက အလိုလို ရပ်သွားတယ်။ အုတ်ခုံက အစ်ကိုကြီးတွေနဲ့ မျက်နှာချင်းဆိုင်မိမှာစိုးလို့လေ။

အဲဒီရက်တွေတုန်းကတော့ အုတ်ခုံကိုမြင်ရတိုင်း ရှက်ပြီး ရှုံးတိုးရှုံ့တန့်တွေ ဖြစ်တာဗျာ။ ငယ်ငယ်လေးနဲ့ မာစတာဘိတ်လုပ်တာကို လူကြီးတွေသိသွားတာလောက် ရှက်စရာကောင်းတာ မရှိဘူးလို့ ထင်တာကိုး။ တကယ်တမ်းကျ ကျွန်တော်တို့ အရွယ်တွေအကုန်လုံး အဲဒီတုန်းက တကိုယ်ရေ အာသာဖြေတတ်နေကြပြီဗျ။ လူတိုင်းပဲဟာ ကျွန်တော်တို့မှ သက်သက်ချွန်ပြီး ဒါမျိုးလုပ်တာ မဟုတ်ဘဲ။ ဘာရှက်စရာရှိလဲ။ ဒါပေမယ့် ရှက်တာပဲဗျာ။ သိသာသိစေ မမြင်စေနဲ့ ဆိုတာမျိုးကိုး။ သိပ်အကြာကြီးတော့လည်း မဟုတ်ပါဘူး။

နောက်တစ်လလောက်နေတော့ အုတ်ခုံရဲ့ကျောဘက်မှာရှိတဲ့ မိန်းလမ်းကြီးဘက်ကို မျက်နှာပြုထားတဲ့ ကော်ဇောအရောင်းဆိုင်ကြီးဆီ ထက်ထက်မိုးဦး ကြော်ငြာလာရိုက်တယ်။ ထက်ထက်မိုးဦးဆိုတာ စူပါကြော်ငြာ မင်းသမီးလောက်တင် ဘယ်ဟုတ်ပါ့မလဲ။ ကျွန်တော်တို့လို လူပျိုပေါက်တွေရဲ့ ညီစော်နံနေတဲ့ အိပ်

mgyoe.com

mgyoe.com SAMPLE BOOK

မက်တွေအတွက်လည်း နတ်သမီးပဲလေ။ ဒီတော့လည်း ကျွန်တော်တို့နှစ်ကောင်သားမှာ ထက်ထက်မိုးဦးကို အရှင်လတ်လတ် မြင်ဖူးချင်စိတ်က ရှက်စိတ်ထက်ပြင်းအားမြင့်နေလို့ တင်းမခံနိုင်ဘူး။ အဲဒီကနောက် ညနေညနေ အုတ်ခုံဆီကိုလည်း ကျွန်တော်တို့ မျက်နှာပူလျက်နဲ့ပဲ ပြန်ကပ်ရဲသွားတယ်။ အစ်ကိုကြီးတွေဆိုတာကလည်း စတုန်းနောက်တုန်းခဏပါ။ အမြဲတမ်း ဘယ်မှတ်ထားနိုင်ပါ့မလဲ။

လူပျိုဖော်ဝင်ရတာလည်း မလွယ်ပါဘူးဗျာ။

◆◆◆

mgyoe.com

m.g y o.e . c o m SAMPLE BOOK

# အခန်း (၄)

ခြောက်တန်းနှစ်အလယ်လောက်မှာ ကျွန်တော် စပြီး အသည်းကွဲခဲ့တယ်။ ကျွန်တော်ကြိုက်တဲ့ ကောင်မလေးက ပြန်မကြိုက်လို့၊ ပြန်ကြိုက်ပြီးမှ ဖြတ်သွားလို့ စတဲ့ ဖြစ်ရိုးဖြစ်စဉ် ဇာတ်လမ်းမျိုးနဲ့ အသည်းကွဲရတာမျိုးတော့ မဟုတ်ဘူး။ သူ့နာမည်က စုစုတဲ့။ နေတာကလည်း တစ်တိုက်တည်းအပြင် အခန်းချင်းကပ်ပါကပ်လျက်။ ကျွန်တော်တို့ မိသားစုက အခန်း၂ရှစ်၊ သူတို့မိသားစုက ဒုတိယထပ်ရဲ့ အစွန်ဆုံးအခန်း၊ အခန်းခုနစ်။ စုစုနဲ့ ကျွန်တော်တို့ဆိုတာ ငယ်ကတည်းက ဆော့ဖော်ဆော့ဖက်။ မှတ်မှတ်ရရ သူနဲ့ ကျွန်တော် နှစ်ခါထိုးဖူးတယ်။ နပန်းလုံးတာပေါ့။ ကျွန်တော့်ကြောင့် သူ့ တံထောင်ပေါက်ပြဲ ဖင်ကိုပိတ်ကန်လို့ ဖင်အောင့်ဖူးတယ်။ သူ့ကြောင့်လည်း ကျွန်တော် မျက်ကွင်းညိုဖူးတယ်။ ငယ်တုန်းကတော့ သူက မိန်းကလေး၊ ကိုယ်က ယောကျ်ားလေးဆိုတဲ့ လိင်ကွဲပြားမှုတွေမှ မရှိတာ။ သေးပေါက်တဲ့ဥစ္စာချင်း မတူဘူးဆိုတာကလွဲရင် ဘာသိမှာလဲ။ ဆိုတော့ ရန်ဖြစ်ရင် ဆံပင်ဆောင့်ဆွဲ မျက်ခွက်လှမ်းရိုက်၊ လက်သည်းနဲ့လှမ်းကုတ်၊ ကုန်းကိုက်။ ဦးသူက ဆော်တာပဲ။

စုစုကလည်း ၄ပြောရရင် ဘောပြားဘက်တောင် နည်းနည်းရောက်မလားမသိဘူး။ သူတို့မိန်းကလေးချင်း ကစားတာထက် ကျွန်တော်တို့နဲ့ ပိုကစားတယ်။ ဘောလုံးလာကန်တယ်။ ထွေပစ်တယ်။ ပိုက်ဆံကြေး စာအုပ်လှန်တယ်။ ဂေါ်လီတူတူရိုက်။ စစ်တိုက်တမ်း ကစားရင်တောင် သူက ပါသေးတယ်။ အဲဒီလောက်

mgyoe.com

mgyoe.com SAMPLE BOOK

ယောက်ျားလေးလိုလည်းဖြစ်၊ ရန်လည်း ခဏာခဏဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် တစောင်စောင် ကြားထဲကနေ ဘယ်လိုများ ကျွန်တော့်မှာ သူ့အပေါ် မေတ္တာသက်ဝင် ချစ်စိတ်ထင်သွားရတယ် မမှတ်မိတော့ပါဘူး။ ဖြစ်နိုင်ခြေ အကြောင်းတွေကတော့ ရှိတာပေါ့။ အဲဒီ ဖြစ်နိုင်ခြေတွေထဲကမှ အဖြစ်အပျက်တစ်ခုက ဒီလို။

စုစုမှာ အစ်မတစ်ယောက် ရှိတယ်။ မကြည်ပြာ တဲ့။ ကျွန်တော့်ထက် လေးငါးနှစ်လောက် ကြီးမယ်ထင်တာပဲ။ အသေအချာတော့ မမှတ်မိဘူး။ သူတို့ မိသားစုနဲ့ ကျွန်တော်တို့မိသားစုဆိုတာ အိမ်ချင်းကပ်လျက်နေခဲ့ကြတာ အကြာကြီး ဆိုပေမယ့် ဘာကြောင့်ရယ် မသိဘူး။ သူတို့မိသားစုထဲက လူတွေနဲ့ပတ်သက်ရင် စုစုကို ကျွန်တော်ကြိုက်ပြီး နောက်ပိုင်းပုံရိပ်တွေပဲ ကျွန်တော့်မှတ်ဉာဏ်ထဲမှာရှိတယ်။ အဲဒီအရှေ့က သူတို့နဲ့ စကားပြောခဲ့ဖူးတာလည်း မမှတ်မိဘူး။ အတူတူ ကစားဖူး တာလည်း မမှတ်မိဘူး။ ဒီနေ့အထိ ကျွန်တော် မှတ်မိနေတဲ့ စုစုရဲ့ မျက်နှာရုပ် သဏ္ဌာန်တောင်မှ သူ့ကို ကျွန်တော်စကြိုက်တဲ့နှစ်က ရုပ်ကလေးပဲ။ နောက်တစ်ချိန် ကျွန်တော် အဘိုးကြီးဖြစ်သွားခဲ့ရင်လည်း ကျွန်တော့်မှတ်ဉာဏ်ထဲက စုစုဟာ ဘယ် တော့မှ အိုသွားမှာ မဟုတ်ဘူး။ အဲဒီအတိုင်းကလေးပဲ ရှိနေတော့မှာ။

တစ်နေ့တော့ ကျွန်တော်တို့တိုက်နဲ့ ကပ်လျက်က တိုက်ငါးကို မိသားစု တစ်စု ပြောင်းလာကြတယ်။ အဲဒီပြောင်းလာတဲ့ မိသားစုထဲမှာ ဘဲကြီးတစ်ပွေ ပါလာ တယ်။ တက္ကသိုလ်တက်နေတာနဲ့ တူပါတယ်။ နောက်ပြီး သူက ရုပ်ချောတယ် ထင်တာပဲ။ ရုပ်ချောတယ်ထင်တယ်လို့ ပြောရတာက ကျန်တဲ့ ယောက်ျားလေးတွေ တော့ မသိဘူး။ ကျွန်တော်ကတော့ ယောက်ျားချင်း ချောတာလှတာ သိပ်မသိဘူး။ အရမ်းကြီးကို ချွန်ထွက်ပြီး မင်းသားဖြစ်လောက်တဲ့ (ဥပမာ - ကျွန်တော်တို့ဆိုင်မှာ ကွမ်းယာလာလာစားတဲ့ ကိုမျိုးသန့်လိုမျိုး) ရုပ်မျိုးမှမဟုတ်ရင် ဟိုကောင်က ချော တယ်။ ဒီကောင်က ချောတယ်။ သိပ်မသိဘူး။ ကျွန်တော်တို့ သူငယ်ချင်းတွေထဲမှာ ယောက်ျားတစ်ယောက် လှတာ ချောတာ စကားလုပ်ပြောတာ မကြားဖူးပါဘူး။ ပြောမယ့်ပြော မိန်းကလေးလှတာ ပြောမှာပေါ့ဗျာ။ ယောက်ျားချင်းတော့ ခပ်ပါးပါး ပေါ့ ဘာလုပ်ရမှာလဲ။ အကုန်လုံး အတူတူနဲ့ အနူနူကောင်တွေချည်းပဲ။ ယောက်ျား တစ်ယောက် ချောခြင်း မချောခြင်း ဆိုတာတွေကို မိန်းမတွေကပဲ ဆုံးဖြတ်ကြတာ။ ယောက်ျားချင်းမှာတော့ သိပ်ပလီစီခြောက်ချက်များ၊ ပုန်းသွားနိုင်တဲ့ကောင်တွေ ကသာ လှတယ်၊ ချောတယ်ဆိုတာမျိုးကို အလွန် အင်မတန် နှစ်သက်ကြတာလို့ ထင်တယ်။ အင်း...ဒါပေမယ့် ယောက်ျားတွေလည်း ချောချင် လှချင်ကြတာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK
အို သိပ်မထူးပါဘူးဗျာ။ ထားပါတော့။

အဲဒီဘဲကြီး ပြောင်းရွှေ့လာပြီးကတည်းက ကျွန်တော်တို့က တိုက်က ဒါမှမဟုတ် တိုက်တစ်ဖက်က ရှိရှိသမျှ အပျိုပေါက်မတွေ တစခန်းထကြတော့တာပဲ။ စုစုရဲ့ အစ်မ မကြည်ပြာလည်း ပါတာပေါ့။ အဲဒီဘဲကြီးကိုပဲ သွားသွားချောင်းကြပြီး သူတို့အချင်းချင်း စကားဝိုင်းဖွဲ့ကြတော့တယ်။ ကျွန်တော်တို့က ကလေးဆိုတော့ အဲဒီလို သူတို့စကားဝိုင်းဖွဲ့ကြပြီဆိုရင် အေးအေးဆေးဆေး နားထောင်လို့ရတယ်။ သူတို့နဲ့ ရွယ်တူ ယောကျ်ားလေးရှေ့တော့ ဘယ်ပြောမှလဲ။

အဲဒီလို အသစ်ပြောင်းလာတဲ့ အစ်ကိုကြီးဟာ ဘယ်လို ချောကြောင်း၊ ဘယ်လို တပ်မက်စရာကောင်းကြောင်း၊ ငါ့ဘဲလေး ငါ့လင်လေးသာဖြစ်ရင် သိပ်ကောင်းမှာပဲ ဘာညာပေါ့ဗျာ။ မိန်းမ နှာဘူးထကြတဲ့ စကားဝိုင်းကို ကျွန်တော်ဟာ ဘေးကနေ နားထောင်ရင်းနဲ့မှ ကိုယ့်ကိုပြောတာ မဟုတ်ပေမယ့်လည်း ကိုယ်နဲ့ လိင်တူတဲ့ လူတစ်ယောက်အကြောင်းကို အပျိုဖြစ်ခါစ လိင်မတူတဲ့ ခပ်လှလှ မိန်းကလေးတွေက ပြောနေသံကို ထပ်ခါထပ်ခါကြားလာမိတော့ ဘယ်ပုံဘယ်နည်း ဘယ်စိတ်တွေ ဘယ်လိုထကြွလာတယ် မသိဘူးဗျာ။ ချစ်ချင်စိတ်တွေ ဝင်လာမိတယ်။ ဒါပေမယ့် ဘယ်သူ့ကိုချစ်ရမယ်လဲ မသိပါဘူး။ စကားဝိုင်းက အဲဒီမမကြီးတွေကိုတော့ သွားချစ်လို့ ဘယ်ရမလဲ။ သူတို့ကလည်း ကျွန်တော်တို့လို ချာတိတ်တွေကို သောက်ဖက်ကိုလုပ်တာ မဟုတ်ဘူးရယ်။ အဲဒီတော့ မမကြီးတွေ စကားဝိုင်းမှာ ကျွန်တော်နဲ့ အတူတူ ဘုမသိဘမသိ ထိုင်နားထောင်နေတဲ့ စုစုအပေါ် ကို ကျွန်တော့်အချစ်တွေဟာ ဝုန်းခနဲ ခုန်တက်၊ (အင်း...ခုန်ဆင်းတာဖြစ်မယ်) ခုန်ဆင်းသွားတော့တာပါပဲ။

အဲဒီနေ့ကစလို့ ငယ်ကတည်းက တေဖော်တေဖက်၊ ရန်ဖြစ်ဖော် ရန်ဖြစ်ဖက်၊ ယောက်ကျမိန်းနီးနီး စုစုဟာ ကျွန်တော့်မျက်စိထဲ လှလာလိုက်တာ။ တစ်ခါမြင်လိုက်ရင် တစ်ခါအလှတိုးနဲ့ ငါတော့ စုစုကို ချစ်တာ သေချာနေပြီလို့ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်နိုင်လိုက်တဲ့အချိန်မှာတော့ စုစုဟာ စင်ဒရဲလားကလေးလောက်ကို အပြစ်ကင်းပြီး လှပလို့နေခဲ့ပါပြီ။ အဲဒါ ကျွန်တော် ခြောက်တန်း၊ သူက ငါးတန်းမှာခင်ဗျ။ ဒါပေမယ့် မေတ္တာတရားနဲ့ ဝင်းလက်တောက်ပနေတဲ့ ငါးတန်း ခြောက်တန်းကလေး တွေပါ။

စုစုကို မနက်ခင်းတစ်ခါ ညနေခင်းတစ်ခါ၊ ညအိပ်ရာဝင်ခါနီးတစ်ခါ စသဖြင့် အကြိမ်ကြိမ်အခါခါ မမြင်ရမနေနိုင်လောက်အောင် ဖြစ်လာခဲ့တယ်။ စားလည်း စုစု၊ သွားလည်း စုစု၊ အီးပါလည်း စုစု။ အိပ်မက်ကလည်း စုစုအကြောင်းပဲ။
mgyoe.com

mgyoe.com SAMPLE BOOK

ညညဆိုရင် အခန်းချင်းကပ်လျက်မို့ အိပ်ခန်းထဲကထွက် သူနဲ့ ကျွန်တော့်အကြား ခြားနေတဲ့ ကွန်ကရစ်အုတ်နံရံကြီးကို နားနဲ့ကပ်၊ စုစုရင့်ခုန်သံကလေးများ ကြားရမလားလို့ ခိုးခိုးနားထောင်ခဲ့မိတာ အကြိမ်ကြိမ်။ နံရံတိုင်းမှာ နားရှိတယ်ဆိုတဲ့ စကားကို ကျွန်တော်ဟာ ဟိုးငယ်ငယ်ကလေးကတည်းက သဘောပေါက်ခဲ့တာပေါ့။ တစ်ခါသား ညကြီးသန်းခေါင် အဲသလို နံရံကြီးနားကပ်လို့ ခိုးနားထောင်နေတုန်း တရေးနိုး သေးထပေါက်တာ ဖြစ်မယ်ထင်တဲ့ အမေနဲ့ တိုးသေးတယ်။

"ဟဲ့ကောင်လေး အုတ်နံရံနားကပ်ပြီး ဘာလုပ်နေတာတုန်း" လို့ အမေက မေးပါလေရော။

ကျွန်တော်လည်း ဖြေမိဖြေရာ လျှောက်ပြေတာပေါ့ဗျာ။

"နားရွက်အေးလို့ အမေရ"

ဟိုဘက်အခန်းက စုစု အသံများ ကြားရမလား နားထောင်နေတယ်လို့ သူ ဘယ်လိုလုပ်သိမလဲ။ နောက်ပြီး ညကြီးအချိန်မတော်လေ။

"ဒီကလေး ပေါက်ပေါက်ရှာရှာ သွား...သွားစမ်း အိပ်တော့" လို့ အိပ်မှုန်စုန်မွှားနဲ့ငေါက်ပြီး အိမ်သာထဲ ဝင်သွားတယ်။ ကျွန်တော်လည်း ကိုယ့်အခန်းထဲကိုယ် ပြေးဝင်ရတော့တာပေါ့။ တစ်ဖက်အခန်းမှာ စုစုလည်း ခေါင်းရင်းကနေ ခြေရင်းရောက် စကတ်ချက်နှာဖုံးလို့ အိပ်ပျော်နေမှာပေါ့။ ကိုယ်ကသာ ကိုယ့်အတွေးနဲ့ကိုယ် ရူးနေခဲ့တာကိုး။

အဲသလိုမျိုး ဆယ်နှစ်သာသာသက်တမ်းရှိတဲ့ စုစုဆိုတဲ့ ဗိုင်းရပ်စ်ကလေးဟာ ဆယ့်တစ်နှစ်သာသာ ကျွန်တော့်ကို တမှိုင်မှိုင် တတွေတွေဖြစ်အောင် ကိုယ်တွင်းကနေ အဆက်မပြတ် တိုက်ခိုက်လို့နေပါတော့တယ်။ ပိုပြီး အကြောင်းဆိုးရတာက ကျွန်တော်နဲ့စုစုက ကျောင်းမတူဘူးလေ။ ကျွန်တော်က ယောက်ျားလေးကျောင်း၊ သူက မြတ်ကျော်၊ ဝင်းကိုတို့နဲ့ အတူတူ။ ယောက်ျားလေးတွေနဲ့ အတူတူ ရောရော နှောနှော တက်ရတဲ့ကျောင်း၊ ကျောင်းကလည်း မတူလေတော့ ကျောင်းချိန်တွေမှာ ဆိုရင် ကျွန်တော့်မှာ လေလျော့နေတဲ့ သားရေဘောလုံးလိုပဲဗျာ။ ရှုံ့တွ ခွေခေါက်လို့။ သူနဲ့ အတူတူ ကျောင်းသွားတက်တတ်တဲ့ မြတ်ကျော်၊ ဝင်းကိုတို့ကိုတောင် မကြည်တော့ဘူး။ သံသယတွေဖြစ်လာတယ်။ ဒီကောင်တွေ ဖြတ်ခုတ်သွားလိမ့်မယ် ဆိုတဲ့ အတွေးနဲ့ စုစုကို ကျွန်တော် ကြိုက်နေတယ်ဆိုတာ ဘယ်သူ့မှ ဖွင့်မပြောဘူး။ တကိုယ်တည်း ကြိတ်ခံစားတယ်။ ကျောင်းတက်ရတဲ့ နေ့လယ်ဘက်တွေမှာဆိုရင် အခြားကျောင်းက ကျောင်းခန်းတစ်ခန်းထဲမှာ စုစုတစ်ယောက် ဘာလုပ်နေမှာပါလိမ့်။

mgyoe.com

mgyoe.com SAMPLE BOOK
ဘယ်မအေဘေးတွေနဲ့ ကလူကျီစယ်နေမှာပါလိမ့်လို့ အမြဲတွေး၊ အရွယ်နဲ့မမျှအောင် ရင်လေးနေမိတာပေါ့ဗျာ။ အချစ်ဟာ သိပ်ခံရခက်တာပဲ။

အဲဒီလို အဲဒီလို သောကတွေ၊ ဗျာပါဒတွေ၊ ဝေဒနာတွေနဲ့ ချစ်မိပြီဆိုမှတော့လည်း လုပ်စရာက ရည်းစားစာပေးဖို့သာ ရှိတာပဲကိုး။ ကျွန်တော်ဟာ ကျောင်းခန်းထဲမှာ ရည်းစားစာတွေ ခိုးခိုးရေးပါတယ်။ အကြိမ်ကြိမ် အထပ်ထပ် ပြင်ရေး၊ အချောကူး။ အချောကူးနေရင်းမှ မကြိုက်တော့လို့ ပြင်ရေးပြန်။ ကျွန်တော့်ရဲ့ ကျောင်းဗလာစာအုပ်တွေက အလယ်စာရွက်တွေအထိ ရေးပြီးသားဖြစ်နေတော့ သူများစာအုပ်တွေထဲက အလယ်စာရွက်တွေပါ လိုက်ခိုးဖြုတ်ရသေးတယ်။ နောက်ဆုံး စာကို အချောသပ်နိုင်သွားတဲ့ တစ်နေ့မှာတော့ စုစုကို စာဘယ်လိုပေးရမယ်လို့ ချိန်ဆ ချောင်းမြောင်းနေခဲ့ပါတယ်။ အိမ်ချင်းကပ်လျက်ဆိုတော့ အဝေးကြီးသွားချောင်းစရာလည်း လိုတာမှ မဟုတ်ဘဲ။

ညနေခင်းတစ်ခုမှာတော့ စုစုကို စာပေးဖို့အတွက် သူတို့အခန်းရဲ့ ဘေးမှာတင်ရှိတဲ့ လှေကားထစ်မှာ ထိုင်ရင်း သူထွက်အလာကို တိတ်ဆိတ်တဲ့ညမှာ သွပ်ပြားပေါ် မိုးကြီးရွာ မိုးသီးတွေကြွေသလိုမျိုး ပြောင်းဆန်မှုမျိုးနဲ့ ကျွန်တော် စောင့်နေခဲ့ပါတယ်။ ဗလာစာအုပ်ထဲမှာ လေးခေါက်ခေါက်ထားတဲ့ စာရွက်ကလေးကို ထုတ်ကြည့် ဖြန့်ကြည့် ပြန်ဖတ်ကြည့်လုပ်နေလို့ ကျွန်တော့်ရည်းစားစာ စာရွက်ကလေးဟာဆိုရင် ကျွန်တော့်လိုပဲ ဒေါင့်ချိုးတွေမှာ ပျော့ဖတ်လို့တောင်နေပြီ။ စုစုက အိမ်က ထွက်မလာသေး။ ဒီကောင်မလေး ငါစောင့်နေမှန်းသိလို့ တခြားဘက်လှေကားကနေ ဆင်းသွားပြီလား၊ ချစ်ခွင့်တောင် မပန်ရခင်မှာ မုန်းပြီလား။ ဟိုကဖြင့် သိတောင် သိမှာမဟုတ်ဘူး။ ကျွန်တော်က ကြံဖန် စိုးရိမ်နေလိုက်သေးတယ်။ သူ့ထွက်မလာလေ ကျွန်တော့်မှာ တဖြည်းဖြည်း ငိုမဲ့မဲ့မျက်ခွက်ကလေး ဖြစ်လာလေ။

သူတို့အခန်းဘက်ကို လှေကားတထစ်တက်ကြည့်လိုက်၊ ပြန်ထိုင်ချလိုက်၊ ဗီဒီယိုတိတ်ခွေကို ရစ်ကြည့်သလို ဆတ်ခနဲ ဆတ်ခနဲဖြစ်နေတဲ့ ကျွန်တော့်လှုပ်ရှားမှုက မှုမမှန်တော့။ အဲဒီအချိန်မှာပဲ လှေကားဘက် ဆင်းလာမယ့်သူကို မျှော်လင့်နေတဲ့ ကျွန်တော်ဟာ လှေကားကနေ တက်လာတဲ့ စုစုအစ်မ မကြည်ပြာကို သတိမထားမိ၊ မမြင်လိုက်ပါဘူး။ သူတို့အိမ် အပေါက်ကို လှမ်းအကြည့် လှေကားဘက် ပြန်လာထိုင်တုန်း ကျွန်တော့်ကို တသွေ့မတိမ်း စူးစူးစိုက်စိုက်ကြည့်နေတဲ့ မကြည်ပြာကို မြင်လိုက်မိတော့ ကျွန်တော် ခေါင်းနပန်းကြီးသွားတယ်။

အမေရိုက်တော့မှာ သေချာတဲ့အပြစ်မျိုး လုပ်ထားမိတဲ့ အချိန်တွေလိုပေါ့

mgyoe.com

mgyoe.com SAMPLE BOOK

ဗျာ။ ငါးသည်ရဲ့ လင်ဗန်းပေါ်က ငါးလိုပဲဗျာ ပါးစပ်ကြီးကပါ ဟစိဟစိဖြစ်သွားတယ်။ အဲဒီလို ဖြစ်သွားတာကိုက ပိုမသက်သာစရာ ဖြစ်နေတော့တာပေါ့။ နောက်ပြီး သူက ခုနကတည်းက ကျွန်တော့်ရဲ့ လှေကားထစ်မှာ ထိုင်လိုက်၊ ထလိုက်၊ စုစုတို့ အခန်းကိုချောင်းလိုက်၊ ဖင်ကုတ်လိုက်၊ ခေါင်းကုတ်လိုက်နဲ့ တစ်ယောက်တည်း မျောက် ဘရိတ်ဒန့်ကနေသလို ပုံကြောင့် ဘယ်အချိန်ကတည်းက လှေကားအောက်ကနေ ရပ်ပြီး စောင့်ကြည့်နေတယ်မသိဘူး။ အုတ်လှေကားထစ်တွေကို ဖနောင့်နဲ့ ပေါက်နေသလို ဒုတ် ဒုတ်နဲ့ တက်လာရင်း ကျွန်တော့်လက်ထဲက ဗလာစာအုပ်ကို ဇွက်ကနဲမြည်အောင် ဆောင့်ဆွဲယူလိုက်ပါတယ်။ ထို့နောက်။ အဲဒီနောက် ဘာတွေဖြစ်မလဲ။ အရှင်းကြီးပေါ့ဗျာ။

အဲဒီတုန်းကလောက် ကျွန်တော့်ရင်ဘတ်ထဲ ဘယ်တုန်းကမှ ကုလားဘုရားမလှည့်ဖူးဘူး။ အိုးစည်ဗိန်ဗောင်း တအုံးအုံးမတီးဖူးဘူး။ ပထမဆုံး အတွေ့အကြုံဆိုတာ အမြဲ ပထမဆုံး အတွေ့အကြုံဆိုတဲ့ စကားလုံးနဲ့ကိုက်အောင် ရသစုံပေးတာပဲ။ သို့သော်လည်း ထင်ထားသလောက် မဆိုးခဲ့ပါဘူး။ စာအုပ်ထဲက ခေါက်ထားတဲ့ စာရွက်ကလေးကို ဆွဲထုတ်ရင်း သူ့မျက်နှာကိုလည်း ပြုံးစိစိလုပ်လို့ "ဒါကဘာလဲ ငါ့ကို ပြောစမ်းပါဦး" လို့ လှောင်ပြောပြောတယ်။"ကျွန်တော် . . .ကျွန်တော် ..." ဆိုတာကလွဲလို့ ကျွန်တော့်ပါးစပ်ကလည်း ဘာမှမထွက်။ သူကလည်း ကျွန်တော့်ကို ဒါက ဘာလဲ ပြောစမ်းပါဦးဆိုပေမယ့် အဖြေလိုချင်လို့မေးတဲ့ မေးခွန်းမှမဟုတ်ဘဲ။ ကျွန်တော့်ဘာသာ သောက်အကြီးလို ဖြစ်နေလည်း ဘာအရေးစိုက်နေမှာလဲ။ စာရွက်ကိုဖြန့် လှေကားထစ်ပေါ် မိန်းမပျိုလေးတစ်ယောက် ထိုင်သလို ဣန္ဒြေရရမဟုတ်ဘဲ ဒူးနှစ်ချောင်းထောင်ပြီး ထိုင်လိုက်ရင်း စာကို စတင်ဖတ်ပါတော့တယ်။

ထိပ်ဆုံးစာသားမှာတင် သူဟာ အူပေါက်ထွက်အောင် စတင်ရယ်ပါတော့တယ်။ ကျွန်တော်က. . .

"ချစ်ရတဲ့ စုစုအတွက်" လို့ စထားတာကိုး။

"ငါ့ညီမကို ပေးမှာတဲ့ဟေ့ ဟား...ဟား...ဟား စုစုက စွံသွားပဲဟ"

တစ်ယောက်တည်း ဘယ်သူ့ကိုကြားစေချင်မှန်းမသိ အော်ဟစ်ပြောဆိုနေပါတယ်။ ပြီးတော့ သူ့ဗိုက်ကိုသူနှိပ်ရင်း ရယ်ပါတယ်။ အဲဒီပထမဆုံး စာကြောင်းမှာတင် ဘာရယ်စရာမှမပါဘဲ ရယ်နေလိုက်တာ လေးဆယ့်ငါးသချီနဲ့ ကမ္ဘာကိုးသိန်းလောက် ကြာမယ်ထင်မိတယ်။ ကျွန်တော်က သူထိုင်နေတဲ့လှေကားထစ်ရဲ့ အောက်လှေကားထစ်မှာ ဆရာမရှေ့မတ်တတ်ရပ်သလို လက်ပိုက်မတ်တတ်ရပ်ရင်း ခေါင်း

mgyoe.com

mgyoe.com SAMPLE BOOK

ငှဲလို့ ကျွန်တော့်ရဲ့ ဖော့ဖိနပ်နှစ်ဖက်ကြားမှာ လမ်းပျောက်နေတဲ့ ပုရွတ်ဆိတ်အမည်း တစ်ကောင်ကို ငေးကြည့်နေမိတယ်။ အရေးထဲ အဲဒီပုရွက်ဆိတ်က ဘာဖြစ်ချင်နေ မှန်းမသိဘူး။ ဖနောင့်အနားတွေကို တိုက်သွားလိုက် တစ်ဖက်ကို လှည့်ထွက်သွား လိုက်၊ တစ်ဖက်က ဖိနပ်အနားကို တိုက်သွားလိုက် ပြန်တိုက်လိုက်။ ဇယ်တောက် ခုံက ဇယ်သီးလိုပဲ သူ့ခမျာလည်း ကျွန်တော့်လို ဆောက်တည်ရာမရရှာဘူး ထင်ပါ ရဲ့။ ထို့နောက် သူဟာ အံရယ်ရပ်၊ ကျွန်တော်စာ့ကို ဆက်ဖတ်ပါတယ်။ စိတ်ထဲက လည်း ဖတ်လို့ရနေရဲ့နဲ့ ကျွန်တော်ရေးထားတဲ့ စာကိုပဲ ကျွန်တော့်ကို ပြန်ဖတ်ပြနေ သလို စာလုံးပေါင်းမပြရုံတမယ် တစ်လုံးချင်း ဖတ်နေတယ်။

*"စု စု ရေ ငါ တော့ နင့် ကို ချစ် နေ ပြီ။ ကြာ ခဲ့ ပါ ပြီ ဟာ။ ဟို တစ် နေ့ က ဆို နင် ငါ့ ညို သ ကျည်း ကို ဖြတ် ကန် တာ ငါ နာ ပေ မယ့် နင့် ကို ပြန် မ ချိုး ခဲ့ ဘူး နော်။ အဲ ဒါ နင့် ကို ချစ် လို့ ပေါ့။ ဟို ကောင် တွေ သာ ဆို နောက် က နေ ဆ လိုက် ထိုး ပြီး လိုက် ဖျက် မှာ။ အ ရင် တုန်း က နင့် ကို ငါ အဲ လို ဖျက် ခဲ့ ဖူး တာ တွေ ကို တော့ တောင်း ပန် တယ်။ အဲ ဒါ ချစ် သွား လို့ ပေါ့ "*

"ဟား...ဟား.... ဟား "

ဟား ဟား ဟား ဆိုတာ ကျွန်တော့်စာထဲ မပါပါဘူး။ မကြည်ပြာ ရယ်နေ တာ။ ကျွန်တော်လည်း နှာခေါင်းကို တစ်ချက်ပွတ်၊ ရှုံးခနဲ သက်ပြင်းတချက်ရှိုက် လိုက်ရင်း သူ့နောက်ကျောက ကျွန်တော်တို့ ဘောလုံးကွင်းနေရာကို လှမ်းငေးကြည့် နေဖြစ်တယ်။ ခုနကရှိနေခဲ့တဲ့ ကြောက်စိတ်တွေကိုတောင် မေ့လို့၊ ကျွန်တော်ကိုယ် တိုင်တောင် သူ ဖတ်ပြတဲ့ ကျွန်တော့်စာထဲက အကြောင်းအရာကို မျက်စိထဲ မြင် ယောင်လာမိတယ်။

*"စု စု ရေ အ တို ချုပ် ပဲ ပြော မယ် ဟာ။ ငါ က ရည်း စား စာ မ ရေး တတ် ဘူး။ နင့် ကို မြင် နေ ရ ရင် လည်း ငါ ဝူ ခုန်း ကား တောင် မ ကြည့် ချင် တော့ ဘူး။ နောက် ပြီး ဗိုက် လည်း မ ဆာ ဘူး။ နင့် မျက် နှာ လေး ဟာ ငါ သိပ် ကြိုက် တဲ့ ပန်း သီး လေး လို ပဲ။ ငါ့ အ တွက် အာ ဟာ ရ အ ပြည့် ပါ ပဲ။ နောက် ဆုံး ပြော ရ ရင် ဟာ ခေါက် ဆွဲ ကြော် တွေ အား လုံး ထက် တောင် နင် က လှ သေး တယ်။ ငါ့ ကို ချစ် ရင် စာ ပြန် ပါ နော် "*

"အမယ်လေးဟဲ့ ငါ့ညီမငါတောင် အဲ့လောက်လှမယ် ငါမသိခဲ့ဘူး ဟား ဟား ဟား။ ပေါက်တတ်ကရတွေဟယ်။ လက်ရေးကတော့ လှသားပဲ။ ဟဲ့ ပြောစမ်း ဒါ နင့်ဘာသာနင် ရေးတာလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ် သားဘာသာသား ရေးတာပါ"

"ဆိုးတော့ မဆိုးပါဘူး စာအရေးအသားကောင်းတယ်၊ စုစုကို ငါ ပေးပေး ရမလား ဟဲ... ဟဲ..."

မကြည်ပြာက အဲဒီလိုပြောပြီး စာကိုလည်းပြန်မပေးဘဲ ကျွန်တော့်ခေါင်းကို မနာအောင် တစ်ချက်ပုတ်ပြီး ထွက်သွားပါတယ်။ ကျွန်တော်လည်း အဲဒီတော့မှ အသက်ရှုနိုင်တယ်။ တစ်ချိန်လုံးယားနေတဲ့ ဖင်ကို သူ့ရှေ့မှာမို့ မကုတ်ရဲဘဲ အောင့်ထားရာက တဗျင်းဗျင်းကုတ်ပြီး လှေကားထစ်ပေါ် ထိုင်ချနိုင်တော့တယ်။ ပြီးတော့ ခေါင်းကို ဆက်ကုပ်တယ်။ သူက တကယ်ပဲ စုစုကို စာပေးပေးမှာလားလို့ ဇဝေဇဝါ တော့ဖြစ်နေမိတုန်းပဲ။ သို့သော်လည်း နောက်တစ်နေ့မှာပဲ အိမ်အနောက်ဘက် ပြတင်းပေါက်ကနေ လွှင့်ပစ်ထားလို့ ရေမြောင်းထဲ တစ်ဝက်ရိရွဲနေတဲ့ ကျွန်တော့်စာကို တွေ့လိုက်ရလို့ စာထဲကအတိုင်း နောက်တစ်စောင် ထပ်ရေး၊ ညတစ်ညမှာ ပေးလိုက်နိုင်ပါတယ်။ စုစုဟာ တစ်ခါမှ စာမပေးခံရဘူးလို့နဲ့ တူပါတယ်။ ကျွန်တော် ပေးတဲ့စာကိုကြည့်ပြီး ကြောင်တောင်တောင်ဖြစ်လို့နေတယ်။ ပြီးတော့ သူ့အကျင့်အတိုင်း ပါးစပ်ကိုပိတ်ထားပြီး အတွင်းထဲကနေ ပိတ်ထားတဲ့နှုတ်ခမ်းတွေကို လျှာနဲ့ ထိုးလို့နေတယ်။ အဲဒါဟာ ဘာဖြစ်နေမှန်း ဝေခွဲမရဖြစ်နေတိုင်းမှာ သူ လုပ်နေကျ အကျင့်ဆိုတာ ကျွန်တော် သိတာပေါ့။

"ရည်းစားစာ ဟုတ်၊ ဖတ်ပြီးရင် ငါ့ ပြန်ပေးနော်" လို့ ပြောပြီး ကျွန်တော်လည်း တချိုးတည်း လစ်ခဲ့တယ်။

နောက်တစ်နေ့မှာ စုစုက ကျွန်တော့်ကို စာပြန်ပေးပါတယ်။ ဘာမှတော့လည်း မပြောဘူး။ ကျွန်တော့်ဆီက ငှားသွားတဲ့ ပိုက်ဆံကြေးထွေပစ်လို့ကောင်းတဲ့ ကျောက်ဒိုးပြားလေးငှားပြီး ပြန်ပေးသလိုမျိုးပဲ။

"ငါ့ ကို အ ဖြေ ပေး လေ ဟာ" လို့ ကျွန်တော်ပြောတော့ "ဘယ်လိုပေးရမှာလဲ" လို့ သူက ပြန်မေးပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ နှစ်ယောက်ဟာ တီဗွီကနေအချစ်ဇာတ်ကားတွေ ကြည့်နေခဲ့ကြဖူးပြီလား ကျွန်တော် သိပ်မမှတ်မိဘူး။ စုစုရဲ့ ဘယ်လိုအဖြေပေးရမှာလဲ ဆိုတဲ့ မေးခွန်းဟာ ကျွန်တော့်ကို အတော်လေး အကျပ်ရိုက်စေခဲ့တယ်။ ကျွန်တော် ကိုယ်တိုင်တောင် အဖြေပေးလေဟာလို့ ပြောမိပေမယ့် အဖြေဆိုတာ ဘာလို့ မသေချာပါဘူး။ ချစ်တယ်ဆိုတဲ့ စကားလုံးနဲ့ ပတ်သက်လို့ စာထဲ တကူးတကထည့်ရေးတတ်ပြီ ဆိုပေမယ့် ချစ်တယ်ဆိုတဲ့ အကြောင်းနဲ့ ပတ်သက်လို့ နက်နက်ရှိုင်းရှိုင်းတော့ ဘယ်နားလည်ကြဦးမှာလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီတော့လည်း "ငါ့ကို စိတ်မဆိုးဘူးမဟုတ်လား" လို့ သူ့ကို မေးလိုက်တယ်။

"မဆိုးပါဘူးဟ။ နင့်စာလေးက ဖတ်လို့ကောင်းတယ် ဟဲ့။ နောက်ပြီး နင့်လက်ရေးကလည်း ဝိုင်းနေတာပဲဟာ အရမ်းလှတာပဲ"

စုစုရဲ့ စကားက ကျွန်တော့်ကို ချစ်တာပဲလို့ ကျွန်တော် သတ်မှတ်လိုက်တယ်။ ကျွန်တော်တို့နှစ်ယောက် ပျော်ခဲ့ကြပါတယ်။ ဘောလုံးကန်ရင် ဘယ်တော့မှ တစ်ယောက်တစ်သင်း မနေတော့ဘူး။ တစ်သင်းတည်းမှာ အတူပေါ့။ ကျောက်ရုပ်ကျောက်ဖျက်ကစားရင် သူ့ဖမ်းရမယ့်အလှည့်ဆိုရင် ကျွန်တော်ဟာ ကျောက်ရုပ်လို့ လုပ်လို့ရပေမယ့် ဘယ်တော့မှမလုပ် အမိခံတယ်။ အရုပ်ပစ်ရင် စပ်တူကစားတယ်။ ညဘက်တွေမှာ အပျိုဖြစ်စအရွယ်တွေဖြစ်တဲ့ သူ့အစ်မ အပါအဝင် အစ်မကြီးတွေရဲ့ စကားဝိုင်းကို ကျွန်တော်တို့ကလေးတို့ စုနားထောင်ကြတဲ့အခါမျိုးမှာ ကျွန်တော်က သူ့အနားမှာကပ်ထိုင်ရင်း သူ့ပုခုံးကို ကျွန်တော့်ပုခုံးနဲ့ စိတ်ပေါက်လာတိုင်း တိုက်တိုက်နေမိတယ်။ တစ်ခါတလေ သူ့လက်ကလေးကို ကျွန်တော့်လက်ထဲ ထည့်ထားမိတယ်။ စုစုက ဘာမှမပြောဘူး။ ဆယ့်တစ်နှစ်အရွယ်ကလေးနှစ်ယောက်ရဲ့ သမီးရည်းစား ဖြစ်ချင်းဆိုတာ မုန့်ကို ခွဲဝေစားတာ၊ အတူကစားတာအပြင် ဘာရှိနိုင်မှာလဲ။ အဲဒါကိုက ကြည်နူးစရာ။ ခုနေခါမှာ ကျွန်တော့်မျက်လုံးကိုမှိတ် စုစုရဲ့ ငယ်တုန်းက မျက်နှာလေးကို မြင်ယောင်ကြည့်လိုက်တဲ့အခါ ကျွန်တော့်မှာ နွေးနွေးထွေးထွေးကလေး ဖြစ်သွားမိတယ်။ ဒီနောက်တော့ ငယ်ဘဝရဲ့ သိပ်လှတဲ့ ဖန်ဂေါ်လီကလေးတလုံး သမံတလင်းပေါ် ကျလို့ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားတာကို မျက်စိထဲ မြင်လာခဲ့တယ်။

အဲဒီခြောက်တန်းပြီးလို့ သင်္ကြန်မတိုင်မီ နွေရာသီ ကျောင်းပိတ်ရက် တစ်ရက်မှာ စုစုတို့ မိသားစုဟာ ကျွန်တော်နဲ့ နောင်ဘယ်တော့မှ ပြန်မဆုံဖြစ်တော့အောင် ဟိုးအဝေးကြီးတစ်နေရာကို ပြောင်းရွှေ့သွားခဲ့ကြတော့တယ်။ လော်ရီကားကြီးပေါ် သူတို့ရဲ့ အိမ်ထောင်ပရိဘောဂတွေစုတင်၊ သိပ်ဝန်ကြီးတဲ့ ပစ္စည်းတွေကိုတော့ ပေးတဲ့သူကိုပေးခဲ့၊ ရောင်းတဲ့သူကို ရောင်းခဲ့ကြတယ်။ (ကျွန်တော့်အမေက ကျွန်တော်တို့တိုက်ရှေ့ မျက်နှာစာမှာရှိတဲ့ သူတို့အမေ စိုက်ထားခဲ့တဲ့ ပန်းကလေးတွေကို အိုးနှင့်တကွ ဝယ်ထားခဲ့သေးလို့ ကျွန်တော်ဟာ လပေါင်းများစွာ အဲဒီပန်းအိုးကလေးတွေကို စုစုကို ကျွန်တော် သိပ်လွမ်းနေတဲ့အကြောင်း ညဘက်တွေမှာ ပြောနေခဲ့မိသေးတာပေါ့ဗျာ) ပြီးတော့ သူတို့ မိသားစုတွေအကုန် ကားပေါ် တက်ကြ၊ စုစုဟာ လော်ရီကားကြီးရဲ့ နောက်ဖျားမှာ နောက်ပိတ်အဖုံးကို ကိုင်ထားရင်း ထိုင်

mgyoe.com

mgyoe.com SAMPLE BOOK


လို့နေခဲ့တယ်။ သူ့မျက်လုံးတွေဟာ မှည့်ဝင်းလို့၊ ရဲရဲတွတ်လို့နေတဲ့ ဆီးသီးများပမာ။ ကျွန်တော့်မျက်လုံးတွေဟာလည်း သူ့လိုအရောင်မျိုးပဲ။ ကားကြီးက တစ်အိအိ ကျွန်တော်တို့ဝင်းထဲက ထွက်သွားတယ်။ အိမ်နီးချင်းအချို့ကလည်း လက်တွေပြလို့။ ကျွန်တော်ဟာ ငိုနေခဲ့မိပါတယ်။ ကျွန်တော် ငိုနေတာကို ဘေးက လူကြီးသူမတွေ မမြင်နိုင်အောင် အဲကွယ်ရာနေရာမှာရပ်လို့ စုစုကို တင်ခေါ်သွားတဲ့ လော်ရီကားကြီးနဲ့ အတူ စုစုရဲ့ မျက်နှာကလေး သေးသေးလေး ဖြစ်သွားတဲ့အထိ ကျွန်တော် လှမ်းကြည့်နေခဲ့မိတယ်။ စုစု ငိုနေခဲ့မယ်လို့ ကျွန်တော် ထင်တယ်။ ဒါပေမယ့် မသေချာတော့ပါဘူးဗျာ။ ခုအချိန်မှာဆိုရင် စုစုတောင်မှ မသေချာတော့ဘူးလေ။

ကျောင်းတွေပြန်ဖွင့်တဲ့အထိ ကျွန်တော်ဟာ စုစုစိတ်နဲ့ အသည်းကွဲနေ၊ မှိုင်တွေနေတုန်းပဲ။ အဲဒီတုန်းက နာမည်ကြီးနေတဲ့ သီချင်းပဲလားမသိပေမယ့် ခဏခဏ ကြားနေရတဲ့ သီချင်းကလည်း ထွန်းအိန္ဒြာဗိုလ်ရဲ့ ကိုယ်တို့ဝေးနေ မိုင်ပေါင်းကုဋေတဲ့။ စုစုနဲ့ ကွေကွင်းခဲ့ရတဲ့နေ့ကစလို့ ကျွန်တော်ဟာ ဘဝတစ်လျှောက်လုံး ကိုယ်ချစ်တဲ့သူတွေနဲ့ ဝေးရမှာကို ပြင်းပြင်းထန်ထန်ကြောက်ရွံ့တုန်လှုပ်ခြင်း ဝေဒနာ စွဲကပ်သွားပြီလို့ ကိုယ့်ကိုယ်ကိုယ် ထင်နေမိတယ်။ ဒါဟာ လူတိုင်းကို ရုပ်ခန္ဓာတိုင်းဆီမှာ စွဲကပ်တဲ့ ဝေဒနာလို့ ဘယ်သိနိုင်ဦးမလဲ။ အနေနီးခြင်းဟာ အနေဝေးဖို့ပဲ။ စွဲမက်ဖွယ် ဆုံတွေ့မှုတိုင်းရဲ့ အဆုံးသတ်တိုင်းဟာ နာကျင်ဖွယ် ခွဲခွာရဖို့ချည်းပဲလေ။ သို့သော်လည်း ခုနစ်တန်းနှစ်ကို စတက်။ ပထမတစ်လ၊ တစ်လခွဲလောက်ပြီးတဲ့နောက်မှာတော့ ကျွန်တော့်ရဲ့ သူရဲကောင်းခေတ်ဟာ သူ့အလိုလို ပြန်စတင်ပြန်လာတာပါပဲ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း အဲဒီအရွယ်အခနေနဲ့ ကြည့်ရင် ကျွန်တော်က တော်တော်ဆိုးသလားတော့ မသိပါဘူးဗျာ။ ကျောင်းမှာတော့ ကျွန်တော်က နည်းနည်းလက်လက်ထလွန်းတာကြောင့်ရော၊ ပုတုနဲ့ မုန်းဆန်းတို့ကို မုန့်စားဆင်းချိန် ကျွန်တော်က ဝယ်ဝယ်ကျွေးတာကြောင့်ရော ဒီပြင် ကျွန်တော့်အိမ် အကြောင်း မသိတဲ့ကောင်တွေက သူဌေးသားတွေ၊ ဘာတွေ ထင်ကြသေးတယ်။ ရယ်စရာတောင် ကောင်းတယ်။ တကယ်တော့ ကျွန်တော်က ဆင်းရဲသားပဲဗျ။ အဖေက ဝန်ထမ်း၊ အမေက ဈေးရောင်းတယ်။ ကျွန်တော်သိတတ်တဲ့ အရွယ် ကနေ ခုချိန်ထိ အမေ့မြင်လိုက်ရင် ဈေးရောင်းနေတာချည်းပဲ။ ကျွန်တော်ငယ်ငယ် တုန်းက အကြော်ရောင်းတယ်။ နောက်တော့ အရက်ရောင်းတယ်။ နောက်တစ်ခါ အကြော် ပြန်ရောင်းတယ်။ ပြီးတော့ ကွမ်းယာရောင်းတယ်။ သူငယ်ငယ်ကလေးက တည်းက အဘွားနဲ့လိုက်ပြီး ဈေးရောင်းခဲ့ရတာလို့ ပြောတာပဲ။ ထာဝရဈေးသည်ကြီး ပေါ့ဗျာ။

ကျွန်တော် ငါးတန်းနှစ်လောက်က စလို့ အမေက ကျွန်တော်တို့ဝင်းရဲ့ ဂိတ်သံတံခါးကြီးရဲ့ နံဘေးအစွန်ဆုံးမှာ လေးပေအကျယ်လောက်သာရှိမယ့် တဲ သာသာ ခြေတံရှည်ဆိုင်ကလေးဆောက်လို့ ကွမ်းယာနဲ့ အခြားတိုလီမုတ်စဆိုင် ကလေး ဖွင့်ရောင်းတယ်။ ကျွန်တော်တို့ဆိုင်လေးလို အခြားဆိုင်တွေကလည်း

mgyoe.com

အတန်းလိုက်၊ ဝင်းတံခါးရဲ့ ဘယ်ဘက်၊ ညာဘက် နှစ်ဘက်စလုံးမှာ ရှိတယ်။ မနက်ခင်းသာ ဖွင့်တဲ့ မုန့်ဟင်းခါးဆိုင်၊ နေ့လယ်သာ လာဖွင့်တဲ့ မုန့်လက်ဆောင်းဆိုင်၊ ဝက်သားတုတ်ထိုးဆိုင်၊ ရေဒီယိုကက်ဆက်ပြင်ဆိုင်၊ မီးချောင်းတို့ဘာတို့ ရောင်းတဲ့ လျှပ်စစ်ပစ္စည်းဆိုင်၊ စက်ဘီးအပြင်ဆိုင်၊ အကြော်ဆိုင် စသဖြင့်ပဲ။ ပွဲဈေးတန်းကလေးလိုပေါ့။ အမေ့ဆိုင်ကလေးကတော့ အစွန်ဆုံးဆိုတော့ နေရာကောင်း၊ လမ်းဘေးက ဆိုင်မြေနေရာ ဘယ်သူမှ မပိုင်ဆိုပေမယ့် အဲဒီနေရာကိုပဲ ပိုက်ဆံပေးဝယ်ထားရသေးတာ။

အမေ့ကွမ်းယာက ထုံးအစပ်ကောင်းတယ်လို့ လူတွေက ပြောကြတော့ ဝယ်စားတဲ့သူလည်း များတာပေါ့ဗျာ။ အဲဒီထက် တဖြည်းဖြည်း တိုးတက်လာတာပေါ့။ တစ်နှစ်ထက်တစ်နှစ် ပစ္စည်းအစုံလည်း တိုးတိုးပြီးတင်ရဝံ့ ဆိုင်ဧရိယာကို ချဲ့ချဲ့ လိုက်လာခဲ့တာ ကျွန်တော် ခုနစ်တန်းလောက်ရောက်တော့ ကျွန်တော်တို့ဆိုင်ခန်းဟာ မူလဖွင့်ခါစ ဆိုင်လေးရဲ့ သုံးဆ၊ ဆယ့်နှစ်ပေ ဖြစ်သွားပြီ။ (ဘေးကပ်လျက်က မနက်ခင်းသာဖွင့်ပြီး မုန့်ဟင်းခါးဆိုင်တွေကိုသွင်းတဲ့ အကြော်ဆိုင်လေးကနေ နေရာ ဖဲ့ဖဲ့ဝယ်တာပေါ့) ဆိုင်ကလည်း တဲသာသာအခြေအနေက လျှာထိုးသစ်ပြားတွေ တစ်ချပ်ခြင်းထိုးထည့်ပြီး ပိတ်ရတဲ့ ဆိုင်တံခါးနဲ့ မှန်ဘီရိုနှစ်လုံးလောက်နဲ့ ဖြစ်လာ။ ရောင်းတဲ့ပစ္စည်းတွေကလည်း အရင်တုန်းက ကွမ်းယာ၊ ဆေးလိပ်၊ ကလေးစားစရာ မုန့်ထည့်ကလေး ချောင်ချိချိကနေ။ စတိုးဆိုင်ကလေးအဆင့်ဖြစ်လာတယ်။ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည်၊ မဲနယ်၊ ရေဒီယိုဓာတ်ခဲ၊ ချာလီတံဆိပ် ခေါင်း လိမ်းဆီဘူး၊ အုန်းဆီ၊ ဆန်၊ ဆီ၊ ဆား ငရုတ်ကြက်သွန်။ ကလေးကစားစရာ၊ စားစရာ ဆိုလည်း တွဲလောင်းချိတ်ထားတာတွေဟာ မျက်စိတောင် နောက်ရသေးတယ် အမျိုးများကြီးပဲဗျာ။ အဲသလိုရောင်းချတဲ့ ကုန်ပစ္စည်းတွေ များလာတော့ အမြတ်ကလည်း များလာတာပေါ့။ အမြတ်က များလာတော့ မနက်ခင်း ကျောင်းမသွားခင်တစ်ခါ၊ ညနေကျောင်းဆင်းဆင်းချင်းတစ်ခါ ဆိုင်ကူထိုင်ပေးရတဲ့ ကျွန်တော့်အတွက် ခိုးကြေးကလည်း များလာတာပေါ့။

သူဌေးသားတွေ သူတို့အိမ်က တရားဝင်ပေးတဲ့ မုန့်ဖိုးနဲ့ ကျွန်တော် တရားဝင်ရတဲ့ မုန့်ဖိုးက မိုးနဲ့မြေ အဟပ်ကွာလှပေမယ့်လည်း ခိုးကြေးနဲ့ပါ ပေါင်းလိုက်တဲ့ အခါမှာတော့ ကျောင်းမှာဆိုရင် ကျွန်တော်က သူဌေးသားတွေနဲ့ တန်းတူနီးနီး သုံးနိုင်တာပဲ။ ရှစ်တန်းနှစ်အစမှာဆိုရင် ကျွန်တော် ကျောင်းကို ထမင်းချိုင့်ထုပ်မသွားတော့ဘူး။ ထမင်းချိုင့်ကြီး ထုပ်ယူသွားတာလောက် ဂိုက်ပဲ့တာဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

မရှိဘူးလို့ ရှစ်တန်းနှစ်ရောက်တဲ့အထိ ထမင်းချိုင့်တစ်ကိုင်ကိုင် လုပ်နေတဲ့ ကောင်တွေကိုလည်း နှိမ်လို့ မဆုံးဘူး။ ဒါတောင်မှ ရှစ်တန်းနှစ်အစမှာ ထမင်းချိုင့် စထုပ်တော့ ကျွန်တော် ငယ်ငယ်လေးကနေ ခုနစ်တန်းနှစ်ကုန်တဲ့အထိ မျှော်လင့် တောင့်တခဲ့တဲ့ မြင်းကျားတံဆိပ် နှစ်ဆင့်ခွဲ ထမင်းချိုင့်ကလေး အိမ်ကဝယ်ပေး ခဲ့တာနော်။ သို့သော် ဆောရီးပါ။ မထုပ်ရေးချ မထုပ်ဘူး။ ထမင်းချိုင့်ကြီး ကိုင်သွားရတော့ စတိုင်ပဲ့တယ်။

နေ့လယ်ခင်းတွေမှာ ကျောင်းမုန့်ဈေးတန်းက အသုပ်သည်အဒေါ်ကြီးရဲ့ ဆီတရွှဲရွှဲလက်ကြီးနဲ့ သုတ်ပေးတဲ့ ခေါက်ဆွဲသုတ်တစ်ပွဲ (ပဲပြားတစ်ခုပါညှပ် ထည့်ထား)၊ ချောင်းတဟွပ်ဟွပ် အဘိုးကြီးရဲ့ စဉ့်အိုးပြောင်ပြောင်ကြီးနဲ့ အသင့် ဖျော်စပ်ပြီးသား မန်ကျည်းဖျော်ရည်တခွက်၊ အဲဒါရိုးလာရင် အရောင်ဆိုးဆေးတွေ တရဲရဲနဲ့ ဘာဖျော်ရည်မှန်း မသိတာတစ်ခွက်။ ဒါဆိုရင် ဝပြီ။ မတင်းတိမ်သေး မဝသေးဘူးလား၊ အူတိအူလည်နဲ့ ကုလားအဘိုးကြီးရောင်းတဲ့ အကြော်နှစ်ဆယ် ဖိုးလောက် သွားစား။ တစ်ခါတလေ ဘိုင်ပြတ်နေချိန်ဆို အလွန်အင်မတန် ရောင်း ရလွန်းတဲ့ ကလေးတွေ ဝိုင်းနေတဲ့ အဲဒီအကြော်ဆိုင်နံဘေးချဉ်းကပ်၊ လူအုပ်ကြား ထဲကနေ လက်ချောင်းတွေ အသာလျှိုသွင်းပြီး နှိုက်လိုက်ရင် အကြော်တစ်ခုနှစ်ခု ကတော့ ခိုးစားလို့ ရနေတာပဲ။ အဲဒီကုလားအဘိုးကြီးခမျာ မြတ်ရောမြတ်ရဲ့လား လို့ ကျွန်တော်တော့ အမြဲတွေးမိတယ်။ ကိုးတန်း ဆယ်တန်း ကျောင်းသားကြီးတွေ ဆိုတာ ဆယ်ယောက်မှာ ငါးယောက်က အဲဒီလို ရောရောနှောယောင်ယောင်နဲ့ ခိုးပြီး နှိုက်စားနေကြတာချည်းပဲလေ။

ကျွန်တော်ကတော့ တစ်ကြိမ်နှစ်ကြိမ် ခိုးနှိုက်စားဖူးတယ်ဆိုပေမယ့် အဲဒီ တစ်ကြိမ်နှစ်ကြိမ်ပါပဲ။ ကျွန်တော့်မှာ ပိုက်ဆံ အမြဲရှိနေတာကိုး။ ရှစ်တန်းနှစ်မှာ အမေက ကျောင်းမုန့်ဖိုးပေးတာ တစ်ရာကျပ်။ အဲဒီတစ်ရာဆိုတာ ထမင်းချိုင့်ထုပ် မသွားရင် ဘယ်လိုမှ မလောက်ဘူး။ မလောက်ဆို ရှစ်တန်းနှစ်မှာ ကျွန်တော်က မနက်ခင်း လက်ဖက်ရည်ဆိုင် အကျအနထိုင်တတ်နေပြီ။ ခွေးခြေကလေးပေါ်မှာ ခြေကိုချိတ်ထားပြီးထိုင်၊ လက်တစ်ဖက်က စားပွဲခုံကို ထောက်ထားရင်း စီးကရက် မီးခိုးတွေကို အပေါ်ကအုပ်မိုးနေတဲ့ ကုက္ကိုပင်ကြီးဆီ မှုတ်ထုတ်ပစ်လိုက်တတ်နေ ပြီ။ လက်ဖက်ရည်က တစ်ခွက်ငါးဆယ်၊ စီးကရက်က နာမည်အစုံစုံ အပြားပြားနဲ့ တစ်နေ့တစ်ဘူး။ အဲဒီလိုအထာနဲ့ မိန်းကလေးကျောင်းထဲ ဝင်သွားတဲ့ စော်လေး တွေကို မျက်လုံးမွှေးလို့ ငေးနေ။ ဆိုင်ကို ကွမ်းလာစားနေကြ ဦးလေးကြီးတစ်ယောက်

mgyoe.com

mgyoe.com SAMPLE BOOK

ပြောသလိုပြောရရင် လောကနိဗ္ဗာန် ဒုတိယထပ်ပဲ။ ပထမထပ်သာဆိုရင် ဘယ်လိုနေရမယ် မသိဘူးဗျာ။

ဘာအတွက်ကြောင့် ဆိုင်က ပိုက်ဆံခိုးဖို့ မေ့ခဲ့တယ် စဉ်းစားလို့မရနိုင်တော့တဲ့ နေ့တွေမှာဆိုရင်တော့ နေ့လယ်ခင်းစာတွေ တူတူပုန်းကုန်ပြီပေါ့။ အူတကြုတ်ကြုတ်ဖြစ်ပြီ။ အတန်းထဲက ကိုယ်နိုင်တဲ့ကောင်တွေရဲ့ ထမင်းချိုင့်တွေဆီကနေ တစ်လုပ်တစ်လုပ်နဲ့ ဗိုက်ပြည့်အောင် လိုက်နှိုက်စားရတော့မယ်။ သို့သော်လည်း အဲဒါက တကယ့်တစ်ခါတလေပါ။ ပုံမှန်ဆိုရင် ကျွန်တော့်ခိုးကြေးက အနည်းဆုံးတစ်နေ့နှစ်ရာ သုံးရာရှိနေတော့ အေးဆေး ကလေးမွေး။ အယူရှိရင် အပေးရှိရမယ်၊ ကျွန်တော်တို့ ငယ်ငယ်က ရည်စားစာတွေမှာ စောက်ရမ်းထည့်ရေး ကိုးကားတဲ့ "သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတယ်" ဆိုတဲ့ နိယာမသဘောတရားအတိုင်း အမေ့ဆိုင်တော့ ကူထိုင်ပေးရတာပေါ့ဗျာ။

ဆိုင်ထိုင်ရတာက တကယ်တော့ ပျင်းစရာကြီးဗျာ။ နောက်ပြီး ကျွန်တော်က ဘာလို့မှန်းမသိ ဈေးရောင်းရတာ ရှက်လည်းရှက်တယ်။ ဆင်းရဲတာကို ရှက်တာနဲ့ တူပါတယ်။ ဆင်းရဲတာကို ရှက်ဆို ကျောင်းမှာဆိုရင်လည်း ကျွန်တော်တို့က ဆရာကန်တော့ပွဲကြေး၊ သောက်ရေအိုးဝယ်ဖို့၊ တံမြက်စည်းဝယ်ဖို့၊ ဖတ်စာအုပ်ဖိုး ဘာဖိုးညာဖိုး စသဖြင့်ဗျာ အတန်းပိုင်ဆရာမက တောင်းတိုင်း အမြဲနောက်ကျတယ်။ အိမ်က မပေးလို့တော့ မဟုတ်ပါဘူး။ အဲဒီလောက်ကလေးတွေတော့ အိမ်ကတတ်နိုင်ပါတယ်ဗျာ။ ကျွန်တော်က အိမ်ကိုတောင်းဖို့မေ့တာတို့၊ သုံးလိုက်မိတာတို့ အဲဒါတွေနဲ့ အပတ်မလည်တော့ ဆရာမတွေက ငြိုငြင်တယ်ဗျ။ အလကားသူတို့ဘာသာကျောင်းက ဝယ်ဖြည့်ထားမယ့်ဟာတွေ ကျွန်တော်တို့ဆီက တောင်းရသတဲ့လား။ နောက်ပြီး အဲဒီကတည်းက ကျွန်တော်က ဆရာ ဆရာမတွေ ဘာတွေဆိုမကန်တော့ချင်ဘူးဗျ။ ကိုယ့်ကို ခုံပေါ် တက် မတ်တတ်ရပ်ခိုင်း၊ ဇီးစေ့ပေါ် ဒူးထောက်ခိုင်း၊ သူတို့ဘာသာ သူတို့အိမ်မှာ ဘာဖြစ်လာမှန်းမသိ အတန်းရှေ့ထွက် ဘလတ်ဘုတ်ကပ်ထားခိုင်းပြီး ဖင်ကိုကြိမ်နဲ့ ဆော်တာဗျာ။ ဆရာမတိုင်း မဟုတ်ပေမယ့်အဲဒီလို ဆော်တဲ့ဆရာမတွေတော့ ဘယ်လိုလုပ် ကန်တော့ချင်မှာလဲဗျာ။ အဝေးကြီး။ မုန်းတောင် မုန်းသေးတယ်။ ဒါတောင် နားသယ်မွေးဆွဲလို့ အရပ်ရှည်လာတာတွေ၊ ဗိုက်ခေါက်ကြောကို လက်သည်းရှည်ကြီးနဲ့ ဆွဲလိမ်တာတွေ။ သူတို့အိမ်မှာ သူတို့သားသမီးရော အဲဒီလိုဒဏ်ပေးလား သိပ်သိချင်တာပဲ။ ကျွန်တော် မြင့်ဖူးသမျှကျောင်းဆရာ ဆရာမသားတွေတော့ ကျောင်းမှာဆိုလည်း ဖူးဖူးမှုတ်ထားကြတာဗျ။

mgyoe.com

mgyoe.com SAMPLE BOOK

အလကား ကျွန်တော်တို့ချည်း ဖိတွယ်တာ။ တချို့ ကျွန်တော့်ထက် ဆင်းရဲတဲ့ကောင်တွေဆို ပိုဆိုးသေးတယ်။ ဆရာမတွေကကို တိုရှည်သည်သားတို့၊ အကြော်သည်သားတို့ နှိမ်ခေါ်သေးတာ ဒါလား ဆရာမ၊ ဒါလား အနန္တဂိုဏ်းဝင်။ စိန်ဂေါ်လီဂိုဏ်းသာဝင်လိုက် အနန္တဂိုဏ်းတော့ မဝင်နဲ့။

ဒါကြောင့် ဆင်းရဲတာကြီး ကျွန်တော်က ရှက်တယ်။ အိမ်က စျေးရောင်းရတာကို ကျောင်းကကောင်တွေဆို မသိစေချင်ဘူး။ ကျောင်းကကောင်တွေကလည်း မသိတာ များပါတယ်။ ကျွန်တော်က ဆိုင်က ခိုးကြေးတွေနဲ့ ပေးကမ်း ကျွေးမွေးသူဌေးသားဂိုက်ဖမ်းတော့ ဒီကောင်တွေဆိုတာ ကျွန်တော်နဲ့ဆို တည့်တာများပါတယ်။ ဒါပေမယ့်လည်း အနိုင်ကျင့်ချင်တဲ့ လူကောင်ထွားတဲ့ကောင်ဆိုတာ အတန်းတိုင်းမှာ ရှိတာပဲ။ မရဘူး အနိုင်တော့ ကျင့်ခံရတာပဲ။ ကိုယ့်ဟာကိုယ် စျေးရောင်းစားတာကိုပဲ ကွမ်းယာသည်သားတို့ ဘာတို့က လာဦးမှာ။ ဒီတော့ ကျွန်တော်က ဆိုင်ကို မထိုင်ချင်တာဗျာ။ ဒါပေမယ့် မရပါဘူး။ ကျောင်းဖွင့်ရက်တွေမှာ ကူထိုင်ပေးရတာတော့ သိပ်မပြောပလောက်ပေမယ့် ကျောင်းပိတ်ရက်တွေကျတော့ ဘယ်ထိုင်ချင်ပါ့မလဲ။ ကလေးတုန်းကလည်း ကလေးမို့ ဆော့ချင်၊ လူပျိုဖြစ်ခါစကျတော့လည်း လူပျိုဖြစ်ခါစမို့ ဖွန်ကြောင်ချင်တာပေါ့။ အချိန်အားလေးလိုတယ်လေ။ ဒါပေမယ့် ကျောင်းပိတ်ရက်ဆို မနက်ခင်း ဆိုင်သွားဖွင့်လည်း ကျွန်တော်၊ အဲဒီကနေ နေ့လယ်ခင်း ထမင်းစားချိန်အထိ ထိုင်ရတယ်။ စျေးဝယ်စရာရှိတဲ့နေ့တွေဆို ကိုးနာရီလောက်မှ အမေက ရောက်လာ။ ကျွန်တော်က စျေးစာရင်းတွေလုပ် ပြီးတော့ ကျွန်တော်ပဲ သွားဝယ်ရတာ။ စျေးဆိုင် ကူထိုင်ပေးရတာလောက် စိတ်ပျက်စရာကောင်းတာ မရှိဘူးဗျာ။ ပိုက်ဆံမခိုးရရင်တောင် နေပါစေ။ ငရဲအိုးမှာသာ ချိုးကပ်လိုက်ချင်တယ် ဆိုင်မထိုင်ချင်ဘူး။

ကျောင်းပိတ်ရက်တွေမှာ နေ့လယ်ဘက် ထမင်းစားချိန်ကျတော့ အမေက ခဏလာထိုင်ပေး၊ ကျွန်တော်က ထမင်းပြန်စား။ နှစ်နာရီလောက်နေတော့ တစ်ခါ ပြန်ထိုင်။ ညနေ လေးငါးနာရီမှ အမေက ပြန်လာထိုင်တော့တာ။ အချိန်အပြောင်းအလဲ အနည်းငယ်တော့ ရှိတာပေါ့။ ဒါပေမယ့် များသောအားဖြင့်တော့ ညနေပိုင်းဆိုရင် ကျွန်တော် ထိုင်ရတာများတယ်။ ဒါကြောင့် ညနေဘောလုံးကန်ချိန်ဆိုရင် ဆယ်ဂိုး ရှစ်ဂိုးတို့ ဘာတို့ရောက်မှ ကျွန်တော်က ရောက်တယ်။ ကန်ပြီး သိပ်မကြာဘူး မှောင်ပြီ။ ကန်လို့ကို မဝဘူး။ ဒုတိယပိုင်းမှ လူစားဝင်ကစားရသလို ဖြစ်ဖြစ်နေတာကိုး။ အဲဒါ ညရှစ်ခွဲ ကိုးနာရီလောက်ကျပြန်တော့လည်း

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ကူသိမ်းဖို့ သွားရသေးတာပဲ။ အဲဒီတော့ တန်အောင်တော့ ပိုက်ဆံခိုးရတာပေါ့ဗျာ။

အိမ်ကပိုက်ဆံခိုးတဲ့နေရာမှာ ရွယ်တူချင်းတွေထဲမှာတော့ ကျွန်တော်က ကြမ်းတယ်။ ဆရာကျတယ် ဆိုရမယ်။ ဆိုင်ရဲ့ ပိုက်ဆံသေတ္တာအသေးလေးကနေ ခိုးထားတဲ့ ပိုက်ဆံဆိုတာလည်း ဘယ်တော့မှ မလောက်လို့ အမေအိမ်မှာ စုဆောင်းသိမ်းထားလေ့ရှိတဲ့ သံသေတ္တာကြီးထဲကနေ ခိုးရတယ်။ တစ်ခါတလေ ဘုရားစင်ကနေ ခိုးရတယ်။ ဘုရားကိုတော့ စွန့်ပါဘုရား ဘာညာ လက်အုပ်ချီပြီး လျှောက်တင်ရတာပေါ့။

အိမ်တွင်းကိုယ်တော်ကြီးလို့ခေါ်တဲ့ ပန်းပဲမောင်တင့်တယ် ဆီကနေလည်း ခိုးရတာပဲ။ ငါးကျပ်တန် ဆယ်တန်တွေကို ကတော့ပုံစံထိုးပြီး လိပ်ထားတာတွေပေါ့။ ပိုက်ဆံကြေး ဂေါ်လီရိုက်၊ ထွေပစ်၊ ဒိုးဆက်ချနေတုန်း ရှုံးလွန်းလို့ ရုတ်တရက် ပိုက်ဆံကုန်သွားတာမျိုးဆိုလို့ကတော့ အိမ်တွင်းကိုယ်တော်ကြီး အားကိုးရတာပဲ။ ဆော့လက်စတန်းလန်းတွေများတော့ "စွန့်ပါ ကိုယ်တော်" တွေ ဘာတွေ မလုပ်နိုင်ဘူးလေ။ သူ့ကျ အမေတို့က ဘုရားထက်တောင် ပိုအရေးလုပ်ပြီး သည်းပြနေလို့ ကျွန်တော်ကလည်း သိပ်မလေးစားဘူး။ မလေးစားဆို ညနေဘက် မီးဖွင့်ပြီးလားဆိုရင် "ဟဲ့...အိမ်တွင်းလိုက်ကာ ပိတ်ဦးလေ နင်တို့နဲ့ခက်တာပဲ" လို့ အငေါက်ခံရ၊ ထိပ်ခေါက်ခံရတာ မနည်းဘူးလေ။ သူသေရတဲ့၊ နတ်ဖြစ်ရတဲ့ ဇာတ်လမ်းကိုလည်း မသိလေတော့ ဒီမောင်နှမတွေက ဘာလို့ မီးလုံးကလေး မီးရောင်ကလေးတောင် ကြောက်ရတာလဲလို့ အောက်မေ့ပြီး တစ်ခါတော့ အိမ်မှာဘယ်သူမှ မရှိတုန်း ဖယောင်းတိုင်ကြီး ထွန်းပြီး "ဒီမှာ မင်းတို့ကြောက်တဲ့မီး ဒီမှာလေ" လို့ သွားငေါ်တာ လိုက်ကာစ အနီရောင်ကြီး မီးစွဲသွားလို့ စပယ်ရှယ် ဆော်ပလော် တီးခံရဖူးတယ်။ ခြေသလုံးမှာ၊ ဖင်မှာဆိုတာ အရှိုးရာတွေချည်းပဲ သုံးလေးရက် ကောင်းကောင်းတောင် မထိုင်နိုင်ဘူး ရေလည်ဗျင်းခံရတာဗျာ။

ကျွန်တော့်သူငယ်ချင်းတွေဆိုရင်လည်း "မင်းကို နတ်ကိုင်လိမ့်မယ် ကြည့်နေ" လို့ အမြဲ ယုံယုံကြည်ကြည်နဲ့ ကြောက်လန့်တကြား ပြောလေ့ရှိတယ်။ ကျွန်တော်ကတော့ မကြောက်ပါဘူး။ နတ်က မကိုင်ဘူး။ ကိုင်တာက အဖေနဲ့ အမေချည်းပဲ။ သူတို့ အဲဒီလိုပြောရင် ဂုဏ်တောင် ယူသေးတယ်။ မင်းတို့ကြောက်တဲ့ဟာတွေ ငါမကြောက်ဘူးကွ ဆိုတဲ့သဘောပေါ့။ ဒီကောင်တွေ အဲဒီလိုပြောတိုင်း လူကြီးတွေ ရယ်သလို "ဟား...ဟား..,ဟား...ဟား" ကို လှိုက်သံထွက်အောင်

mgyoe.com

mgyoe.com SAMPLE BOOK

ရယ်ပစ်လိုက်တယ်။

"မင်းတို့ကတော့ အကုန်လုံးကို ကြောက်နေတဲ့ စကြောက်တွေပါကွာ" လို့ ပြောပြောပြီး ဟားတာပေါ့။

အမေ့က ကျွန်တော့်ကို ဆိုင်ထိုင်းခိုင်းတယ်ဆိုတာက တခြားခိုင်းစရာလူ မရှိလို့ ခိုင်းတာအပြင် ကျွန်တော် ဆိုင်ထိုင်ရင် ပိုရောင်းရလို့ ဆိုတာလည်း ပါသေးတယ်။ ကလေးဆိုတော့ လုပ်ချင်အောင် မြှောက်ပေးတာလည်း ပါမှာပေါ့ဗျာ ကျွန်တော်က ဖွေ့နှစ်လုံးလေ။ လက်နှီးစုတ်တောင် ရေနံ့ကျီးသုတ်လို့ ရသေးတယ်လို့ ရောင်းထွက်အောင် ပြောတတ်သတဲ့။ ဘယ်သိနိုင်မလဲလေ။ ဆိုင်ကလည်း ပစ္စည်းပစ္စယအစုံ စတိုးဆိုင်အသေးစားလေး ဆိုပေမယ့် အဓိက ရောင်းကုန်ကတော့ ကွမ်းယာပါပဲ။ ကွမ်းယာဆိုတာမျိုးကလည်း ဒီထုံး၊ ဒီဆေး၊ ဒီကွမ်းသီး၊ ဒီကွမ်းရွက်ကို လိပ်ထည့်ပေးတာချင်း အတူတူ လက်ပေါက်တယ်ဆိုတာမျိုးက ရှိသေးတယ်ဗျ။ ကျွန်တော့်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ကို ဆိုင်လာစားတဲ့ ကွမ်းသမား ဦးလေးကြီး၊ အစ်ကိုကြီးတွေ တော်တော်များများက ကျွန်တော်ယာမှ ကွမ်းက အရသာရှိသတဲ့။ အစပ်အဟပ်တည့်သတဲ့။ ဒီတော့လည်း ရှောင်လွှဲလို့မရ။

ကျွန်တော်ဖြင့် ငါးတန်းလောက်ကစပြီး ကိုးတန်း၊ ဆယ်တန်းလောက်အထိကတော့ ကွမ်းရွက်တွေကို ထုံးသုတ်ရင်းနဲ့ပဲ ကုန်ခဲ့ရတယ်။ လူကြီးမြန်မြန်ဖြစ်ချင်စိတ်ကလည်း အဲဒီလို မလုပ်ချင်တာကြီး လုပ်နေရတာရဲ့ တွန်းအားကြောင့်လည်း ပါမယ်ထင်တယ်။ ကြီးရင်တော့ ကိုယ့်အလုပ်ကိုယ်လုပ်မယ် ဆိုင်တော့ ထိုင်ရမှာ မဟုတ်တော့ဘူးလို့ တွေးတာပေါ့။ ဒါပေမယ့်လည်း ဈေးရောင်းရတာ သူ့နည်းသူ့ဟန်နဲ့ ကျေနပ်စရာတွေလည်း ရှိပါတယ်။ ကျွန်တော် အမြဲစောင့်ကြည့်လေ့လာနေတဲ့ အစ်ကိုကြီးတစ်အုပ်စုကလည်း ကျွန်တော်တို့ဆိုင်ရှေ့က သစ်သားတန်းလျားလေးမှာ အချိန်လာဖြုန်းလေ့ ရှိတာကိုး။ နောက်ပြီး ကျွန်တော်တို့ဆိုင်ရဲ့ အနောက်ဘက်ဝင်းအတွင်းထဲက ဇာဒ်ပင်အောက်မှာ နေ့လယ်ခင်းတွေဆို ဇယ်တောက်ခုံတစ်ခုံကလည်း ရှိနေတော့ အားအားယားယားဖြစ်နေတဲ့ အစ်ကိုကြီးတွေ၊ ဦးလေးကြီးတွေစသဖြင့် လူပေါင်းစုံရဲ့ ဆဲနည်းပေါင်းစုံကလည်း ကျူရှင်ကလေးတစ်ခု တက်နေရသလိုပါပဲ။

ဒါပေမယ့် ကျွန်တော်တို့ ဆိုင်ရှေ့တန်းလျားမှာ ကွမ်းလာဝယ်ရင်း လာထိုင်ကြတဲ့ အစ်ကိုကြီးတွေ အများစုကတော့ ဝင်းအတွင်းထဲက ဘောလုံးကွင်းနံဘေး အုတ်ခုံစိမ်းမြမြမှာ ထိုင်ကြတဲ့ အစ်ကိုကြီးတွေနဲ့ လိုင်းမတူကြဘူးလို့ ဆိုရမယ်။

mgyoe.com